


လုံးချင်းဝတ္ထုသစ်

# ဆုလေးနှယ်

## လှပသောမနက်ဖြန်တစ်ခု

ပန်းချီ သိန်းရွှေကြည် 2008

စာမူခွင့်ပြုချက် ・・・・・・・ ၅၀၀၉၇၇၀၆၀၇
မျက်နှာဖုံးခွင့်ပြုချက် ・・・・ ၅၀၁၁ ၂၅၀၇၀၇

**ထုတ်ဝေခြင်း**
ပထမအကြိမ်
**၂၀၀၇ ဒီဇင်ဘာလ**

**အုပ်ရေ**
၁၀၀၀-အုပ်

**တန်ဖိုး**
သုံးဆယ်ကျပ်တိတိ

**မျက်နှာဖုံးပန်းချီ**
သိန်းရွှေကြည်

**စီစဉ်သူ**
ဒေါ်ဌေးဌေးမော်

**ထုတ်ဝေသူ**
ဒေါ်ဌေးဌေးမော်၊ ဉာဏ်ဝင်းစာပေတိုက် (၆၉၂)
အမှတ် ၇(က)၊ သုခဝတီလမ်း
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**
ဒေါ်ခင်နွဲ့ (၀၆၅၆၇)
နွေမိုးဆောင်းပုံနှိပ်တိုက်
အမှတ် (၈၇)၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး
ဈေးကြီးအရှေ့ရပ်ကွက်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးရိုက်**
ဦးမြသိန်း သိန်းမြင့်ဝင်း ပုံနှိပ်တိုက် (၀၁၄၂၇)
အမှတ် (၉၆) ၁၁ လမ်း၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ဆုလေးနွယ်ပေါ်

# လှပသောမနက်ဖြန်တစ်ခု

နို့နှစ်ရောင် တောင်းအော့စ် အလုံမှန်လုံကားလေး အတွင်းမှာ အဲကွန်းရဲ့ အအေးဓာတ်က စိမ့်ပျံ့လွှမ်းခြုံထားသဖြင့် ပန်းလိုမွှေးက သဘောကျမိသည်။

မနေ့ကမှ ဝယ်လိုက်သော ကားသစ်လေးမို့ တောက်ပသားနားနေသည်မဟုတ်လား။ ကူရှင်လေးတွေကလည်း နို့နှစ်ရောင်ရင့်ရင့်လေးတွေ၊ ကြိုးစနှင့် စည်းနှောင်ထားတဲ့ ပြတင်းလိုက်ကာလေးတွေဟာလည်း ဇာအထူ နို့နှစ်ဆန်ဆန်မို့ အရောင်ကလည်း ပန်းလိုမွှေး ခရေဇီဖြစ်တဲ့ အရောင်လို့ပဲ ပြောရမည်။

ဒီကားအတွက် ဒရိုက်ဘာ မခန့်ရခင်ရက်ကလေး အတွင်းမှာ ပန်းလိုက ကိုယ်တိုင်မောင်းပြီး ထွက်လာတာပါ။

ဒက်ရှ်ဘုတ်ပေါ်က ရေဘင်မျက်မှန်ဘူးထဲကနေ မျက်မှန်နက်ပြာလေးကို ထုတ်တပ်လိုက်သည်။

စူးရှနေသော ကဗ္ဗာရာလမ်းက ကြည်လင်ပြာလဲ့ပြီး အေးချမ်းသွား၏။ နေပူကျဲထဲမှာ နေကာမျက်မှန်တစ်လက်က အတော် လိုအပ်တာပဲ။

တကယ်တော့ ဒီအဖိုးတန် ရေဘာင်မျက်မှန်လေးက ပန်းလိုမွှေး လက်ဆောင်ရထားတာ။ ဖိုင်ဘာမှန်သားက အလွန် ကောင်းသည်။ ရှေ့တူရူမှာ နေပူနေတာကို လသာနေသလား တောင် ထင်မှတ်မှားရသည်။

ပန်းလိုမွှေးရဲ့ နှုတ်ခမ်းလေးက ပြုံးတော့မရောင် အာအာလေး ဖြစ်သည်။ ပြီးတော့ ရွှန်းစိုတဲ့နှုတ်ခမ်းနီအရည် (Lip Gloss) ပန်းစတော်ဘယ်ရီရောင် ဖျော့ဖျော့လေးကို တင်ထား သဖြင့် နှုတ်ခမ်းလေးက ဖူးကြွနေသည်။

အသားအရေကတော့ ဖြူဆွတ်ဆွတ်မဟုတ်။ ညိုတိုတို လည်း မဟုတ်။ ဝါနှစ်နှစ် ဝင်းဖန့်ဖန့်လေးဟု ဆိုရမည်။ အသား အရေ စိုပြေလှပ ထင်ရှားသည်။ အရေပြားပေါ်မှာ အလင်းစာတ် လေးတစ်မျိုး ဖြာကျပြီး ကြည်လင်ဝင်းစိုတောက်ပနေတာမျိုး ဖြစ် သည်။

လိုးရှင်းလား. . . စွဲစွဲလန်းလန်း နှစ်သက်တာမျိုး မရှိပါ ဘူး။ ထုံးစံအတိုင်း လက်ဆောင်ရရင်တော့ လိမ်းလိုက်တာပေါ့။ တကူးတက လိုးရှင်း ဝယ်လူးတာတော့ မရှိပါဘူး။ အသားက





သူ့ဘာသာ စိုနေတာ။ လိုးရှင်းလိမ်းဖို့ ဝါသနာ မပါပေမယ့် အသီး အရွက်နှင့် သစ်သီးမျိုးစုံ စားရတာတော့ သူမက ကြိုက်၏။

မနက်မိုးလင်းရင် သစ်သီးဖျော်ရည်လေး အမြဲသောက် တတ်သည်။

ကျန်းမာရေး ကောင်းမွန်တာတော့ ပုံလေးကို ကြည့်ရင် သိသာနေပါသည်။ ပုံလေးက ကျစ်လစ်စိုပြေပြီး လူက အမြဲ တက်ကြွ လန်းဆန်း သွက်လက်နေတတ်သည်။

အခုလည်း ကားသစ်လေးကို ကြော့ကြော့မတ်မတ် စတိုလ်နှင့် မောင်းလာနေသည်။

ဆံနွယ်လေးတွေက ညိုညိုစင်စင်း ဝဲဝဲလေး။ ဒါပေမယ့် ပန်းလိုမွှေးက ဒီလို အဖြောင့်စတိုင်လ်ကို သိပ်မကြိုက်တော့။ အခွေအလိပ် ခပ်ပြေပြေလေး၊ ဖွာရရာလေး ကောက်ချင်နေပြီ။ မျက်မှန်တပ်လိုက်တဲ့အခါ ဆံပင်ကောက်ကလေး ဝဲဖြာကျနေရင် ပိုသားနား အဆင့်မြင့်သလား ထင်မိလို့ပါ။ တကယ်တမ်း ပန်းလို မွှေးနဲ့ ဆံပင်ခွေကောက်ကောက်နဲ့ လိုက်ဖက်မလား မသေချာ။

သူမရဲ့ရှေ့မှာမြင်နေရတဲ့တစ်ယောက်ကတော့ အဲဒီလို ဆံပင်ကောက်လေးနှင့် အရမ်း စတိုင်လ်ကျနေတာ အားကျမိ သည်။ ဒါပေမယ့် သူနဲ့လိုက်ပေမယ့် ပန်းလိုနဲ့ လိုက် မလိုက် မသိနိုင်သေး။

ပန်းလိုမွှေးသည် သူမသွားရမည့် စူပါမားကတ်တစ်ခုဆီသို့ ကားကို ဦးတည်ကာ ဖြေးဖြေးမှန်မှန်ပဲ မောင်းလာသည်။ ကားမောင်းကြမ်းတာ သူမ မကြိုက်။ ငြိမ့်ငြိမ့်ညောင်းညောင်းလေးပဲ မောင်းချင်သည်။

ဒီတောင်းအေ့စ် ကုမ္ပဏီရဲ့ စတစ်ကာတံဆိပ်တွေ မကပ်ရသေးတော့ အဆင်ပြေသည်။ နောက်ရက်တွေကျ စတစ်ကာသွားကပ်တော့မှာ။ အဲဒီကျရင် အခုလို သာမန်ကားတစ်စီးမဟုတ်တော့ဘဲ ကုမ္ပဏီပိုင်ကား ဖြစ်သွားပြီလေ။

ပန်းလိုမွှေးလည်း မောင်းရတော့မှာမဟုတ်။ သူ့ဒရိုင်ဘာနှင့်သူ ဖြစ်တော့မှာ။

ထိုအချိန်မှာပင် မီးပွိုင့်ဧရိယာ မရောက်တရောက်မှာ Cileca ကား အနီရဲလေးတစ်စီးဟာ အိတ်ဇောမှ ဝူးဝူးနှင့် အသံကျယ်ကျယ်ထွက်ပေါ်ကာ အလျင်စလိုနှင့် ရှေ့က ကားတွေကို အတင်းဖြတ်ကျော်တက်လာပါသည်။

သူ့ကိုယ်သူ ကွန်ပျူတာထဲက ပြိုင်ကားပဲ မောင်းနေသလိုလိုဟန်မျိုးဖြင့် ရှိသမျှ ကားတို့ကို မြွေလိမ်မြွေကောက် လှုံလှုံပပ ကျော်တက် မောင်းနှင်လာပါသည်။

ကားတွေချင်းအတူတူ သူက တမူထူးကဲပြီး ပညာပြချင်တဲ့ကားဆိုတာ ပန်းလိုမွှေး ရိပ်မိသွားသည်။





ထို့ကြောင့် အဲဒီကားကို အကျော်မပေး၊ အရှုံးမပေးဖို့ ဆုံးဖြတ်လိုက်သည်။

ပန်းလိုမွှေးရဲ့ကားကိုတော့ သူ လူလည်ကျပြီး ကျော်တက်ဖို့ မစဉ်းစားနှင့်။ ရှေ့ကနေ လုံးဝ လမ်းပိတ်ထားလိုက်မှာ။

သူမက နှုတ်ခမ်းလေးတစ်ချက် ချွန်ရင်း ဘက်ခ်ကြည့်မှန်ထဲက ကြည့်သည်။

ကားအနီရဲလေးထဲက လူဟာ ကားလိုပဲ လူကလည်း ခပ်ဖြောင့်ဖြောင့်နှင့် လူငယ်စတိုင်လ်ပါပဲ။

တဖြေးဖြေးနှင့် သူမကားနံဘေး ဘေးချင်းယှဉ်ဝင်ရောက်လာပါသည်။

ရှေ့ကားတွေတုန်းက အလွယ်တကူ လှစ်ခနဲ လှစ်ခနဲ ကျော်တက်ခွင့်ရလာပြီး ဒီကားကျမှ လှုပ်စိစိနှင့် နေရာမဖယ်ပေး။

သူက မီးပွိုင့်မရောက်ခင် ဒီလမ်းကြောထဲ ပြန်ဝင်ကိုဝင်ရမှာမို့ တောင်းအေ့စ်ကို တစ်စီးဝင်မယ်ဟု လက်ပြ ခွင့်တောင်းလိုက်ပါသည်။

ဒါပေမယ့် သူ လက်ပြတာကို မြင်လျက်သားနှင့် မမြင်ချင်ယောင်ဆောင်ကာ ရှေ့ကို တစ်စီးဝင်ခွင့်မပေးဘဲ သူမရှေ့ကကားနှင့် တစ်ပေလောက် အကွာက ပုံသေကပ်လိုက်ထားသည်။

ဟ. . ဘာလဲကွဟု အဂ္ဂ နည်းနည်း စိတ်တိုသွားရသည်။

ဒီဖက်ယာဉ်ကြောထဲ ဝင်လို့မရဘဲ ရှေ့ဆက်သွားရင် မီးပွိုင့်ကျ ဘယ်ချိုးကွေ့ရတော့မှာ။ မဖြစ်။

မြန်ချင်လို့ ကျော်တက်ပြီး ဝိုက်လာကာမှ သွားလိုရာ မရောက်ဘဲ ဘယ်ဖက်ခြမ်းကွေ့ရမယ်ဆိုရင်တော့ မဟုတ်သေး။

တောင်းအေ့စ် မောင်းနေတာက မိန်းကလေး။ ဒီတော့ ပိုအသည်းယားမိသည်။ မိန်းကလေးဖြစ်ပြီး သူ လမ်းတောင်းတာကို မပေး။ မျက်နှာထားကလည်း ခပ်တင်းတင်း။

စပို့ရှပ်လက်ရှည်အနက်ရောင်နှင့် နေကာမျက်မှန်တပ်ထားပုံက မင်းသမီးလေးတစ်ယောက်လို တောက်ပဝံ့ကြွား စတိုင်လ်ကျလှသည်။ ဒါပေမယ့် ချစ်စရာပုံစံလေးနဲ့မှ မလိုက်အောင် ခက်ထန်နေတဲ့ သူဌေးမလေးတစ်ယောက်ပဲဖြစ်မယ်။

သူမ စောင်းငဲ့အကြည့်မှာ အဂ္ဂက ကျော်ခွင့်ပေးဖို့ အမူအယာနှင့် တောင်းဆိုသည်။ သူမက နှုတ်ခမ်းလေးတစ်ချက် မဲ့ပြသည်။

မပေးနိုင်ဘူးဆိုတဲ့သဘော။

"ကျွတ်. . . ဘာလဲကွာ"

သူ အသံထွက်ရေရွတ်မိ၏။

"ရင့်လှချည်လား"

ပန်းလိုမွှေးက ထိုလူ စိတ်တိုသွားတာ သိသည်။





သူများထက် နှာတဖျားသာချင်ဖို့ပဲ တွေးတဲ့သူ။ ပန်းလိုမွှေးကို ဒီလိုအချိုး လာချိုးလို့တော့ ဘယ်ရမလဲ။ သူ တစ်စီးစာ ကပ်သီးကပ်သပ်ဝင်ချင်ရင် နောက်ကားဆီက တောင်းချင်တောင်းပေါ့။ ပန်းလိုကတော့ ကိုယ့်ရှေ့ကနေ သူ့ကား ဝင်တန်းစီခွင့် မပေးနိုင်။

လူလည်ကျတာ ကြားဖြတ်တာကို မုန်းလွန်းလို့။

သူပဲ တော်တော်အရေးကြီးနေသလား။

ပုံစံကကြည့်ဦး။

ဆံပင်တွေ မိုးပေါ်ထောင်ထားတဲ့ စတိုင်လ်နဲ့ နားကပ်ခပ်ကြီးကြီး တစ်ပွင့်လည်း ပန်ထားသေးတာ။ တီရှပ်အနက်ပေါ်က ဂျာကင်ပါးပါး အဖြူရောင်ကို ဇစ်ဖွင့်ပြီး ဝတ်ထားသည်။ ဘောင်းဘီက ဂျင်းရေညှိစိမ်းလိုလို။

လူပုံကတော့လူချမ်းသာပုံပါ။ သားနား ကြော့မတ်နေသည်။ ဒါပေမယ့် စိတ်ဓာတ်ကိုတော့ မြင်တာနှင့် မကြိုက်။

"တောက်"

အဂ္ဂက တောက်တစ်ချက်ခတ်ရင်း သူမကားနောက်ကပဲ ဝင်လိုက်ဖို့ ကြိုးစားရပါတော့သည်။ ဘယ်ချိုးရမှာထက်စာလျှင်တော့ ကိုယ်ဝင်လိုတဲ့ ယဉ်ကြောကိုဝင်ဖို့က ပိုအရေးကြီးတယ် မဟုတ်လား။

သူ့ကို တမင်ညစ်တဲ့ ဒီတောင်းအေ့စ်ကိုတော့ မှတ်မိသွားရပြီ။

ကားမောင်းသူမိန်းကလေးရဲ့ မေးစေ့ချွန်ချွန်လေး၊ ပါးမို့မို့လေးနှင့် ဆန်းပြား ကြည့်ကောင်းသော ပုံပန်းသဏ္ဌာန်ကိုလည်း သူ့အာရုံထဲ စွဲသွားရသည်။

နေနှင့်ဦးပေါ့ကွာ။

မင်းနဲ့ တွေ့ဦးမှာပေါ့။

ချောချောလှလှ ထိုကောင်မလေးကို အလျှော့ပေးလိုက်ရတာ အဂ္ဂစိတ်ထဲ ခိုးလုခုလုနှင့် နေလို့မကောင်း။

ရှေ့လျှောက်လည်း သူ ကျော်တက်ဖို့ ကြိုးစားသေးသည်။ သို့သော် လုံးဝမရ။

ကောင်မလေးက ပါးပါးနပ်နပ်နှင့် ကားမောင်းကျွမ်းကျင်တာကိုတော့ စိတ်ထဲက ကြိတ်ပြီး ချီးမွမ်းရသည်။

နောက်မီးပွိုင့်တစ်ခုမှာတော့ ထိုကောင်မလေးက မောင်းသွားခွင့်ရကာ သူ့ရှေ့ မြင်ကွင်းမှ တောင်းအေ့စ်ကားလေး ပျောက်ကွယ်သွားပါတော့သည်။



ဗဟန်းမြို့နယ်ထဲက ဟိုတယ်ဆိုင်းဘုတ်ရှိရာ လမ်းကလေးထဲ အဂ္ဂက ကားကို ချိုးကွေ့ချလိုက်သည်။

ဟိုတယ်ဝင်းတံခါးမှ ချိုးဝင်လိုက်ရာ ဝေမိုးက ကားစတန်းမှာ အသင့်ရပ်စောင့်နေပါသည်။

သူ ကားရပ်လိုက်လျှင် လက်မှနာရီကို တစ်ချက်ကြည့်ကာ ဝေမိုးက. . .

"ကြာလိုက်တာကွာ"

"ဟ. . . ဒါ အမြန်ဆုံးမောင်းလာတာပဲ"

"နာရီဝက်လောက်ရှိပြီ၊ ရပ်စောင့်နေတာ"

"မင်းကို ဘယ်သူ ထွက်ရပ်ခိုင်းလဲ၊ အခန်းထဲမှာပဲနေပေါ့"

"ပျင်းတယ်ကွ. . . မင်းပဲ အခုပဲ ထွက်လာပြီဆို"

"ဟာ. . . မင်းအိမ်ကို လမ်းလျှောက်သွားပြီး ကားသွားယူရသေးတယ်လေ၊ လမ်းမှာ ဒီအချိန် ကားတွေက ဂျမ့်ဖြစ်နေတာ၊ လမ်းမှာတောင် တောင်းအေ့စ်တစ်စီးနဲ့ ငြိမလို့"

"ဟာ. . . ငါ့ကားလေးတော့ ပစ်စလက်ခတ်မလုပ်နဲ့လေကွာ"

"အရေးထဲ ကားပဲ ဥစ္စာခြောက်နေတယ်၊ ငါပြောတာက ကားချင်းငြိတာပြောတာ မဟုတ်ဘူး၊ ကားထဲက မဒီလေးနဲ့"

"လမ်းမှာ အီလာပြန်ပြီပေါ့၊ မင်းဆိုတဲ့ကောင်ကတော့ ကြောင်စရာမတွေ့လိုက်နဲ့၊ တွေ့လိုက်တာနဲ့ ကြောင်ပါပြီ"

"ကောင်မလေးက ချမ်းတယ်ထင်တယ်"

"အနွေးထည်ထူထူနဲ့ပေါ့"

"မင်းဘကြီး အနွေးထည်ပါလား၊ ဘော့စ်ပုံစံလေး၊ အရမ်းမိုက်တယ်"

"လာပြန်ပြီ"

ဒီကောင်အဂ္ဂက တော်တော်လောဘကြီးသည်။ မိန်းကလေးဆိုရင် ငယ်ရွယ်လှရုံနှင့် မပြီး။ ဘော့စ်ကျကျမှ သူ ကြိုက်ချင်တာ။ ကိုယ်ပိုင်ကားနှင့် သားသားနားနားမှ မျက်စိထဲ တွေ့တတ်တဲ့ကောင်။

"ကဲ. . . မင်း ကားပေါ် တက်မှာလား. . . တက်"





"နေဦးကွ. . . စီးကရက်ဗူး ကျန်ခဲ့တယ်၊ သွားယူလိုက်ဦးမယ်"

ဝေမိုးက သူ့ရဲ့ ငါးသုံးလုံးစီးကရက်ဗူးကို လက်ထဲက အပျောက်ခံတဲ့သူမဟုတ်။ အမြဲတမ်း စီးကရက်လေးဖွာနေရမှ နေပျော်တဲ့ကောင်။

ပြီးရင် ကလပ်သွားမည်။ သီချင်းဆိုမယ်။

မနေ့ကလည်း ညအပြန် နောက်ကျတယ်ဆိုပြီး သူ့အိမ်ကို မသွားဘဲ ဒီဟိုတယ်မှာ ဝင်အိပ်လိုက်တာ။

ဝေမိုးအဖေက အရာရှိကြီးတစ်ယောက်ဖြစ်ပြီး စည်းကမ်းလည်း ကြီးသည်ဖြစ်ရာ ဝေမိုးတစ်ယောက် အိမ်ပြန်ညဉ့်နက်လို့ မရပါ။

ညဉ့်နက်ပြီဆိုရင် ဝေမိုး အိမ်မပြန်ရဲတော့။ သူ့ဒက်ဒီဆူမှာကြောက်ပြီး သူငယ်ချင်းအစ်ကိုပိုင်သော ဟိုတယ်မှာ အိပ်လိုက်တတ်သည်။

မနက်ကျမှ ဖုန်းဆက်ပြီး ကားမှာတာကြောင့် အဂ္ဂက ကားမောင်းပြီး လာပို့ရတာ။ အဂ္ဂက သူများကားဆို သိပ်မမောင်းချင်ပေမယ့် ဝေမိုးပိုင်ကားဆိုရင်တော့ တရင်းတနှီး ယူသုံးတတ်သည်။ သူတို့ ဘော်ဒါအချင်းချင်းကြားမှာ အားနာစရာမလိုဘူးလေ။

အဂ္ဂ သွားစရာ အခမ်းအနား ပွဲလမ်းရှိပြီဆိုရင် ဝေမိုး ကားကိုပဲ စွဲသုံးရတာ။

ဝေမိုးက စီးကရက်ဗူးသွားယူပြီး ကားဆီ ပြန်လျှောက် လာ၏။ ထို့နောက် ကားရှေ့ခန်း အဂ္ဂနံဘေးမှာ ဝင်ထိုင်လိုက် သည်။

"မင်း မမောင်းဘူးလား ဝေမိုး"

"မောင်းမှာ မောင်းစမ်းကွာ"

အဂ္ဂပဲ စက်နှိုးမောင်းထွက်ရသည်။

"ဘယ်သွားမှာလဲ"

ဝေမိုးက စီးကရက် ရှိုက်ဖွာနေသည်။ ချက်ချင်း မဖြေ။ အဂ္ဂက ဟိုတယ်ဝင်းထဲမှ ထွက်ကာ လမ်းကလေးအတိုင်း လမ်းမကြီးပေါ် သို့ ထွက်လာပါသည်။

"လက်ဖက်ရည်ပေါ့ကွ ကောင်းကောင်းသောက်ချင် တယ်ကွာ၊ မော်ဒန်ကို အရင်ဝင်"

ဝေမိုးစကားကြောင့် မော်ဒန်လက်ဖက်ရည်ဆိုင်ဆီ ဦး တည်လိုက်သည်။

ဝေမိုးက မျက်ခုံးကို ရှုံ့ထားရင်း. . .

"ခေါင်းတွေလည်း ကိုက်နေတယ်ကွာ၊ ဒီကပြန်ရင် ကိုးမိုင်ခြံကို ခဏသွားရဦးမယ်၊ မင်း လိုက်ခဲ့မလား"





"မလိုက်တော့ဘူး၊ ညနေ ချိန်းထားတဲ့ကိစ္စလေးတွေ ရှိသေးတယ်"

"ပြီးရောလေ. . . ဒါဆို အပြန် မင်းကို လိုက်ပို့လိုက်မှာ ပေါ့"

ကားရပ်ပြီး မော်ဒန်ဆိုင်ထဲရောက်တဲ့အထိ သူတို့ စကား စ မပြတ်ဘဲ ရောက်တတ်ရာရာတွေ ပြောနေမိကြသည်။

"ဆန်းဒေးကျရင် လာခဲ့ကွာ၊ ဘိလိယက်သွားမထိုးရတာ ကြာပြီ"

"အေး. . . ကောင်းတယ်၊ အိုကေ. . . လာခဲ့မယ်"

ဝေမိုးနှင့် အဂ္ဂတို့က တစ်ရပ်ကွက်ထဲနေကြတာချင်း တော့ တူပါသည်။ ဒါပေမယ့် ဝေမိုးတို့ တိုက်နှင့်ခြံက လမ်းမတန်း မှာ၊ အဂ္ဂတို့က လမ်းအတွင်းထဲထိ အတော်ဝင်ရသည်။

သူဌေးရပ်ကွက်ဆိုပေမဲ့ သူတို့က ချောင်ကျကျမှာ မြေကွက်ကျဉ်းကျဉ်းနဲ့ သာမန်ပျဉ်ထောင်သွပ်မိုးအိမ်လေးနှင့် နေရတာဖြစ်သည်။

ကျောင်းတက်ကတည်းက ခင်လို့သာ ဝေမိုးလို သူဌေးသားနှင့် တွဲဖြစ်ပြီး သွားဖြစ်လာဖြစ်တာ။

နှစ်ယောက်သား လွတ်လွတ်လပ်လပ်နှင့် စိတ်တူကိုယ်တူ ဝါသနာတူမို့ ပေါင်းမိကြတယ်ပဲပြောရမှာပါ . . .။

နှစ်ယောက်စလုံးက ဂစ်တာတီးတာ၊ သီချင်းဆိုရတာကို စိတ်ဝင်စားသည် မဟုတ်လား။

အပျော်တမ်းတေးဂီတ Bomd လေးတစ်ခု ဖွဲ့ထားပြီး ဝေမိုးက ကပွဲခေါင်းဆောင်၊ အဂ္ဂက အဖွဲ့ဝင်။ သူတို့ဝိုင်းထဲမှာ နောက်ထပ် အဖွဲ့ဝင်မိန်းကလေးနှစ်ယောက် ရှိပါသေးသည်။ အဲဒီမိန်းကလေးတွေက သူတို့ဟာသူတို့လည်း နီးစပ်ရာမှာ သီချင်းဆိုတာမျိုးတွေလည်း ရှိသည်။

အဂ္ဂက ကိုယ့်အဖွဲ့ထဲက မိန်းကလေးတွေကိုတော့ မကြိုက်ပေ။ သူငယ်ချင်းလို သက်သက်ရင်းနှီးခင်မင်တာပဲရှိ၏။

ဒါတစ်ခုတော့ ဒီကောင်လိမ္မာသည်ဟု ဝေမိုးက မှတ်ချက်ချထားသည်။

အဂ္ဂကျော်လွှမ်းဆိုတဲ့ ငနဲဟာ အိမ်ထောင်ရေး၊ အချစ်ရေးနှင့် ပတ်သက်လျှင် အင်မတန် ရည်မှန်းချက်ကြီးမားတယ် ဆိုတာ သူ ကောင်းကောင်းကြီး သဘောပေါက်ပါသည်။



ပန်းလိုမွှေးက ကားတံခါးကို လော့ခ်ချပြီးလျှင် ဆံပင်လေး တစ်ချက် ဆတ်ခနဲ မျက်နှာမော့၍ ပင့်တင်လိုက်ကာ သားရေအိတ်ကို လွယ်လျက် စူပါမားကတ်ရဲ့ ဝင်ပေါက်ဖက်သို့ ကြော့ကြော့မတ်မတ်လေး လျှောက်လာပါသည်။

ပုံပန်းကျသော စတိုင်လ် ဂျင်းနိပင်နံ အပြာရင့်လေးဟာ သူမရဲ့ ကိုယ်လုံးသွယ်သွယ် ပြည့်ပြည့် အနေတော်လေးကို အလွန်ကြည့်ကောင်းအောင် ပံ့ပိုးပေးထား၏။

ခြေလှမ်းလေးတွေ တစ်လှမ်းချင်းဟာ ရင်ခုန်ဖို့ကောင်းနေသည်။ မျက်မှန်ကို လက်ချောင်းသွယ်သွယ်လေး မြှောက်ကာပြီး အသာပင့်တင်လိုက်ဟန်ကပင် ကကြိုးကကွက်ဆန်းလေးကဲ့သို့ ငေးချင်စဖွယ် ဖြစ်နေရပါသည်။

ကားရပ်စရာနေရာက ဟိုဖက်ခြမ်းမှာပဲ ရတာမို့ ဒီဖက်ကို နည်းနည်းလျှောက်လာရခိုက် အနီးအနားက မျက်ဝန်းပေါင်းများစွာက သူမထံ ငေးစိုက်ကျရောက်လာသည်။

ပန်းလိုမွှေးကတော့ မည်သူ့ကိုမျှ မကြည့်ဘဲ သူမဘာသာ တည့်တည့်မတ်မတ် လျှောက်လာသည်။

အရင်ကတော့ ကုမ္ပဏီယူနီဖောင်းနှင့်မို့ ဒီလိုမလွတ်လပ်ခဲ့တော့ ကိုယ်ဝတ်ချင်တာ ဝတ်ထားပြီး ကားကို ကိုယ်တိုင်မောင်းရသဖြင့် လူက အလိုလို တက်ကြွကျေနပ်နေမိသည်။

ပန်းလိုမွှေးသည် နာမည်ကျော် (Aprial Queen) အေပရယ်ကွင်း ကော့စ်စမက်တစ် ကောင်တာကြီးရှိရာသို့ ဆက်လျှောက်ခဲ့၏။

"သန္တာ"

"ဟယ်"

ပစ္စည်းစာရင်းစစ်၊ ပစ္စည်းအပ်ဖို့ ရောက်နေသော (AQ) ၏ စူပါဘိုက်ဆာ သန္တာစောသည် နောက်ဖက်လှည့်ကြည့်ရင်း တအံ့တသြ မျက်လုံးလေး ဝိုင်းသွားပါသည်။

"ပြီးပြီလား"

ပန်းလိုမွှေးကို စေ့စေ့ကြည့်ရင်း မေးတာကို မဖြေသေးဘဲ. . .





"ပန်းလိုရယ်. . . အရမ်းလှတာပဲ၊ သန္တာက ဘယ်သူများလဲလို့ ဒီလောက် စတိုင်လ်မိုက်နေတော့ ပန်းလိုလို့တောင် မထင်ရဘူး"

"အဟင်း. . . ဟင်း၊ ပန်းလို မဟုတ်လည်း ဂျေလိုပဲထားလိုက်ပေါ့"

ဂျေနီဖာလိုပက်ဇ်ကို သဘောကျနှစ်သက်သော ပန်းလိုက သူမကိုယ်သူမ ဥပမာပေးလိုက်သည်။

"အခု. . . ဒါ ဘယ်လို ရောက်လာတာလဲ"

"သန္တာ့ကို လာကြိုတာ"

"ဟယ်. . . တကယ်၊ ဒီမနက် ကုမ္ပဏီကားက လိုက်ပဲပို့ပြီး ပြန်မကြိုဘူးဆိုလို့ သန္တာက စိတ်ညစ်နေတာ အတော်ပဲ၊ ပန်းလို ဘာကားနဲ့ လာတာလဲ"

"အပြင်ရောက်ရင် ကြည့်လိုက်ပေါ့"

"ဘာကားပဲဖြစ်ဖြစ် ကားနဲ့ပြန်ရရင် ပြီးရော၊ သင့်ခ်ယူပဲ ပန်းလိုရေ"

အခုတော့. . . အရင်က ပန်းလိုရဲ့နေရာ ကုမ္ပဏီရဲ့ စူပါဘိုက်ဆာနေရာကို သန္တာစောက ရသွားပြီလေ။ ပန်းလိုဟာ မနှစ်က အထိတော့ လခများများ ပိုင်ဆိုင်ခွင့်ရတဲ့ စူပါဘိုက်ဆာဆိုပါတော့။

ဒီနှစ်တော့ ကုမ္ပဏီပိုင်ရှင်သူဌေးမရဲ့ စက္ကထိဆန်ဆန်မို့ ရာထူးက ပိုမြင့်သွားပြီ။

"ပြီးရင်. . . သွားကြမယ်နော်"

"အင်းပါ"

ကောင်တာက ကောင်မလေးဆီက စာရင်းစာအုပ် ပြန်ယူ မှာစရာရှိတာမှာပြီး သန္တာက ဝမ်းသာအားရ ပန်းလိုလက်ကလေးကို ဆွဲပြီး ပြန်ဖို့ ထွက်လာသည်။

"ပန်းလို"

"ဟင်"

"နင်လေ. . . မမ လရောင်ဖြူလိုသာ ဆံပင်တွေ ကောက်ပစ်လိုက်ရင် သူ့စတိုင်လ်ကို မီတယ်သိလား၊ နင်က ရုပ်ရှိတယ် ပန်းလိုရဲ့၊ သူဌေးမကြီးအတိုင်းပဲ"

"သူဌေးမ ဖြစ်ဖို့က သိပ်မနီးစပ်ဘူး၊ သူဌေးကတော်ဆိုရင်တော့ အလားအလာရှိနိုင်တယ်. . . ဟဲ. . . ဟဲ"

ပန်းလိုကလည်း ပြန်ပြောင်လိုက်သည်။ ပြောပြီးတော့ ရယ်မိသည်။

မဆီမဆိုင် ခုန Cileca ကားနီလေး မောင်းလာတဲ့သူကိုလည်း ဖျပ်ခနဲ မြင်ယောင်မိသည်။ သူ့ကို လမ်းမဖယ်ပေးလို့ ဒေါကန်အံကြိတ်သွားတဲ့ရုပ်ကြီးကို မမေ့။





အင်မတန် ရုပ်ဖြောင့်သားနားတဲ့သူ။ သူ့ပုံစံမှာကိုက အရှိန်အဝါတစ်မျိုး ရှိနေတာ။

"ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့ ပန်းလိုရယ်. . . နင်က ကောင်းစားမယ့်ရုပ်၊ ငါသိတယ်. . . ကတော်ရုပ်လေး"

"အံမယ်မယ်. . . သူ့ကိုယ်သူ ဗေဒင်ဆရာမကျနေတာပဲ"

သန္တာစောက အားလပ်ရပ်ဆို ဗေဒင်လက္ခဏာ သင်တန်း သွားသွားတက်နေသူမို့ ပန်းလိုက စ,လိုက်တာဖြစ်သည်။

"ဖြစ်လာမှာပေါ့"

"နင် ဟောခန်းဖွင့်ရင် ငါ့ကို အလကား ဟောပေးရမှာနော် သန္တာ"

ဘယ်ဆီနေမှန်း မသိသေးတဲ့ဟောခန်းအတွက် အခုကတည်းက ဘွတ်ကင်တင်ထားတဲ့သူက အသင့်ပါလား။

"အေးပါ. . . နင် ကောင်းစားရင်သာ သန္တာတို့ကို မမေ့မထားနဲ့"

သန္တာသည် သူမကို အလကားနေရင်း အထင်ကြီးနေသူ ဖြစ်သည်။ ဒေါ်လရောင်ဖြူက အရေးပေးရုံ၊ အနားမှာ ခေါ်ထားရုံ၊ သူ့အိမ်ကို ခေါ်ခေါ်သွားတတ်ရုံနှင့်ပဲ ပန်းလိုမှာ နေရင်းထိုင်ရင်း နာမည်ကြီးနေရတာဖြစ်သည်။

"စက္ကူထရီလေးဖြစ်ရုံနဲ့ ဘာတွေ ပိုထူးလာလို့လဲဟယ်"

"အခုကြည့်လေ. . . ပန်းလို ဒီဇိုင်းတောင် ပြောင်းသွားပြီ၊ မမလရောင်ကားကိုလည်း ယူမောင်းခွင့်ရနေပြီ"

"ဒါက. . . အလုပ်ကိစ္စကြောင့်ပါ"

နှုတ်က ထိုသို့ ဆင်ခြေပေးမိသော်လည်း ပန်းလိုရင်ထဲမှာတော့ မမလရောင်ဖြူကို အားကျအထင်ကြီး သဘောကျပြီး သူ့လိုပုံစံ၊ သူ့လိုဘဝကို လိုချင်မက်မောမိတာ အမှန်ပင်တည်း။

ဘယ်အချိန်ပဲ ကြည့်လိုက်ကြည့်လိုက် မင်းသမီးလေးတစ်ပါးလို ကြော့ရှင်းသပ်ရပ်ပြီး ကိုယ်ပေါ်မှာ စိန်ထည်လက်ဝတ်ရတနာတွေ တဖျပ်ဖျပ် ခါနေတဲ့ သဏ္ဍာန်ကို မမက်မောဘဲ ရှိမလား။ ဘေးကနေ ကပ်စီးခွင့်ရတာတောင် မမလရောင်ဖြူရဲ့ (Land Cruiser) ကားကြီးက ဒီလောက် ငြိမ့်ညောင်းပြီး စီးလို့ကောင်းတဲ့ဥစ္စာ။

"ပြီးတော့. . . ပန်းလို ယူလာတာ ဟိုတောင်းအေ့စ်လေးပါနော်"

ပန်းလိုက ကားဆီ မေးဆတ် ညွှန်ပြလိုက်သည်။

"ဩော်. . . ဒါလည်း မိုက်တာပဲ"

သန္တာသည် မောင်းသူနံဘေးက ကူရှင်ပေါ် ကျကျနနမှီထိုင်လိုက်ရင်း. . .





"ပန်းလို. . . အချိန်နည်းနည်းရလား"

"ဘာလို့လဲ. . . ဘယ်သွားချင်လို့လဲ"

"မြို့ထဲဖက် ကားရှုပ်မလား၊ မင်းထိုက်တို့ ဆိုက်ဘာကဖေးကို ခဏဝင်ချင်လို့"

အရေးထဲ သန္တာက သူ့ရဲ့ ဘာညာအီစီကလီလေးဆီဝင်ချင်သေး၏။

အင်းလေ. . ပါရမီ ဖြည့်တာလည်း ကုသိုလ်တစ်မျိုးပေါ့။

"သွားချင်သွားလေ. . . ရတာပဲ"

"သိပ်မကြာပါဘူး. . . ခဏ ဝင်နှုတ်ဆက်ရုံပါ"

ပန်းလိုက ခေါင်းလေးဆတ်ရင်း ကားကို စက်နှိုးမောင်းထွက်ခဲ့သည်။

ရွှေဂုံတိုင်ပွိုင့်အရောက်မှာ ဟိုဖက်ကလာသော ပြိုင်ကားပုံစံ အနီလေးနှင့် တောင်းအေ့စ်တို့သည် အမှတ်မထင် ဆုံကြပြန်၏။

"ကျွတ်. . . အဲဒီကားပေါ့"

"ဘာလဲကွ"

နံဘေးက ဝေမိုးက ဘုမသိဘမသိ လှမ်းကြည့်သည်။

တောင်းအေ့စ်မောင်းနေတဲ့ မိန်းကလေးကလည်း ဒီဖက်ကားကို လှမ်းကြည့်သည်။

"ကောင်မလေး မောင်းတာကွ"

"အေးပါ. . . သိပါတယ်၊ အဲဒီမိန်းမကိုပဲ ဒေါကန်တာ တစ်လမ်းလုံး သူပိုင်တာကျနေတာပဲ"

"အဟော်. . . ဟော်. . . မင်းနဲ့ ငြိခဲ့တယ်ဆိုတာ အဲဒ် လေးလား"

ဝေမိုးက သဘောပေါက်သွားပြီး ရယ်နေပါသည်။

ပန်းလိုမွှေးက ခပ်ဝေးဝေးကနေပင် မျက်စောင်း တစ်ချက် လက်ဆောင်ပေးလိုက်သေးသည်။

သူနဲ့ပဲ တိုက်တိုက်ဆိုင် ဆုံရသေးတယ်၊ ကြည့်လေ။



စက်ဆီအကွက်တွေ. . ရေတွေ ဗွက်တွေကို ဖိနပ်မပေ အောင် သိုင်းကွက်နင်းကာ ဖွဖွလေး လျှောက်လာရင်း ပန်းလိုက သူမရဲ့ ကားနားသို့ တစ်ချက်လာကြည့်သည်။

ကာဘရိုက်တာ ချေးဆေးဖို့ ဖြုတ်ပြီး ဆေးရုံ ပြန်တပ်ရုံ ပဲ သိပ်မကြာဘူးဆိုပေမယ့် အခုစောင့်ရတာဖြင့် တစ်နာရီတောင် မကတော့ပါ။

အိမ်ပြန်သွားရင်လည်း သက်သက်မဲ့ တက္ကသီခကုန်ဦးမှာ မို့ ပန်းလိုက ဒီမှာပဲ ဟိုလျှောက်ဒီလျှောက်လုပ်ရင်း စောင့်နေ လိုက်တာ။

"ဦးရှမ်းလေးရေ. . . မပြီးသေးဘူးလား"

“ပြီးတော့မယ်. . . အစ်မလေးရေ ဟော့ကောင်တွေ. . မြန်မြန်တပ်ပေးလိုက်တော့လေ”

ကားဝပ်ရှော့က ကောင်လေးတွေက ကြည့်နေ စောင့်မနေဘူးဆိုလျှင် ဒီကားကို ပစ်ထားပြီး တစ်ခြားကားတွေ သွားပြင်ပေးနေတာ၊ ပန်းလိုက အကြောင်းသိ။

ဒါကြောင့် ဘေးကနေ ရပ်စောင့်ပြီး အမြန်လောနေရတာ။

ကာဘရိုက်တာ အဖုံးကို ဖွင့်ချထားပြီး အထဲက ပစ္စည်းတွေကို တစ်ခုချင်းဖြုတ်၊ ဇလုံထဲ စိမ်ကာ တိုက်ဆေးနေတာက မပြီးစီးနိုင်တော့။ ပြန်တပ်တာကရော ဘယ်လောက်ကြာဦးမည် မသိနိုင်။

အခုလေးတင် ကော်ဖီဆိုင်က ထထွက်လာတာ။ တစ်ခေါက် ပြန်သွားထိုင်စောင့်ဖို့လည်း မဖြစ်နိုင်။ သို့သော်. . . ပျင်းပျင်းရှိလှတာကြောင့် ဝပ်ရှော့ရှုံရှိရာ လမ်းကလေးထဲကနေ အပြင် လမ်းမဖက် ပြန်ထွက်လာမိသည်။

ခွာချွန်ဒေါက်ဖိနပ်အဖြူလေးကို စီးလာမိလျက်သားမို့ ထုံးစံအတိုင်း ဖိနပ်မပေအောင် ပန်းလိုက ဘောင်းဘီမနှစ်ဖက်ကို မကာ အိတ်ကလေးလွယ်လျက် ဆတ်တောက်ဆတ်တောက် လျှောက်လာသည်။





မိုးတွေကလည်း အုံ့လာပြီ။ ရွာဦးမှာလား မသိပါဘူး။

ကောင်းကင်ကို တစ်ချက်မော့ကြည့်မိ၏။

စတိုင်လ်ပင်န် ကာကီရောင်ဖျော့ဖျော့နှင့် အပေါ်က ရှပ်အင်္ကျီ ခပ်သေးသေးပုံစံ အင်္ကျီအကျပ်အဖြူရောင်ပေါ် အသားရောင် ပန်းခက်နွယ်လေးတွေအဆင်ကို ခါးပတ်သေးသေး အဖြူလေး ပြန်ပတ်ပြီး ဝတ်ထားတဲ့ သူမသဏ္ဌာန်ဟာ တစ်ယောက်ထဲ ကားလာပြင်တာဟုပင် မထင်ရပါ။

ငါ့နှယ်. . . ဒီကားကို စောစောစီးစီး ရောင်းပစ်လိုက်ရင် အကောင်းသားဟု ပန်းလို မချင့်မရဲ တွေးမိသည်။

ပန်းလိုတို့က ငယ်စဉ်ကတော့ ချမ်းသာခဲ့ပါသည်။

မန္တလေးမှာ နေတုန်းကဆို အဖေက ကုန်တင်ကားတွေ ပိုင်ဆိုင်သည်။ အမေကတော့ ခပ်အေးအေး၊ အိမ်ရှင်မသက်သက်သာ လုပ်လာတာ။ သူတို့ရဲ့ တစ်ဦးတည်းသော သမီးလေး ပန်းလိုမွေးကို ရွှေပေါ်မြတင် အကြွေသားထားခဲ့တာပါ။

နောက်မှ အဖေ စီးပွားပျက်၊ ကျန်းမာရေးချွတ်ယွင်းလာမှ ကုန်ကားတွေ တစ်စီးပြီးတစ်စီး ဖြုတ်ကုန်တော့တာ။

မေမေကလည်း ယောကျ်ားလုပ်သူကိုသာ အားကိုးပြီး နေလာတာမို့ ဘာမှလုပ်ကိုင်မစားတတ်။ စီးပွားရေးတွေ ဘာတွေလည်း နားမလည်။

ပန်းလိုမွှေးဆိုတာကလည်း ကျောင်းတက်၊ စာကျက်၊ အလှပြင်ဖို့သာ နားလည်သေးတဲ့အရွယ်။

ကိုယ့်အိမ်အခြေအနေ၊ စီးပွားရေးအခြေအနေတွေကို ထည့်တွေးသုံးသပ်တတ်ခဲ့တာမဟုတ်။ အဖေ အိပ်ရာထဲ လဲသွားမှ မေမေရော၊ ကြီးကြီးမြရော မျက်လုံးမျက်ဆန်တွေ ပြူးကုန်တာ။

အဖေ့ကို အကြာကြီး ဆေးကုခဲ့ပေမယ့် နောက်ဆုံးတော့ လက်လွှတ်ခဲ့ရသည်။ အရင်က အရက်သောက်လာခဲ့တဲ့ဒဏ်တွေလည်း ပါမှာပေါ့လေ။ အဆုတ်ရောဂါနှင့် ကွယ်လွန်သွားခဲ့သည်။

ဒီတော့မှ မိန်းမသားတွေချည်း ဘဝကို ရုန်းကန်ရတော့တာ။ မေမေနှင့် ကြီးမြက သူမကိုတော့ ဘဝအပူအပင်တွေ လောင်မြိုက်မှုတွေ မခံစားစေရပါ။ ဘာပဲဖြစ်ဖြစ် သူတို့ ရှေ့က ဖြေရှင်းကြသည်။

ပန်းလို တက္ကသိုလ်နောက်ဆုံးနှစ်မှာ အမေ ကွယ်လွန်ခဲ့သည်။

ဘဝမှာ ပင်ပန်းဆင်းရဲ အားကိုးရာမဲ့ခဲ့ရတဲ့ မေမေဟာ သနားစရာ အလွန်ကောင်းသည်။ ပန်းလို ဘယ်အချိန် ပြန်တွေးတွေး မေမေ့ကို သနားသည်။ သတိရရင် မျက်ရည်ရစ်ဝဲချင်သည်။ အမေ့ကို ကောင်းကောင်း ပြုစုကျွေးမွေးခွင့်၊ ကျေးဇူးဆပ်ခွင့်တောင် မရလိုက်ပါ။ ဒါကိုပဲ ပြန်တွေးတိုင်း နှမြောကြေကွဲရသည်။





ကြီးမြကိုထားပြီး ရန်ကုန်မှာ အလုပ်လာလုပ်ခဲ့တာ ခုဆို သုံးနှစ်ထဲတောင် ရှိပြီ။

ရောက်ကာစနှစ်က လက်ထဲရှိတဲ့ ငွေလေးနှင့် ဒီကားကို ဈေးချောင်တယ်ဆိုပြီး တစ်ကိုယ်တော် ဆုံးဖြတ်ချက်နှင့် ဝယ်ယူခဲ့တာ။

ပန်းလိုတို့က အိမ်မှာ ငယ်စဉ်က ကားအမြဲရှိတော့ ကားနှင့်မစိမ်း။ ကောင်းကောင်းလည်း မောင်းတတ်သည်။ အနည်းအကျဉ်းဆိုလည်း ကိုယ်တိုင် ပြင်တတ်သည်။

ဒါပေမယ့် . . . အခုတော့ ဒီကားလေးကို သံယောဇဉ်ဖြတ်ပြီး ရောင်းလိုက်ဖို့ ပန်းလို စဉ်းစားထားပါပြီ။

မမလရောင်ဖြူက ကုမ္ပဏီပိုင်ကားတစ်စီးလောက် ပေးထားမည်ဟု ပြောသည်လေ။ ဒီတော့ ပန်းလိုပိုင်တဲ့ကားလေးကို ရောင်းချပြီး ရွှေပဲ ဝယ်ထားမည်ဟု ဆုံးဖြတ်ကာမှ ခုတလော ကားက ခဏခဏ ဒုက္ခပေးနေတော့တာ။

ပန်းလိုသည် လမ်းထိပ်က ကွမ်းယာဆိုင် လှည်းကလေးရှေ့ရပ်ကာ ပီကေတစ်ဘူး ဝယ်လိုက်သည်။ ပိုက်ဆံပေးပြီး ပီကေတစ်ခုကို ထုတ်ဝါးဖို့ ပါးစပ်ထဲထည့်ကာ လမ်းထဲ ပြန်ဝင်ဖို့ ခြေလှမ်းအစမှာတင် . . .

"ဟောတော့"

လမ်းထဲ ဒရကြမ်းချိုးကွေ့ဝင်လာတဲ့ ဖက်ဖူးစိမ်းရောင် ဘောက်စ်ဝက်ဂွန်လေးတစ်စီးက ဗွက်အိုင်ထဲက ရေမည်းမည်း တွေထဲ မရှောင်ဘဲ ဖြတ်နင်းချသွားသဖြင့် ရေညစ်တွေက ပန်းလို ဘောင်းဘီကို လာစင်သည်။

"ကြည့်စမ်း. . . လိပ်စုတ်ကများ"

ပန်းလို ဒေါသနှင့် ခုန်စွခုန်စွ ဖြစ်သွားပေမယ့် ကားက ဝပ်ရှော့ရှိရာ မောင်းချသွားပြီမို့ ဘာမှမတတ်နိုင်။

"တောက်. . . တွေ့ရောပေါ့"

ကြုံးဝါးရင်း မောင်းသွားတဲ့ကားနောက်က လမ်းလျှောက် လိုက်ခဲ့သည်။

ကားအစိမ်းလေးထဲက ဆင်းလိုက်သူကို လှမ်းတွေ့ရလျှင် သူမ မျက်ခုံးလေးပင့်ကာ အံ့သြသွားရ၏။

ဟိုက်. . . ဟိုလူပါလား။

မျက်စိမမှားပါဘူး. . . သေချာပါတယ်။

ဟိုနေ့ကတော့ Celica ကားအကောင်းစားနဲ့။ ဒီနေ့ တော့ လိပ်ကားအခုံးလေးပဲ မောင်းလာပါလား။

"ဒီမှာ. . . ရှင် ဘယ်လိုကားမောင်းလာတာလဲ"

"ဗျာ"

ရုတ်တရက် အနားသို့ ရောက်လာတဲ့ သူမကြောင့်





ဝပ်ရှော့ဆရာဆီသွားဖို့ ခြေလှမ်းပြင်နေတဲ့ အဂ္ဂမှာ ခြေလှမ်း တုန့် သွားရ၏။

"ဘာဗျာလဲ. . . မသိချင်ယောင်မဆောင်နဲ့၊ ကျွန်မမှန်း သိလို့ ဗွက်အိုင်တွေ့တာ မရှောင်ဘဲ တမင် ဖြတ်မောင်းချသွားတာ မဟုတ်လား၊ ဒီမှာ ပေသွားတာမြင်လား"

ရန်စွာစွာ အပြောလေးကြောင့် သူ မှင်သက်အံ့သြကာ ငေးကြည့်နေမိသည်။

အိုင်းလိုင်နာမျှင်မျှင်လေးကို မျက်ခမ်းစပ်တစ်ဝိုက် ဂရု တစိုက် ဆွဲထားပုံလေးကြောင့် သူမမျက်လုံး နက်ရွှန်းရွှန်းဟာ အသည်းယားစရာ ရွှန်းလက်နေသည်။

မျက်နှာလေးဟာ ပြင်ထားမှန်း မသိသာဘဲနှင့် ကြွေ ရောင် လဲ့လဲ့လေး ပြေးနေတာ လှလိုက်တာ။

မျက်ခုံးထူထူတန်းတန်းလေးကလည်း တစ်မျိုး ဆွဲဆောင် မှုရှိသည်။

ဟိုတစ်ရက်က ကားချင်းဆုံပေမယ့် ဒီလောက်လှတဲ့ မျက်နက်ဝန်းလေးကို မြင်ခွင့်မရခဲ့။ အဲဒီတုန်းက နေကာမျက်မှန် နှင့် ဖုံးကွယ်ထားခဲ့တာကိုး။

ပန်းလိုသည် သူ့ကို မော့ကြည့်ကာ ရန်တွေ့လိုက်ပေမယ့် သူက ဘာမှ ပြန်မပြောဘဲ ပန်းလိုကို စူးစူးငေးငေး မမှိတ်မသုန်

စိုက်ကြည့်နေတာကြောင့် ရင်ဖိုသလိုကြီးတောင် ဖြစ်သွားရပါသည်။

ရုတ်တရက် ညှို့ဆေးမိသွားသူလို ဘာဆက်ပြောရမှန်း မသိဘဲ မှင်သက်သွားမိသည်။

"ဆောရီးပဲ. . . မင်းမှန်း ကိုယ်သိလို့ မဟုတ်ပါဘူး၊ ကိုယ်က နေးတုံ့တုံ့ မောင်းရတာ စိတ်မရှည်တတ်လို့ပါ၊ မင်းကို ရွံ့စင်သွားမှန်း ခုမှသိတာ"

"ရှင် ကလဲ့စားချေတာပေါ့လေ"

"မဟုတ်ရပါဘူးဗျာ. . . စွပ်စွပ်စွဲစွဲ"

ပန်းလိုမွေးက မကျေမနပ် မျက်စောင်းရွယ်လိုက်၏။

ထိုစုံစံလေးမှာ အငိုက်မိငေးမိသူက အဂ္ဂပါ။

"ဒါနဲ့. . . မင်းက ဘယ်ကိုလာတာလဲ"

"ဒီ ဝပ်ရှော့ကို လာတာပေါ့"

"ဘာလုပ်ဖို့လဲ"

"ဝပ်ရှော့လာပါတယ်ဆိုမှ ကပ်သီးကပ်သပ်မေးနေတယ်၊ ကားပြင်ဖို့ပေါ့၊ ဟိုမှာ ကျွန်မကား၊ ကာဘရိုက်တာ ဆေးနေတာ၊ မတွေ့ဘူးလား"

"ဟောဗျာ. . . ဘောက်စ်ဝက်ဂွန်၊ အဲဒါ. . . မင်းကား"

သူက လက်ညှိုးထိုးပြီး ရယ်ပါသည်။





"ဘာရယ်တာလဲ. . . ရှင်က"

ပန်းလိုက စူပုတ်ပုတ် ဂျစ်ကန်ကန် မေးသည်။

"သဘောကျလို့ပါ. . . ကိုယ်နဲ့မင်းနဲ့ တူနေပြီ၊ ကိုယ့်ကားလည်း စက်သံမကောင်းလို့ တစ်ချက်လာဝင်ပြတာ"

"ဒါ. . . ရှင့်ကား"

"အင်းလေ"

"ဟိုနေ့ကတော့ ပြိုင်ကားနဲ့"

"အထင်မကြီးနဲ့၊ အဲဒါ ဘော်ဒါတစ်ယောက်ရဲ့ကား"

"အောင်မာ. . . ဘယ်သူက အထင်ကြီးမှာမို့လို့လဲ"

"ကိုယ့်ကိုကျမေးတယ်. . . မင်းရဲ့ အမိုက်စား တောင်းအေ့စ်လေးရော"

"အဲဒါ ကျွန်မသူဌေးရဲ့ကား"

"သြော်. . . ဒီလိုလား"

နှစ်ယောက်သား ပြိုင်တူ ရယ်လိုက်မိကြသည်။ အမှန်ကို ရုတ်တရက် မြင်ရတော့ စိတ်ထဲက အတွေးကို ကိုယ်စီရယ်ချင်သွားတာ။

အင်း. . . အမြင်အတိုင်းပဲ ဆုံးဖြတ်လို့မရ။

ထို့နောက် သူ့ကားကိုလည်း ဝပ်ရှော့ဆရာ ကိုရှမ်းလေးက စစ်ဆေးကြည့်ရှုသည်။

ပန်းလိုကားကိုလည်း ကိုရှမ်းလေး တပည့်တွေက ဆက်လက်ပြီး တပ်ဆင်နေကြသည်။ သူနှင့် ပန်းလိုကိုတော့ ပလပ်စတစ်ထိုင်ခုံတစ်လုံးစီ မြောင်းနံဘေးမှာ ချထားပေးတာမို့ အဲဒီမှာပဲ ထိုင်ရင်း နှစ်ယောက်သား အဖော်ရသလို ဖြစ်သွားကြပါသည်။

“မင်းကားက ဝယ်ထားတာ ကြာပြီလား”

“အင်း. . . သုံးနှစ်နီးပါးရှိပြီ”

“ကိုယ် ဒါလေးစီးနေတာ ငါးနှစ်၊ မင်းထက်သာသွားပြီ”

သူ ရယ်ဟဟပြောပုံက အတော် ဆွဲဆောင်မှုရှိသဖြင့် ပန်းလိုသည် သူ့မျက်နှာမှ အကြည့်မခွာနိုင်ဘဲ ဖြစ်နေသည်။

နှုတ်ခမ်းထူထူရဲရဲနှင့် စိုဖတ်ဖတ် သွေးရောင်လျှမ်းနေပုံဟာ သူမကိုသာမက တွေ့သမျှ လူတွေကို ဆွဲဆောင်ဖမ်းစားနိုင်မှာ သေချာသည်။ သူ့မျက်လုံးကလည်း စူးရှရှ ချိုရီသေးသည်။ မျက်နှာကျပုံက လေးထောင့်ဆန်ဆန် ယောကျ်ားပီသချောမောသည်။ ရိပ်သင်ထားသော ပါးသိုင်းမွေးတို့ကြောင့် မေးရိုးတလျှောက် စိမ်းဖန့်ဖန့်လေး ပြေးနေပုံကလည်း တစ်မျိုး ကြည့်ကောင်းတာပဲ။

မျက်နှာရော၊ ဆံပင်ပုံစံရော၊ ဝတ်စားထားပုံရောဟာ သာမန်ထက် အဆင့်မြင့်သေသပ်ပြီး ထူးခြားမှုတစ်ခုခု ပျော်ဝင်နေသည်ဟု ထင်ရသည်။





“မင်းကြည့်ပုံက ကိုယ့်ကို အကဲခတ်နေသလိုပဲ”

သူ ထိုသို့ပြောလျှင် ပန်းလို ရှက်ရှက်နှင့် ပြုံးမိသည်။

“အကဲခတ်တော့ ဘယ်လိုမြင်လဲ၊ ချောတယ်မို့လား”

“ချောပါ့”

မျက်စောင်းတစ်ချက်ခဲကာ ပြောတဲ့ပုံစံလေးကို အဂ္ဂကလည်း သဘောတကျ ရယ်မိသည်။ ကောင်မလေးက ထင်သလို မဆိုးပါဘူး၊ ခင်စရာကောင်းသားပဲ။

“ချောဆို. . . ကိုယ်က မော်ဒယ်ဘွိုင်းလေ”

“အံမယ်”

အဲဒီတုန်းက ပန်းလို သူ့စကားကို နောက်ပြောင်တယ်ပဲ ထင်မိတာ။

သူရယ်တော့ ရောပြီး ရယ်နေမိသေးသည်။

“မင်းကိုယ်မင်းလည်း မိတ်ဆက်ဦးလေ”

“ကျွန်မက ပန်းလိုမွှေး”

“တကယ်မွှေးလား”

“ဘာပြောတယ်”

“အဟဲ. . . စတာပါ၊ မင်းပုံစံလေးနဲ့ ပန်းပါတဲ့နာမည်လေးနဲ့ လိုက်ပါတယ်၊ ကိုယ်က မိန်းကလေးနာမည်မှာ ပန်းပါရင် သဘောကျတယ်”

သူ့အပြောလေးကြောင့် ကိုယ့်အမည်ကို ကျေနပ်ရမလို ဖြစ်သွားပါသည်။

"ကိုယ်က အဂ္ဂကျော်လွှမ်း၊ မှတ်ထားဦး"

"ကျွန်မက မေ့တတ်တယ်"

"ကိုယ်ကတော့ မင်းကို မေ့မှာမဟုတ်ဘူး"

"ဘာကြောင့်"

"မင်းက အရမ်း ချစ်စရာကောင်းတယ်"

"ကပ်မြှောက်နေပြီ၊ မုန့်ကျွေးရတော့မယ်ထင်တယ်"

"တကယ် ကျွေးချင်လား၊ စေတနာရှိရင် ကော်ဖီ လိုက်တိုက်လေ၊ ဘယ်လိုလဲ"

သူက မဆိုင်းမတွ တောင်းဆိုလိုက်၏။ အခုမှသိပေမယ့် ပန်းလိုလည်း သူ့ကို ဘာကြောင့် ယုံကြည်မိမှန်းမသိ။ အသာအယာ ခေါင်းညိတ်မိသည်။ အဲဒီနောက်တော့ စကားတပြောပြောနှင့် လျှောက်လာကာ ကော်ဖီရှော့လေးမှာ ထိုင်မိကြသည်။

ပန်းလိုမွေးရင်ထဲမှာ သူနှင့် ယှဉ်တွဲလျှောက်လာရတာကို နွေးထွေးမှုတစ်မျိုးနှင့် ရင်ထဲ ပျော်ရွှင်ပေါ့ပါးနေမိ၏။

အခုမှ သိကျွမ်းခင်မင်ရတဲ့ သူစိမ်းယောကျ်ားတစ်ယောက်ဆိုပေမယ့် စိတ်ထဲမှာ စိမ်းမနေဘဲ တရင်းတနှီးနှင့် နှစ်လိုခြင်းတွေသာ တဖွားဖွား ပေါ်နေသည်။ ကျောင်းက ခင်ပြီးသား





သူငယ်ချင်းထဲက ကောင်လေးတွေနှင့် အတူသွားလာရတာနှင့်တောင် မတူပါ။

ထိုခံစားချက်မှာ ဆန်းကြယ်နက်ရှိုင်းပြီး လှပနေတာ အမှန်ပဲဖြစ်သည်။

အဂ္ဂသည် သူမရဲ့ ကော့ရွန်းတဲ့ မျက်တောင်စိပ်စိပ်လေးကို အလိုလို ငေးကြည့်နေမိသည်။

အဂ္ဂဟာ မိန်းကလေးတွေနှင့် အလွယ်တကူ ခင်မင်ငြိတွယ်တတ်တယ်ဆိုပေမယ့် ပန်းလိုမွေးဆိုတဲ့ မိန်းကလေးအပေါ်မှာတော့ အနည်းငယ် ထူးဆန်းစွာ သူ့ခံစားချက်က အလေးအနက်ဆန်ဆန် ခင်မင်သက်ဝင်မိသည်။

တွေ့စတုန်းက အင်မတန် မာနကြီးလိမ့်မယ်လို့ ထင်ခဲ့မိတဲ့ အဂ္ဂအထင်ဟာ သူမနှင့် သိကျွမ်းစကားပြောခွင့်ရပြီးတဲ့အခါ အလွန်မှားယွင်းနေကြောင်း တွေ့ရသည်။

ပန်းလိုမွေးဟာ ဖြူစင်အပြစ်ကင်းပြီး ဖော်ရွေသဘောကောင်းသော မိန်းကလေးတစ်ယောက်သာဖြစ်ကြောင်း လက်ခံရတော့သည်။

"ဟိုတစ်ခေါက်က ပန်းလိုနဲ့ ကိုယ်တို့ ရွှေဂုံတိုင်ပွဲ့မှာ ကားချင်း ပြန်ဆုံကြသေးတယ်နော်. . . တွေ့လိုက်လား"

"တွေ့သားပဲ"

"ပန်းလိုဘေးမှာ ကောင်မလေးတစ်ယောက် ပါလာတယ်"

"ရှင် တော်တော် မျက်စိလျှင်ပါလား"

သူက ဟက်ခနဲ တစ်ချက်ရယ်လိုက်၏။

"သူလည်း ခပ်လှလှကောင်မလေးပဲဆိုတော့ သတိထားမိသွားတာပါ"

"လှမှာပေါ့ . . . ကျွန်မတို့ကုမ္ပဏီမှာ ခန့်ထားသမျှက အချောအလှချည်းပဲ"

"ဟုတ်လား . . . ပန်းလိုက ကုမ္ပဏီမှာ အလုပ်ဝင်တာလား"

"အင်း . . . Aprial Queen လေ၊ အသားအရေ ထိန်းသိမ်းတဲ့ပစ္စည်းတွေ တင်သွင်းတာ၊ ကြားဖူးလား"

"ဟာ . . . ကြားဖူးတာပေါ့၊ ပေရယ်ကွင်းက နာမည်ကြီးပဲဗျာ"

"တစ်နေကုန် မျက်နှာလေးကို ရေဖျန်းထားသလိုမျိုး လန်းဆန်းစေတဲ့ ခရင်မ်တစ်မျိုး ဝင်လာပြီ၊ ယောကျ်ားလေးတွေလည်း သုံးလို့ရတယ်၊ နောက်တစ်ခါမှ ရှင့်ကို လက်ဆောင်ပေးရမယ်"

"ရပါတယ်"





အဂ္ဂကတော့ လိုအပ်တဲ့အခါမှာ မျက်နှာပေါင်းတင်တာ၊ ခကင်ကဲ သုံးစွဲတာမျိုးတွေ လုပ်ရသည်မဟုတ်လား။ ဒါပေမယ့် ယောကျ်ားပီသရင် အဲဒါမျိုးတွေ မသုံးစွဲချင်ဘူးဟု အရင်ကတော့ ခေါင်းမာဖူးသည်။ သို့သော် အလုပ်သဘောဖြစ်လာတော့လည်း ငြင်းမရတော့ဘူးပေါ့။

"ပန်းလိုလည်း Skin Cure တွေ သုံးတတ်လို့ထင်တယ်၊ အသားအရေ တအား လှတယ်နော်"

"အံမယ် . . . ဒီလောက် မသုံးပါဘူး"

သူ စေ့စေ့ကြည့်ကာ ချီးမွမ်းတော့ အခုနလိုပဲ ရင်ထဲ ဖိုခနဲ နွေးသွားရပြန်သည်။

"မျက်လုံးထဲမှာ အရောင်တောက်အောင် ဘာတွေ လုပ်ထားတာလဲ၊ မင်း သေချာစိုက်ကြည့်ရင် ရင်တွေတောင် တုန်သွားသလိုပဲ"

"ရှင်နော်"

သူကြည့်ရတာ ပန်းလိုကို စချင်နောက်ချင်သလို ပုံစံမျိုး ဖြစ်နေပါသည်။ ရင်းနှီးမှုက အဆင့်ခုန်တက်သွားသလိုပဲ။

"ပြောပြပါ . . . ဗဟုသုတပေါ့"

"မသိရင် မှတ်ထားပေါ့၊ အဲဒါ ညို့မျက်စဉ်းခတ်ထားတာ"

"တစ်မျိုးပါလား. . . မကြားဘူးပါလားဗျ၊ ထူးဆန်းလိုက်တာ၊ ပန်းလိုတို့ကုမ္ပဏီက စပါးကြီးမြွေရဲ့ သည်းခြေနဲ့ ရှားရှားပါးပါး ဖော်စပ်ထားတာ ထင်တယ်နော်"

သူက ပေါက်ကရတွေပြောပြီး ပန်းလိုကို စနေတာ။

အဲလိုမျိုး ရယ်စရာ၊ စ,စရာ သဘောထားရမယ်လို့ သူ့ကို ဘယ်သူသင်ပေးလို့လဲ။ မိန်းကလေးတစ်ယောက်အပေါ် အထင်မကြီးတတ်တာကို ဖော်ပြနေတာဟု ပန်းလို ထင်သည်။

အမြင်ကပ်စရာနော်. . . ဘာလေးမှန်း မသိပါဘူး။

"ရှင်ကုမ္ပဏီထောင်မှ အဲဒါမျိုး ဖော်စပ်ပြီး ဈေးကွက်တင်ရောင်းပေါ့"

"အခုလောလောဆယ် ပန်းလိုဆီကပဲ အဲဒီမျက်စဉ်းဝယ်မှ ဖြစ်မှာပေါ့၊ ဒါမှ ကိုယ်ညှို့ချင်တဲ့ ကောင်မလေးတွေ့ရင် ညှို့ထားလို့ရမှာ"

ဒါဟာ လူပျိုပါလို့ ကြေညာတဲ့သဘောလား။

"ဘယ်နှစ်ယောက်လောက် ညှို့ထားချင်တာလဲ"

"တစ်ယောက်ထဲပါ. . . ဘာလုပ်ဖို့လဲ၊ ရည်းစားများရင် ခေါင်းစားတယ်"

"ခေါင်းစားတဲ့ အတွေ့အကြုံတွေ များပြီဆိုပါတော့"

"ဒါပဲလေ. . . မနည်းပတ်ပြေးနေရတာ"





"ခင်ရတာတောင် ကြောက်လာပြီ"

"ခင်ပဲခင်မယ်ဆိုရင် ကြောက်စရာ မရှိပါဘူး"

သူ့ပြောပုံလေးက မထိတထိမို့ ပန်းလိုမွှေးကမျက်စောင်းခဲသည်။

"အံမယ်. . ခင်တာထက်ရော ပိုလို့ရမယ်ထင်နေလား"

"ဟ. . ဘာဖြစ်လို့လဲ၊ စင်ဂယ်လ်ပဲ မဟုတ်ဘူးလား"

"ကျွန်မက အိမ်ထောင်သည်ပုံ ဖြစ်နေလို့လား"

"ဟာ. . . မဟုတ်ဘူးလေ၊ နည်းနည်းပိုလို့တောင် မရဘူးဆိုပြီး ကြေညာထားတော့ စဉ်းစားစရာပေါ့"

"ရုပ်က ပြောင်စပ်စပ်နဲ့ ဘာမှန်းလည်း မသိဘူး၊ ရှင့်ကို စ,တွေ့တုန်းကဆို ဂျန်တဲမင်းဆန်တယ်လို့ ထင်မိတာ၊ အခုမှပဲ အကြောင်းသိတယ်"

"ဒါတောင် အကုန်မသိသေးလို့"

သူမက ပခုံးလေး ကျုံ့ပြသည်။ ကြောက်ပါရဲ့ဆိုတဲ့ ပုံစံလေးက ချစ်စရာ။

"နောက်ကြုံခွင့်ရရင် ထပ်ပြောပြမယ်"

သူ့ရဲ့ နောက်ကြုံခွင့်ဆိုတဲ့ စကားလေးကို ပန်းလိုလည်း တိတ်တဆိတ်မျှော်လင့်မိတာ အမှန်။ သူမတို့နှစ်ယောက်ရဲ့ခင်မင်မှုကို ဒီလောက်နှင့်ပဲ ရပ်တန့်ပြီးစီးမသွားစေချင်ပါ။

နောက်ထပ် ကြုံချင်ဆုံချင် ပတ်သက်ချင်ပါသေးသည်။

"ပန်းလို အိမ်ပြောပြထားလေ၊ ကိုယ် ဝင်လာလည်မယ်"

"စနေ၊ တနင်္ဂနွေပဲ ရှိတာနော်၊ ဒါတောင် အခုနောက်ပိုင်း ကျွန်မရဲ့သူဌေးနဲ့ ဒင်နာတွေဘာတွေလိုက်ရတော့ အရင်လို မအားဘူး"

"ဖုန်းနံပါတ်ပေးပေါ့၊ ဆက်ပြီးမှ လာမယ်"

ပန်းလိုမွေးက ဖုန်းနံပါတ်တစ်ခုရေရွတ်ပြလျှင် သူက မှတ်ထားလိုက်၏။ တဆက်တည်းပင် ပန်းလိုက . . .

"အဲဒါ အောက်ထပ်က လက်ဖက်ရည်ဆိုင်ရဲ့ဖုန်းနော်၊ တစ်ဆင့်ခေါ်ပေးရမှာ၊ ဒါပေမယ့် ကျွန်မက ဖတ်စ်ဖလော (ပထမ) ထပ်တင်ဆိုတော့ ဆင်းပြောရတာ မခက်ပါဘူး"

ဟု အားနာပါနာလေး ဖြည့်စွက်သည်။

"ရပါတယ် ကိစ္စမရှိဘူး၊ ခေါ်ပေးရင် ပြီးတာပဲ၊ ပန်းလို အိမ်မှာ နောက်ထပ် ဘယ်သူတွေ ရှိသေးလဲ"

"ဟင့်အင်း . . . မရှိဘူး"

"တစ်ယောက်တည်းလား"

"သူဌေးပိုင်တဲ့ ရှစ်ထပ်တိုက်မှာ ကျွန်မတို့ကို အဆောင်သဘော လေးငါးခန်းပေးထားတယ်၊ အဲဒီတော့ ဘော်ဒါတွေနဲ့ပဲ နေတာပေါ့"





"ဟုတ်လား . . . မိသားစုကရော"

ပန်းလိုက ပင့်သက်ကလေး တရှိုက်နှင့် . . .

"ကျွန်မရဲ့မိသားစုဆိုတာ မေမေ့အစ်မ ကြီးကြီး တစ်ယောက်ပဲ ရှိတာ၊ မိဘတွေက မရှိတော့ဘူး၊ အဲဒီ ကြီးကြီးကလည်း မန္တလေးမှာပါ"

"ဩော် . . . ဟုတ်လား၊ ဆောရီးနော်၊ ကိုယ်နဲ့ ပန်းလိုက နီးစပ်ပါတယ်၊ ကိုယ်လည်း အမေတစ်ခု သားတစ်ခုပဲ၊ ကိုယ်က လွဲရင် အိမ်မှာ အမေပဲ ရှိတယ်၊ ကိုယ့်အိမ်မှာတော့ ဖုန်းရှိတယ်၊ အဲဒီဖုန်းပဲ မှတ်ထားလိုက်ပေါ့၊ လိုအပ်ရင် ဘာမဆို ပြောပါ၊ မင်းအတွက် သူငယ်ချင်းတစ်ယောက်၊ အစ်ကိုတစ်ယောက်လို သဘောနဲ့ ကိုယ့်ကိုလိုတဲ့ အကူအညီရှိရင် ပွင့်ပွင့်လင်းလင်း တောင်းလို့ရတယ်နော်၊ ဘာမှ အားမနာနဲ့"

သူက ဒီလိုကျပြန်တော့လည်း တလေးတနက် ဆိုတတ်၏။

ပန်းလိုမှာ ချက်ချင်းလက်ငင်း အားကိုးတစ်ယောက် ရသွားသကဲ့သို့ပင် ထင်မိသည်။

"ကျေးဇူးပါပဲ၊ ရှင် လမ်းကြုံတဲ့အခါ ကျွန်မတို့ရုံးကိုလည်း လာလည်လို့ ရပါတယ်၊ ရုံးခန်းလိပ်စာကတော့ ကျွန်မဆီမှာ ကဒ် ပါတယ်"

ပန်းလိုမွှေးက ကုမ္ပဏီရုံးခန်းတည်ရှိရာ ခြံနံပါတ်နှင့် လိပ်စာကဒ် ရွှေရောင်သားသားနားနားလေးကို သူမပိုက်ဆံအိတ် ဘေးဇစ်လေးကိုဆွဲကာ ရှာဖွေထုတ်ပေးလိုက်သည်။

သူမရဲ့ခမ်းနားမှုက ဒီအလုပ်အကိုင်ပါပဲ။

မမလရောင်ဖြူရဲ့ကျေးဇူးတွေကြောင့်သာ ရန်ကုန်မှာ ခုလို နေစရာ၊ စားစရာ ပူစရာမလိုဘဲ ခပ်ကြော့ကြော့လေး နေခွင့် ရခဲ့တာ ဖြစ်သည်။

အဂ္ဂက ကဒ်ကို တစ်ချက်ဖတ်ကြည့်ကာ သူမထံ ပြန် ကြည့်ကာ အဓိပ္ပာယ်ပါပါ ပြုံးသည်။

ပါစင်နယ်မန်နေဂျာဆိုတာကို ပြုံးတာနေမှာ။

ပန်းလိုရဲ့ ရာထူးကို သူက ရယ်ချင်ဟန် ပြုံးစစဖြစ်နေ တာ။ ဘယ်လောက်ပဲ ကြီးမြတ်တဲ့ရာထူးဖြစ်ပါစေ၊ သူ ဒီလိုပဲ ချစ်စနိုး ပြုံးတုံ့ကြည့်နေမှာပဲ ထင်သည်။



✻✻◆✻✻◆✻✻◆✻✻

"အင်းပေါ့. . . နာရီဝက်ကျော်ကျော် စကားထိုင်ပြော ဖြစ်သွားတယ်"

သန္တာက မျက်ခုံးကို ခပ်ပင့်ပင့်နှင့် . . .

"ဘာတွေ ဒီလောက်ပြောကြတာလဲ"

"ဟိုအကြောင်း ဒီအကြောင်းပေါ့၊ ဒီလိုပါပဲ . . ."

ဗုဒ္ဓဟူးနေ့ ညပိုင်းမှ တီဗွီကလာတဲ့ လူရွှင်တော်ရွှေဖလား အစီအစဉ်ကြည့်ပြီးနောက် ဧည့်ခန်းမှာပဲ ဖျာတစ်ချပ်ခင်းကာ လဲ လျောင်းရင်း သန္တာ့ကို နေ့ခင်းက အဂ္ဂနဲ့ သိကျွမ်းလာခဲ့ပုံတွေ ပြန်ပြောပြမိခြင်းပါ။

"သူက ခင်စရာတော့ အကောင်းသားပဲ၊ စကားပြောပုံ က ပွင့်လင်းတယ်"

"ကြည့်မရဘူးဆိုပြီး ခင်သွားပြီပေါ့လေ"

"အင်း. . . ဟင်း . . . ဟင်း"

ပန်းလိုမွှေးက ရှက်ကြည်နူးစွာ ရယ်လိုက်သည်။ သူ့အကြောင်း ပြန်ပြောရတာပင် ရင်ထဲနွေးပြီး တစ်မျိုးလေး သာယာမိတာ ဘာကြောင့်ပါလိမ့်။ ထူးတော့ ထူးဆန်းနေသည်။

သူစိမ်းယောကျ်ားလေးတစ်ယောက်အကြောင်းကို ခုလို ပြန်ပြောနေမိတာ ပထမဦးဆုံးပါ။ တစ်ယောက်ယောက်ကို ထိုင်ပြောနေချင်တာမျိုး. . . ဘာရယ်တော့ မဟုတ်။

"သူ့မှာ အရှိန်အဝါတစ်မျိုး ရှိတယ်၊ သီလား သန္တာ၊ သူ စကားပြောနေရင် မျက်လုံး မလွှဲချင်ဘူး၊ နှုတ်ခမ်း ဖွင့်တာ၊ ပိတ်တာ၊ ပြုံးတာ၊ ရယ်တာ မျက်ခုံးပင့်လိုက်တာ၊ အကုန်လုံး ကြည့်လို့ကောင်းတယ်၊ ဆွဲဆောင်မှု အရမ်းရှိတာပဲ"

"ဟုတ်မှာပါ . . . သန္တာ ခဏလေး လှမ်းမြင်လိုက်တာနဲ့ ချောတယ်လို့ ပြောသားပဲ"

"ချောတာသက်သက် မဟုတ်ဘူး၊ သူ့နားနေရရင် အလိုလို ပျော်စရာ ကောင်းတာ"

"ဒါကတော့ ပိုပါပြီ ပန်းလိုရယ်"

"သြော် . . . တကယ်ပါဆိုနေ ကြုံရင် သန္တာနဲ့ မိတ်ဆက်ပေးမယ်"





"အောင်မယ်. . . ရှေ့ဆက်ရန်ရှိသေးသည်ပေါ့လေ"

"ဟား. . . ဟား၊ သူက ပြောတယ်၊ သူငယ်ချင်းလို အစ်ကိုလို သဘောထားတဲ့"

"အဲဒါ ပန်းလို ရင်ထဲက မရိုးတာကို ရိပ်မိလို့ ဖြစ်မှာပေါ့"

"ဟင် . . . ကြည့်စမ်း၊ ငါကိုများ မိန်းမနောက်ပိုးကျနေတာပဲ၊ ပြောရက်လိုက်တာ"

"ပန်းလိုရယ်. . . မညာပါနဲ့၊ နင် ခုလို တဖွဖွ ပြောနေတာ နောက်ထပ် ဘယ်သူများ ရှိသေးလို့လဲ"

"တဖွဖွပြောတာတော့ မဟုတ်ပါဘူး"

"ခဏ ခဏ တသသနဲ့ အမြတ်တနိုး. . . "

"သွား. . . တော်ပြီ၊ မပြောတော့ဘူး"

ပန်းလိုက မျက်နှာချင်းဆိုင် လဲလျောင်းနေရာက သန္တာ့ကို ကျောခိုင်းပစ်လိုက်သည်။

သန္တာက တဟီးဟီးရယ်ရင်း သူမကို ကျောဖက်ကနေ အတင်းသိုင်းဖက်ပြီး ပြန်ချော့၏။

"ပန်းလိုတို့ ဇာတ်လမ်းက နားထောင်ကောင်းပါတယ်၊ ဆက်ပြော"

"တော်ပြီ"

"သူက ဘာလုပ်တယ်တဲ့လဲ၊ ကျောင်းပြီးပြီလား"

"ပြီးရောပေါ့"

ပန်းလိုက အမှတ်တမဲ့ ဆက်ပြောမိသွား၏။

"မမေးလိုက်ဘူးလား"

"အဲဒါ မေးဖို့ မေ့နေတယ်"

"အလုပ်အကိုင်ကရော"

"မော်ဒယ်ဘွိုင်းလို့တော့ ပြောတာပဲ၊ နောက်တာလား မသိပါဘူး၊ ခဏလေး စကားပြောဖြစ်တာ၊ သူ့အကြောင်းတော့ ဘာသိဦးမှာလဲ"

"သိထားဖို့တော့ လိုတာပေါ့"

"သူ့ပုံကတော့ ရိုးသားပါတယ်"

"အဟင်း. . . အမှတ်တွေ စွတ်ပေးနေပါလား"

"အမှတ်ပေးတာ မဟုတ်ပါဘူး၊ အကဲခတ်မိတာ"

"မိန်းမရှိပြီးသား ဖြစ်နေရင်ရော၊ ခုခေတ်ယောကျာ်းလေးတွေက ယုံရတာ မဟုတ်ဘူး"

"သူက တမင်ကြီးရောတဲ့ပုံမျိုး မဟုတ်ပါဘူး၊ ဒီတိုင်းခင်သွားတာ၊ မိန်းမရှိရင်ရှိတယ်လို့ ပြောမှာပေါ့၊ သားအမိနှစ်ယောက်ထဲ နေတာတဲ့"

"ရော်. . . . ပြောသမျှ ယုံနေပါလား"

"ညာမယ့်ပုံမှ မရှိတာ"





"ဘာပဲဖြစ်ဖြစ် ထပ်လေ့လာပါဦး ပန်းလိုရယ်"

သန္တာစိုးရိမ်ပုံကို သူမ ရယ်ချင်မိသည်။

အဂ္ဂကျော်လွှမ်းအပေါ် သူမကဖြင့် သံသယတစ်စက်ကလေးမှ မရှိ။ သူ့ဆီမှာ လိမ်ညာလှည့်ဖျား ကွေ့ကောက်မည့်ပုံစံမျိုးမှ မတွေ့ရတာ။ ပြီးတော့ ကိုယ့်အပေါ် လည်း ရိုးသားနေဘာပဲ။

"ကိုယ်နဲ့ ပတ်သက်ဆက်နွယ်မှုရှိလာပြီဆိုရင် အကြောင်းသိထားဖို့တော့ အရေးကြီးတယ်၊ သန္တာတို့တွေက မိဘမောင်ဘွား အကာအကွယ်နဲ့နေရတာ မဟုတ်ဘူး၊ ကိုယ့်ဘာသာကိုယ်ပဲကာကွယ်စောင့်ရှောက်ရတာ မဟုတ်လား"

"သိပါတယ်ဟယ်၊ အဂ္ဂက သန္တာထင်သလို လူစားမျိုးသုံးဝ မဟုတ်ဘူး၊ သူ ပန်းလိုအပေါ် အမြဲကောင်းမှာ သေချာပါတယ်၊ သူ့ကို ပန်းလို ယုံကြည်တယ်"

အဂ္ဂကျော်လွှမ်းရဲ့မျက်နှာသွင်ပြင် ဟန်ပန်မူယာကို မြင်ယောင်ရင်း သူမက ရဲရဲကြီးပင် အာမခံနေလိုက်မိ၏။

ကုမ္ပဏီရုံးခန်းရှေ့သို့ (LAND CRUISER) နက်ပြာကြီး တစ်စီး ထိုးရပ်လာပြီး နောက်ခန်းကနေ အသားဖြူဖြူ အရပ်မြင့်မြင့် ကိုယ်လုံးကိုယ်ပေါက်ခပ်လှလှ အမျိုးသမီးတစ်ယောက် ကြော့မော့စွာ ဆင်းလာပါသည်။

ဆံပင်ကောက်လေးတွေ တစ်ချို့တဝက်က ကျနေပြီး တစ်ချို့ကို ဆံထုံးပုံ့ပုံ့ ဖန်စီပုံစံလေး ထုံးထားသဖြင့် လည်ကုပ်သားလေးတွေက ဖွေးနုနေ၏။ အင်္ကျီမှာ ရင်ဖုံးလက်ပြတ်ပန်းဆီရောင်လေးဖြစ်ပြီး လုံချည်ကတော့ ဖြူခံပေါ်မှာ ပန်းရောင်ချိတ်အဆင်လေးဖြစ်သည်။ အင်္ကျီနှင့် အသွေးအရောင် တဆင်တည်းဖြစ်သော ဟပ်ဖ်ရှူးပန်းရောင်လေးကို စီးထားကာ ရှုရှုလေး ခြေလှမ်း

ပုံကပင် တမျိုးကြည့်ကောင်း စတိုင်လ်ကျလှသည်။ စိန်နှင့် ပုလဲ လက်ဝတ်ရတနာ ပုံဆန်းလေးကလည်း သူမကိုယ်ပေါ်မှာ ထင်လင်းဝင်းပလျက် ရှိသည်။ သူမကို ကြည့်တာနှင့်ပင် ဤကုမ္ပဏီ၏ သူဌေးမဆိုတာ ခန့်မှန်းမိသည်။

သူမရဲ့အသက်က သုံးဆယ့်ငါးစွန်းစွန်းဆိုပေမယ့် သုံးဆယ်လောက်ပဲ ထင်ရပါသည်။

ဒေါ်လရောင်ဖြူက စူးရှထက်မြက်သော မိန်းမသားတစ်ယောက်ဖြစ်သည်။ အပေါင်းအသင်းဆန့်သူ၊ ဖော်ရွေသဘောကောင်းသူလည်း ဖြစ်၏။ စီးပွားရေးမှာ အကွက်မြင်၊ လာဒ်မြင်ပြီး လည်ဝယ်ပါးနပ်သည်။ ကုမ္ပဏီကြီးတစ်ခုကို ဦးဆောင်နေသော မန်နေဂျင်းဒါရိုက်တာလည်း ဖြစ်သည်။

သူမ ရုပ်ဆင်းသဏ္ဍာန်မှာပင် လရောင်ဖြူဟူသော အမည်နှင့် လိုက်ဖက်အောင် အရှိန်အဝါ တောက်ပလင်းလက်၏။ သူမကို ကြည့်ရသည်မှာ အစွမ်းကုန်ဖူးပွင့်လှပနေသော ငွါးငွါးစွင့်စွင့် နှင်းဆီတစ်ပွင့်နှင့်လည်း အလားသဏ္ဍာန်တူသည်။

သူမက ရုံးခန်းတွင်းသို့ ခပ်ပြုံးပြုံးလေး ကြော့ကြော့မော့ လှလှပပ လှမ်းဝင်လာပါသည်။ အပြင်ခန်းက စတပ်ဖ်တွေ အကုန်လုံး ငြိမ်တိတ်သွားကြ၏။

"ဂွတ်မောနင်း မမ"





ပန်းလိုမွှေးက တံခါးကို ဆီးဖွင့်ကာ ကြိုဆိုနှုတ်ဆက်လိုက်သည်။ မမလရောင်ဖြူက ခေါင်းဆတ်ပြုံးပြပြီး သူမရဲ့ ကျွန်းစားပွဲကြီးနောက်က ဆုံလည်ထိုင်ခုံမှာ သွားထိုင်လိုက်သည်။ ပြီးတော့ သူမရဲ့လက်ကိုင်သားရေအိတ်ပြောင်ပြောင်လေးကို စားပွဲပေါ်သို့ အသာတင်လိုက်သည်။

"ပန်းလိုရေ . . . ဒီနေ့ ပရိုပရမ်တွေ မမကို တစ်ချက် ပြောပါဦး၊ ဂျပန်ဧည့်သည် သွားကြိုရမှာနော်၊ ပန်းလိုပါ လိုက်ခဲ့"

"ဟုတ်ကဲ့ မမ"

ပန်းလိုမွှေးက သူမရေးသားမှတ်ထားတဲ့ တစ်နေ့တာ အစီအစဉ်တွေကို နှုတ်ကနေ ရေရွတ်ပြသည်။ မမလရောင်ဖြူက ခေါင်းညိတ်မှတ်နေရင်းက ရုတ်တရက် . .

"ဟယ်တော့ . . . မေ့နေတာ၊ ဒီနေ့ မမတို့ရဲ့ Anniversary အဲယ်နီဗာဆရီပဲ"

"အင်းလေ . . ဒါကြောင့် ပန်းလိုက မမ ဒီမနက် နောက်ကျမယ်လို့ ထင်နေတာ"

"ကျွတ် . . . ဒုက္ခပါပဲ၊ အချိန်က လုံးဝမရတော့ဘူး၊ ဂျပန်ဧည့်သည်တွေ လေဆိပ်ကြိုပြီးရင် နေ့လည်စာလိုက်ကျွေးဖို့ ဒုန်းတောင် ဆက်ထားပြီးသား၊ မမ မသွားလို့ ဘယ်ဖြစ်မှာလဲ၊ အင်း . . . မတတ်နိုင်ဘူး၊ ဒါဆို ဒီလိုလုပ် . . . ."

မမလရောင်ဖြူက နှုတ်ခမ်းလေးကိုက်ရင်း လက်ချောင်းနှင့် စားပွဲကို ခေါက်ရင်း တစ်ချက်စဉ်းစားဟန်ပြုပြီးမှ . . .

"ဒီအချိန်ဆို ပန်းလိုတို့ အန်ကယ်လ်လင်း ဂေါက်ကွင်းက ပြန်ရောက်လောက်ပြီ၊ သူ့အတွက် လက်ဆောင်ကို ပန်းလို တစ်ချက် သွားပေးပေး"

"ရှင်. . . လက်ဆောင်"

"အေးလေ၊ ကိုကြီးက မမကို ဟိုတစ်ပတ်ကတည်းက ပုလဲလည်ဆွဲအကပ်လေးလက်ဆောင် ကြိုဝယ်ပေးပြီးသား၊ မမက ဒီနေ့မှပဲ သူ့ကို ပေးမလို့ဥစ္စာ၊ နာရီတစ်လုံးတော့ ဖယ်ထားတယ်၊ ဒီအံဆွဲထဲမှာပဲ သိမ်းထားမိလို့ တော်သေးတယ်၊ နာရီဆိုကောင်းပါ့မလား ပန်းလို၊ မမလည်း မစဉ်းစားတတ်တော့ဘူး ကိုကြီးမှာက နာရီတွေလည်း တစ်ပုံကြီး"

"ဒါပေမယ့် မမဖြူရဲ့လက်ဆောင်ဆိုတာကတော့ တခြားနာရီတွေနဲ့ ဘယ်တူမလဲ မမရဲ့၊ ဒါက အထိမ်းအမှတ် သင်္ကေတပဲလေ"

"အင်း. . . ဟုတ်တယ်၊ ညီမလေးပြောမှ စိတ်ချမ်းသာတယ်၊ ဒါဆိုလည်းပြီးရော နာရီပဲ ပေးလိုက်တော့မယ်၊ အဲဒီ အံဆွဲထဲမှာ ထုတ်လိုက်"





ပန်းလို ထုတ်ကြည့်လိုက်တော့ ယောကျ်ားပတ်ရိုးလက်စ်နာရီတစ်လုံး။

"တွေ့လား"

"ဟုတ်ကဲ့"

"အဲဒီဗူးကို ပက်ကင်လှလှသွားထုပ်ခဲ့၊ ဪ. . . ပြီးရင် Anniversary အဲယ်နီဗာဆရီကတ်ကောင်းကောင်းလေးတစ်ခု ပန်းလိုပဲ ရှာဝယ်ပေးပါဦး နော်၊ မမ တကယ် အချိန်မရလို့ပါ၊ ဒီနေ့ တစ်နေ့လုံး မအားတာ"

"ဒါပေမယ့်. . . ဟိုလေ အန်ကယ်လ်လင်းကို မမကိုယ်တိုင်ပေးတာ ပိုမကောင်းဘူးလား"

"အံမယ်လေး မလုပ်နဲ့၊ သူ့ကို အချိန်မပေးနိုင်ဘဲ လက်ဆောင်လေးပဲ သွားပေးလို့က သေပြီ၊ ရမှာမဟုတ်ဘူး၊ ပန်းလိုပဲ သွားလိုက်တော့ကွာ နော်၊ မမ ဖုန်းလည်း မဆက်ဘူး၊ မမကို မေးရင် လေဆိပ်သွားတယ်ပြော၊ ညစာတောင် သူနဲ့စားဖို့ မနည်းအချိန်လုရဦးမှာ၊ ကဲ. . . ကဲ ပန်းလို ဒီနေ့ လေဆိပ်မလိုက်နဲ့တော့၊ အိမ်ကိုပဲ သွားလိုက်၊ ဟုတ်ပြီလား"

ပန်းလိုသည် အနည်းငယ် စိတ်မသက်မသာနှင့်ပဲ ခေါင်းညိတ်လိုက်ရပါသည်။ တစ်ခါတစ်ခါ အဲဒီ မမလရောင်ဖြူကို နားကိုမလည်။

ကိုယ့်ရဲ့မင်္ဂလာနှစ်ပတ်လည်နေ့လေးကိုတော့ ဂရုတစိုက် အချိန်ပေး စီစဉ်ရောပေါ့။ ပြီးပြီးရော လက်ဆောင်တစ်ခု ပေးပို့ခိုင်းတာ အံ့ဩစရာပင်။

အန်ကယ်လ်လင်းအပေါ် အလေးအနက် မထားတာ ပေါ်လွင်နေသလို ထင်မိသည်။ အန်ကယ်လ်လင်းက မမ လရောင်ဖြူထက် အသက်ကြီးသည်။ ဆယ့်ငါးနှစ်ခန့် ပိုအသက်ကြီးတာတဲ့။

ဘိုးဘွားစဉ်ဆက် ချမ်းသာကြွယ်ဝခဲ့ပြီး စည်းစိမ်တွေ တပုံတပင်ရှိတဲ့ တစ်ဦးတည်းသောသားဖြစ်သူ ဦးလင်းထွဋ်ကို လရောင်ဖြူ လုံးလုံးမချစ်။ အချစ်ဆိုတာ ဘာမှန်းမသိဘဲ လက်ထပ်ခဲ့ရတာ ဖြစ်သည်။

အင်း. . ဘာလိုလိုနဲ့ လက်ထပ်ခဲ့တာ ဆယ်နှစ်ရှိသွားပြီ။

ဒီနေ့ဟာ ဆယ်နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်နေ့ပေါ့။ ဖြတ်သန်းလာခဲ့ရတဲ့ အိမ်ထောင်ရေးခရီးက ပျင်းခြောက်ခြောက်နှင့် ငြီးငွေ့စရာပါ။

ဘယ်နေရာမှ ဝါသနာချင်း၊ ဓလေ့စရိုက်ချင်းလည်း မတူ ခံယူချက်ချင်း၊ အကြိုက်ချင်းလည်း မနီးစပ်။

ဘာကြောင့် ဘယ်လို ဖူးစာဆုံခဲ့ကြသလဲဆိုတာပင် တွေးမရပါ။





ဦးလင်းထွဋ်ဟာ အလျှံပယ် ချမ်းသာပြီးသားမို့ စီးပွားရေးကိုလည်း ဖိဖိစီးစီး ဦးမဆောင်။ မနေတတ်တဲ့ လရောင်ဖြူကပဲ ကုမ္ပဏီကို ဦးဆောင်ရသည်။

သူတို့အိမ်ထောင်ရေးဟာ ကြာလေလေ တစ်စတစ်စ အေးစက်လာလေလေဟုသာ ခံစားမိသည်။ ကိုကြီးဟာ ဘဝမှာ ပေါ့ပေါ့ပါးပါးကလေး ဘုရားတရား လုပ်မည်။ အားကစားလိုက်စားမည်။ ဝါသနာပါတဲ့ ပန်းချီလေး ရေးဆွဲတဲ့အခါ ရေးဆွဲပြီး ဘဝကို ပျော်မွေ့ငြိမ်းချမ်းနေသူလည်း ဖြစ်သည်။

ကြည့်လိုက်ရင် သူ့ဘာသာ တစ်ယောက်တည်း စာဖတ်ရင် ဖတ်၊ တီဗွီကြည့်ချင်ကြည့်၊ ပန်းချီဆွဲချင်ဆွဲ၊ ဒါနှင့်ပဲ ပြီးနေတာ။

လရောင်ဖြူသည် အေးတိအေးစက် တရားသမားကြီးကို ကြာလေ စိတ်ပျက်လေလေဆိုတာ ဘယ်သူမှ မရိပ်မိ။

သူမဘဝက ကြည့်လိုက်ရင်တော့ အရာရာ ပြည့်စုံနေတာပါပဲ။ ဘာမှ လိုလေသေးမရှိတာ အမှန်။ သို့သော် အလျှံပယ် ပြည့်စုံနေတဲ့ ဘဝမှာလည်း လိုအပ်ချက်ဆိုတာ ရှိပါသေးသည်။

အပြင်က ကြည့်ရင်တော့ လရောင်ဖြူရင်ထဲ ဘာတွေဖြစ်နေသလဲ ဘယ်သူမှ နားလည်မှာ မဟုတ်ပါ။

သူမရဲ့ဘဝမှာ ရင်ခုန်လှုပ်ရှားမှုတွေ တိတ်ဆိတ်နေသည်။

တက်ကြွချိုမြိန်တဲ့ အရယ်အပြုံးတွေ ပျောက်ဆုံးနေတာကြာပြီ။

ပျော်ရွှင်မှုဆိုတာ ဘဝရဲ့သော့ချက်ပဲဆိုတာတောင် သူမမေ့နေပြီ။ တစ်နေ့တစ်နေ့ အလုပ်ကိစ္စတွေနှင့်ပဲ စိတ်ဖိစီးနေတာကြာမြင့်လှပြီလေ။

သူမကိုမြင်ရင် လူတိုင်းက အားကျအထင်ကြီးကြသည်။ ဒေါ်လရောင်ဖြူဟာ လှပချောမောသလောက် ထက်ထက်မြက်မြက် အရည်အချင်း အပြည့်ရှိတယ်။ မာန မကြီးဘူး။ သဘောကောင်းတယ်။ ကော့စမက်တစ် နာရီ မျက်မှန် ဖက်ရှင်ပစ္စည်းကုမ္ပဏီနှင့် အရောင်းပြခန်းတွေ ပိုင်ဆိုင်တယ်။ လုပ်ငန်းအစုံကိုလုပ်နိုင်တယ်။ အင်မတန် သွက်လက်ဖျတ်လတ်တယ်၊ ကိုယ်ပေါ်တင်ထားတဲ့ ရတနာဒီဇိုင်းဆန်းတွေဟာဆိုရင် တန်ဖိုးကြီးသလောက် ဆန်းသစ်ပြီး၊ မြင်သူတိုင်း ငေးမောရတယ်။ စီးနေတဲ့လင်ခရုဇာကားကြီးက ဘယ်လို စသဖြင့် သူတို့ရဲ့မှတ်ချက်တွေအားလုံးဟာ လရောင်ဖြူနှလုံးသားရဲ့ အပြင်ဖက်မှာပဲ ရစ်ဝဲနေသည်။

နွမ်းလျပင်ပန်းနေတဲ့ ရင်ထဲက နှလုံးသားအကြောင်းကိုဘယ်သူမှ သတိပြု မစာနာနိုင်ပါဘူး။ တစ်ခါတစ်ခါ တွေးမိတဲ့အခါ လရောင်ဖြူ ဝမ်းနည်းသည်။





ကိုယ့်ဘဝကိုယ် မချင့်မရဲလည်း ဖြစ်သည်။

ပျော်ရွှင်ကျေနပ်မှုဆိုတာ ငွေကြေးနှင့် ဝယ်ယူလို့မှ မရနိုင်ဘဲ။

စီးပွားရေးအရ အောင်မြင်ရုံလေးနှင့် လူ့ဘဝဆိုတာ ပြီးပြည့်စုံနိုင်ပြီလား။ မဟုတ်သေးဘူး ထင်သည်။ လန်းဆန်းရွှင်ပြကြည်နူးရတဲ့ရသ သူမမှာမှ မရှိဘဲ။

ကိုကြီးနှင့် လရောင်ဖြူဟာ အိမ်ထောင်သက်သာ ဆယ်နှစ်ရှိရော့။ တစ်ဦးနှင့် တစ်ဦး သံယောဇဉ်ပါးပါးရှိရုံကလွဲ၍အစေးမကပ်။ များသောအားဖြင့် တစ်သီးတစ်ခြားဆီသာ အချိန်တွေကုန်လွန်သည်။ ကိုကြီးကြည့်ရတာလည်း သူတစ်ယောက်တည်း နေရတာကို ပိုနှစ်သက်ပုံပါ။

သူသွားလေရာ လရောင်ဖြူကလည်း တစ်နေ့တစ်နေ့ကိုယ့်စီးပွား ကိုယ့်အလုပ်ကိစ္စတွေနှင့်ပဲ ချာလပတ်ယမ်းနေရကာညမိုးချုပ်မှ အိမ်ပြန်ရောက်တတ်သူ။ ညစာစားပြီး ခဏတဖြုတ်စကားပြောဖြစ်တာကလွဲရင် လရောင်ဖြူတို့နှစ်ယောက်သားကြည်ကြည်နူးနူး သာသာယာယာ အတူအချိန်ဖြုန်းတယ်ဆိုတာမရှိသလောက် ရှားပါးသည်။

ခပ်စိမ်းစိမ်း လင်မယားနှစ်ယောက်ကြားမှာ ချည်နှောင်ထားတဲ့ သားသမီး သံယောဇဉ်ဆိုတာကလည်း မရှိပြန်။ သား

သမီး မရတဲ့ အိမ်ထောင်ရေးဆိုတာ တစ်ယောက်နှင့်တစ်ယောက် ပိုမို နွေးထွေးနီးကပ်ပြီး အပြန်အလှန် ဖေးမကြ။ ဂရုစိုက်ကြဆို ရင်လည်း တော်ပါသေးသည်။

အခုတော့. . . ဒီလိုလည်း မဟုတ်။ လရောင်ဖြူက တခဏ တွေဝေငေးငိုင်ငိုင်လေး ဖြစ်နေပြီးမှ. . .

"ပန်းလို. . . မမပြောတာ သဘောပေါက်တယ်နော်"

"ဟုတ်ကဲ့"

"အဲယ်နီဗာဆရီကဒ်ကို ပန်းလို ရွေးတတ်တယ်မို့လား"

"ဟုတ်ကဲ့"

ဟုတ်ကဲ့ကလွဲ၍ စောဒကတက်၊ အတွန့်တက်လို့လည်း ရမှာမှ မဟုတ်တာ။ ဒီတော့ ပန်းလိုက ခေါင်းညိတ်ရုံသာ ရှိတာပေါ့။

စိတ်ထဲမှာတော့ အန်ကယ်လ်လင်းကြီးကို သနားအားနာ မိတာအမှန်။ ဇနီးသည်ဖြစ်သူ မမလရောင်ဖြူရဲ့ သဘောထားကို သူ ရိပ်မိပါရဲ့လား။ ရိပ်မိရင်လည်း စိတ်ဆင်းရဲတော့မှာ။

ကဲလေ. . . ငါနဲ့မှ မဆိုင်တာ၊ ခိုင်းရင် ခိုင်းသလို လုပ်ပေးလိုက်၊ ပြီးတာပဲ၊ စဉ်းစားနေရင် ခေါင်းရှုပ်ဦးမယ်။

သူများကိစ္စ၊ အတွင်းရေးထဲ ဝင်မပါတာ အကောင်းဆုံး။ ပန်းလိုက သူ့စိတ်သူ ဆုံးမလိုက်ပါသည်။





"တောင်းအေ့စ်ပဲ မောင်းသွားလိုက်နော်၊ ခုလောလော ဆယ် အဲဒီကားပဲ ပန်းလိုသုံးဖို့ ယူထားဦး၊ ညဖက် လမ်းထဲမှာရပ် ရတော့ အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့. . . ပြေပါတယ်မမ၊ လမ်းထဲမှာက ကားရှင်း ပါတယ်၊ ဒါပေမယ့် ကိုယ့်မျက်စိအောက်၊ တိုက်ရှေ့မျက်နှာစာမှာ တော့ ရပ်လို့ မရဘူးပေါ့၊ လက်ဖက်ရည်ဆိုင်ဖွင့်ထားတာကိုး"

"အင်းပေါ့လေ"

အဲဒီ လက်ဖက်ရည်ဆိုင်ဖွင့်ထားတဲ့ မြေညီနှစ်ခန်းတွဲကို လည်း မမလရောင်ဖြူပဲ နှစ်ချုပ်နှင့် ငှားထားခဲ့တာ မဟုတ်လား။ စီးပွားရေးနှင့် ပတ်သက်ရင်တော့ သူမက အကွက်စေ့သည်။ ဝင်ငွေတွေဟာ လမ်းအသွယ်သွယ်၊ နည်းအဖုံဖုံနှင့် သူ့ဆီ အချိန် မှန် ဝင်သည်။ စက်မှုဇုန်အကွက်တွေ၊ ဂိုဒေါင်တွေလည်း အငှား ချထားသေးသည်။ ဒေါ်လာနှင့် ငှားထားတဲ့ ခြံကျယ်တိုက်တာ တွေလည်း ပိုင်ဆိုင်သည်။

လက်ရှိ သူတို့နေထိုင်တဲ့ တိုက်နှင့် ခြံကျယ်ကြီးကလည်း ကောင်းမှကောင်းပါပဲ။ နန်းတော်တမျှ ဟီးဟီးထနေတာ မြင် တာနှင့် ဖြုံလောက်သည်။ လင်မယားနှစ်ယောက်ထဲ အခြွေ အရံတွေနှင့် နေတာလေ။

ပန်းလိုက အဲဒီ တိုက်ဆောက်နေကတည်းက ဝင်ထွက်

နေကျလူမို့ အခန်းပေါင်းများစွာနှင့် အိမ်ကြီး ကျယ်လွန်းလှတာကို ဧေးမော သဘောကျခဲ့ရသည်။

ပန်းလိုတို့ကိုလည်း တိုက်ခန်းတွေ ပေးနေထားတာပါပဲ။ ပန်းလိုဆိုရင် မမအချစ်တော်မို့ ပထမထပ်မှာ သန္တာနှင့် နှစ်ယောက်ထဲ နေခွင့်ရသည်။ တခြား အထပ်၊ တခြား အခန်းတွေမှာဆို ဝန်ထမ်းကောင်မလေးတွေ တစ်ခန်းကို ဆယ်ယောက်လောက်စီ နေကြရတာ ဖြစ်သည်။ ပန်းလိုကတော့ အားလုံးထဲမှာ ကံကောင်းသူလို့ ဆိုရမည်။

သူက ကိုယ့်အပေါ် ကောင်းနေတော့ သူခိုင်းတဲ့ ကိုယ်ရေးကိုယ်တာတွေလည်း ပန်းလိုက အကောင်းဆုံး ဆောင်ရွက်ပေးရမှာပါ။ တကယ်တော့လည်း . . . မမလရောင်ဖြူရော၊ အန်ကယ်လ်လင်းရောဟာ ပန်းလိုရဲ့ ကျေးဇူးရှင်တွေပါ။

ကျေးဇူးရှင်တွေမို့လည်း အရာရာ အဆင်ပြေ စိတ်ချမ်းသာနေတာပဲ မြင်ချင်တာပေါ့လေ။

"မမ. . . ဒါဆို ပန်းလို သွားမယ်နော်၊ အန်ကယ်လ်လင်းကို ပေးစရာရှိတာ ပေးပြီးတာနဲ့ ပန်းလို ဒီကိုပဲ တန်းပြန်လာလိုက်မယ်"

"ကောင်းတယ် ညီမလေး၊ သိုင်းကျူး. . . မမ စိတ်ချမယ်နော်"





"ဟုတ်"

ပန်းလိုမွေးက လက်ပတ်နာရီဗူးနှင့် ပိုက်ဆံအိတ်လေးလွယ်ကာ ကားဆီ လျှောက်ခဲ့သည်။ ဒီနေ့ ဂျင်းနိပဲင်နှင့် တီရှပ်အမည်းလေးပဲ လွတ်လပ်ပေါ့ပါးစွာ ဝတ်ဆင်ထားခဲ့သည်။

ကားပေါ် တက် စက်နှိုး မောင်းထွက်လာပြီး အရင်ဦးဆုံး (Florist) လေးတစ်ခုဆီ ဝင်လိုက်သည်။

အဲဒီ (Florist) မှာ အဲယ်နီဗာဆီရီကဒ် လှလှလေးတွေလည်း ရသည်။

ပြီးတော့ ပက်ကင်ကို အဆန်းအပြားလေးတွေနှင့် ထည့်သို ထုတ်ပေးတတ်သည် မဟုတ်လား။

ပန်းလိုက နာရီလက်ဆောင်ဗူးလေးကို ဒီတိုင်း ရိုးရိုးပက်ကင်ပေပါနှင့် မလုပ်ခိုင်းဘဲ ပူပေါင်းအပြာရောင် ကြည်ကြည်ကလေးထဲ စက်နှင့် လေမှုတ်သွင်းကာ ထည့်ခိုင်းလိုက်သည်။

သူမရဲ့ ကလေးစိတ်ကူးကို အန်ကယ်လ်လင်းကတော့ ရယ်မလား မသိ။ မမလရောင်ဖြူရဲ့ စိတ်ကူးထင်ပြီး သဘောကျနိုင်ပါတယ်နော်။

မင်္ဂလာနှစ်ပတ်လည်ကဒ်ကိုလည်း စာတမ်းအဓိပ္ပာယ်ကောင်းကောင်းလေး ရွေးဝယ်ရသည်။ အဲဒီကဒ်ဟာလည်း ပူပေါင်းထဲမှာပဲ အပြင်က မြင်နေရသည်။

ဖတ်ချင်ရင်တော့ ပူပေါင်းကို အသာကလေး လေလျှော့ပြီး ထုတ်ဖတ်ပေါ့။

ဆိုင်မှာ စိတ်တိုင်းကျ ရွေးချယ်ဈေးထူပြီးလျှင် ပန်းလိုက တောင်းအော့စ်ပေါ် ပြန်တက်ပြီး အန်ကယ်လ်လင်းတို့အိမ်သို့ မောင်းချလာခဲ့သည်။

ခြံစောင့် ဦးစိုင်းလီက တံခါးဖွင့်ပေးလျှင် ကားဝင်လမ်းလေးအတိုင်း မောင်းဝင်လာသည်။ လမ်းတစ်ဖက်တစ်ချက်မှာ မက္ကဆီကန် ထန်းပင်လေးတွေ စီတန်းစိုက်ထားသည်။ မြက်ခင်းကျယ်ကျယ်နှင့် ရေစာံခွန်လည်း ရှိသည်။

ပန်းခင်းလှလှတွေလည်း စိုက်ပျိုးထားတာမို့ ရောက်သွားတာနှင့် မျက်စိပသာဒရှိလှပြီး အလိုလို လန်းဆန်း ကြည်နူးသွားစေသည်။

"အိမ်ထဲဝင်လေ. . . ကလေးမ၊ ဒေါ်ဒေါင်း ရှိတယ်"

"ဟင့်အင်း. . . ကျွန်မ ဒီကပဲ ထိုင်စောင့်မယ်၊ အန်ကယ်လ်လင်း ဂေါက်ကွင်းသွားတယ် မဟုတ်လား"

"ဟုတ်တယ်. . . မရောက်သေးဘူး"

ပန်းလိုက တိုက်ထဲမဝင်ဘဲ ခြံထဲက ကုလားထိုင်မှာပဲ ထိုင်နေလိုက်သည်။ ပါလာတဲ့ မဂ္ဂဇင်းတစ်အုပ်ကို အပျင်းပြေ လှန်လှောကြည့်နေလိုက်သည်။





ဖက်ရှင်မဂ္ဂဇင်းမို့ ရောင်စုံဓာတ်ပုံတွေ ဝေဝေဆာဆာနှင့် တစ်အုပ်လုံး ပြည့်နေတာကြောင့် ကြည့်ချင်စရာချည်းပါပဲ။

မဂ္ဂဇင်း ကြည့်လို့ တစ်ဝက်မကျိုးမီမှာပင် အန်ကယ်လ်လင်းရဲ့ ကားဟွန်းသံ တတီတီကို ကြားလိုက်ရသည်။

အဆင်သင့်စောင့်နေသော ဦးစိုင်းလီက ဒဘယ်လ်ဂိတ်ခြံတံခါးနှစ်ခုရဲ့ ဒီဖက်အဝင်ပေါက်ကို ဖွင့်ပေးလိုက်သည်။ ပါဂျဲရိုးအနက်ရောင်လေးက ပြောင်လက်နေ၏။

ဒရိုင်ဘာက မောင်းပြီး အန်ကယ်လ်လင်းက နောက်ကထိုင်စီးလာတာ။

"ဟော. . သမီးပန်းလို ရောက်နေတာကိုး၊ အန်ကယ့်လ်စောင့်နေတာလား"

ဦးလင်းထွဋ်က ကားပေါ်ကဆင်းတာနှင့် ပြုံးပြုံးရွှင်ရွှင်နှုတ်ဆက်ပါသည်။

"ဟုတ်ကဲ့. . . မမလရောင်ဖြူ လွှတ်လိုက်တာပါ"

ဦးလင်းထွဋ်က ခြံထဲ ကွန်ကရက်ခင်းပေါ်က ထီးအမိုးအောက် စားပွဲရှိရာ လျှောက်လာသည်။

"ဖြူက ဘာတဲ့လဲ"

"ခဏလေး. . . အန်ကယ်လ်လင်း"

ပန်းလိုက လက်ကလေးပြ စောင့်စေပြီးလျှင် ကားပေါ်က ပူပေါင်းပက်ကင်လေးကို သွားယူလာခဲ့သည်။

"အန်ကယ်လ်. . . ဒီမှာ"

"အဲဒါဘာလဲ"

ပန်းလိုက ပြုံးပြီး. . .

"မမက အန်ကယ်လ်အတွက် ပေးခိုင်းလိုက်တာ"

ပူပေါင်းပြာလွင်လွင်လှလှကြီး တွေ့မြင်လျှင် ဦးလင်းထွန်းက အံ့သြနေသည်။

ငါ့မိန်းမတော့ ဘာတွေနောက်ပြီလဲဟု စိတ်ကလည်း တွေးသည်။

ဦးလင်းထွန်းပုံစံက ရယ်ဟဟနှင့် ဇဝေဇဝါ. . .

"သမီးနဲ့ ပို့ခိုင်းတယ်ဆိုတော့ သူက ဘယ်မှာလဲ"

"ဧည့်သည်ကြိုစရာကိစ္စနဲ့ လေဆိပ်သွားတယ် အန်ကယ်လ်၊ လုံးဝ အချိန်မရလို့ပါ"

"ဪ. . . ဪ"

ဦးလင်းထွန်းက ဘာမှ မဖြစ်သယောင် ခေါင်းဆတ်ပေမယ့် မျက်နှာ မသိမသာ ပျက်သွားသည်။

အင်း. . . ဆန်းတော့ဆန်းသည်။





ပညာတတ်ပြီး ထက်မြက်စူးရှပေမယ့် သူ့အတွက် ဘယ်သူက အရေးကြီးသလဲဆိုတာ ခုထိ မသိသေးတဲ့မိန်းမပေါ့။

တစ်ခြားအရာတွေကို ပိုဂရုစိုက်၊ ပိုအရေးပေးရင်း အချိန်တွေ မအားလပ်ရှာ။

ခင်ပွန်းဖြစ်သူကိုတော့ အရာရာထက် အနောက်သို့ပို့တာ အစဉ်အလာတောင် ဖြစ်နေပါပြီ။ တစ်ခြားအရာတွေကပဲ အမြဲတမ်း လရောင်ဖြူအတွက် အရေးကြီးနေတတ်သည်။

မသိတတ်တာလား၊ နားမလည်ချင်ယောင်ဆောင်တာလား။ ဒါမှမဟုတ်။

"ဖွင့်ကြည့်လေ အန်ကယ်လ်. . . အရမ်းလှမှာပဲနော်၊ ဘာလဲဆိုတာ ပန်းလိုတောင် သိချင်လာပြီ၊ အို. . . ဒါပေမယ့် နေပါစေ၊ အန်ကယ်လ်ဘာသာတစ်ယောက်ထဲ အေးအေးဆေးဆေး ဖွင့်ကြည့်ပေါ့ မဟုတ်ဘူးလား၊ ဪ. . . မမက မှာလိုက်သေးတယ်၊ ညစာ အပြင်ထွက်စားဖို့ သူ စောစောပြန်လာမယ်တဲ့"

"အေး. . . အေး၊ လာပို့ပေးတာ သင့်ခ်ယူနော် သမီး၊ သမီးရဲ့ ကြီးကြီးမြနဲ့ရော ဖုန်းပြောဖြစ်သေးလား၊ နေကောင်းတယ် မဟုတ်လား"

"ကြီးမြက ပန်းလိုဆီ တစ်ပတ်တစ်ခါ မှန်မှန် ဖုန်းခေါ်နေကျပါ၊ ကြီးကြီး နေလို့ကောင်းပါတယ် အန်ကယ်လ်"

"အေးကွယ်. . . သမီးလည်း လိုတာပို့ပေးပါ၊ အဝေးက နေလည်း ကျေးဇူးဆပ်၊ သူပဲ သမီးကို ကြည့်ရှုလာတာနော်. . . ကျေးဇူးမမေ့နဲ့"

"ဟုတ်ကဲ့ပါ. . . အန်ကယ်လ်"

ဦးလင်းထွဋ်သည် ဤကလေးမလေးကိုမြင်လျှင် ခုလိုပဲ ဆိုဆုံးမ ဩဝါဒ ခြွေတတ်သည်။

ပန်းလိုမွှေးဆိုတာက ဦးလင်းထွဋ်အဖို့မှာ ရပ်ဆွေရပ်မျိုး သမီးလေးလို၊ တူမလေးလို ဖြစ်နေတာ။ မန္တလေးမှာ နေစဉ်က တည်းက ခင်မင်ရင်းနှီးပြီးသား မဟုတ်လား။

ဒါကြောင့်လည်း ဦးလင်းထွဋ်ကလည်း ရန်ကုန်ရောက်တော့ အလုပ်တန်းခန့်ပေးခဲ့တာ။ ကြီးကြီးမြနှင့်လည်း ခင်သည်။ ကြီးမြကလည်း ပန်းလိုကို တစ်ယောက်တည်း စိတ်ချလို့ မဟုတ်။ အန်ကယ်လ်တို့ မမတို့ဆီ အပ်နှံလို့ရလို့သာ ရန်ကုန်မှာနေဖို့ ခွင့်ပြုခဲ့တာ။

ခုလည်းပဲ ပန်းလိုသတင်းကို မျက်ခြေမပြတ် စုံစမ်းနေတတ်သူပါ။

"အန်ကယ်လ်. . . ဒါဆို ပန်းလို ပြန်တော့မယ်နော်"

"အေး. . . အေး. . . ကောင်းပြီသမီး၊ ရုံးကိုပဲ ပြန်မှာပေါ့"





'ဟုတ်ကဲ့"

"ကား ဖြေးဖြေးမောင်း၊ ဖျူက သမီးကို ကားလည်း မောင်းခိုင်းနေသလား"

"မဟုတ်ပါဘူး. . ပန်းလိုကို ကားပေးသုံးတဲ့ သဘောပါ"

"ဪ. . . ဪ"

ဦးလင်းထွဋ်က သိပ်မယုံ။ သူ့ဇနီးဖျူဟာ ဘယ်သူ့ကို ဘယ်နေရာ ဘာခိုင်းရမလဲ သိပ်အကွက်မြင်တာ။ ထောင့်စေ့အောင်လည်း ညွှန်ကြားတတ်သည်။ သူ့ရဲ့ ညွှန်ကြား ထိန်းချုပ်မှု စက်ကွင်းကလွတ်တာဆို၍ ဦးလင်းထွဋ် တစ်ယောက်သာပဲ ရှိမယ်ထင်ပါသည်။

"ဟီး. . . ဟီး. . . ပူမပေါင်းထဲ ထည့်ပေးတာ ပန်းလို လက်ချက်လို့ သူ ရိပ်မိမှာပေါ့"

"မသိဘူးလေ. . . ငါကလည်း စေတနာနဲ့ပါ"

"မမလရောင်ဖြူစိတ်က တစ်မျိုးပဲနော်၊ သူပေးချင်တဲ့ လက်ဆောင်ကို နင့်ကို တဆင့်ပေးခိုင်းသေးတယ်၊ လင်မယား ချင်းပဲ၊ ကိုယ်တိုင်ပေးရမှာပေါ့"

"အေးလေဟယ်. . . နားကို မလည်ပါဘူး"

"သေချာတာကတော့ သူ့ဘိုးတော်ကြီးကို သူ သဝန်မတို ဘူး. . . ချစ်လည်း ချစ်ပုံမရဘူး"

"ပန်းလိုလည်း အဲဒီလိုပဲ တွေးမိတယ်"

"ဒါပေမယ့် လှချင်တာကတော့ အရမ်းပဲ၊ တစ်ပတ်ကို နှစ်ခါ သုံးခါလောက် ဖြူတီစပါး သွားနေတာ မတွေ့ဘူးလား"

"ဪ. . . ဒါကတော့ သူဆက်ဆံနေရတဲ့ လူမှု၊ စီးပွားရေးနယ်ပယ်က ကြီးကျယ်ခန်းနားတယ် မဟုတ်လား၊ သူ့ကိုယ်သူ စမတ်ဖြစ်နေအောင် နေထိုင်ရတာပေါ့"

"မမ နိုင်ငံခြားသွားလည်း ဘိုးတော်ကြီးက မလိုက်ဘူး နော်၊ တစ်ယောက်ထဲ လွှတ်ထားတာပဲ"

"လူကြီးဆန်ဆန် အေးအေးဆေးဆေးပဲလေ"

"သန္တာ့အထင်တော့ နောက်ကွယ်မှာ ရှုပ်လို့ ဖြစ်နိုင်တယ်"

"ဟယ်. . . မဟုတ်ပါဘူး၊ အန်ကယ်လ်လင်းက တရားသမား၊ ပုတီးသမားကြီးပါ၊ ဘီယာဆိုင်တောင် မသွားဘူးလို့ မမ ပြောတယ်"

"ယောက်ျားတွေအကြောင်း နင်မသိပါဘူး ပန်းလိုရယ်"

"ဪ. . . ရှင်ကတော့ သိတယ်ပေါ့လေ"

"ဟီး. . . ဟီး. . . ပတ်ဝန်းကျင်မှာ မြင်ရသလောက် ပြောတာ"

"ငါ သိရသလောက်ကတော့ အန်ကယ်လ်လင်းမှာ နာမည်ဆိုး သတင်းဆိုးထွက်တာ ဘာမှမရှိဘူး၊ ဟိုးမန္တလေးမှာ





နေကတည်းက လူရိုးလူအေးဆိုတာ အားလုံးသိကြတာပဲ၊ ငါ့ကြီးကြီးဆို ဦးလင်းထွဋ်ကို အမြဲအမွှမ်းတင်နေတာ၊ အသောက်အစား၊ လောင်းကစား ကင်းတယ်၊ သူ့ငွေးထဲမှာ ဒါမျိုး ရှားတယ် ဆိုပြီးတော့ မမလရောင်ဖြူက ဦးလင်းထွဋ်ကိုရတာ အရမ်း လင်ကံကောင်းလို့တဲ့"

"ဟုတ်တာပဲနော်. . . ဒါပေမယ့် မမနဲ့ ဘိုးတော်ကြီး ကြားမှာ ပြဿနာတစ်ခုခု အမြဲရှိနေသလိုပဲ"

သန္တာက သူ အကဲခတ်မိတာကို ဖွင့်ပြောသည်။

ပန်းလိုကတော့ ကိုယ်သေချာမသိဘဲ ဘာမှ မဝေဖန်ရဲပါ။ သို့သော် မမလရောင်ဖြူအနေနှင့် ခင်ပွန်းသည်အပေါ် ဒီ့ထက် အချိန်ပေး ဂရုစိုက်ရင်တော့ ပိုကောင်းတာပေါ့"

"ပြဿနာသာ မရှိရင် စိတ်ထဲ ခုနေတာသာ မရှိရင် သူတို့ ဒီလို ခပ်စိမ်းစိမ်းကြီး ဘယ်နေမလဲဟာ၊ မမနဲ့ သူ့ဘိုးတော်ကြီး တတွဲတွဲ သွားလာနေတာ၊ ပြုံးနေ၊ ကြည်နူးနေတာ နင်မြင်ဖူးလို့လား"

သန္တာ ဒီလိုမေးမှပဲ ပန်းလိုလည်း မျက်မှောင်လေးကုပ်ပြီး စဉ်းစားမိသွားသည်။ သန္တာ့စကားကလည်း မှန်နေတာပဲ။ မမလရောင်ဖြူကို သူ့ခင်ပွန်းနှင့် အတူတူ အလွန်တွေ့ရခဲသည်။ ခဲယဉ်းတဲ့ကိစ္စလို ဖြစ်နေသည်။

မသိတဲ့သူတွေဆို အပျိုကြီးလားပဲ မေးကြတာ။ အိမ်ထောင်သက် ဆယ်နှစ်ဆိုရင် ဘယ်သူကမှ မယုံ။

အန်ကယ်လ်လင်း မနက်တိုင်း ဘုရားတက်လည်း မမ မပါ၊ ဂေါက်ကွင်းသွားလည်း မလိုက်၊ ခရီးသွားလည်း တစ်ယောက်ချင်းဆီ၊ ထမင်းစားတော့လည်း အပြင်မှာ၊ ပွဲလမ်းသဘင် မင်္ဂလာဆောင် အတူသွားတယ်ဆိုတာမျိုးလည်း တစ်ခါမှ မမြင်ဘူး၊ ပွဲလမ်းရှိလည်း မမလရောင်ဖြူက ာစ်ကိုယ်တော်ပဲ တက်လိုက်၊ နွဲလိုက်တာပဲ။ ဒါကိုလည်း ဦးလင်းထွဋ်က ဘာမှ မပြော။ လက်ပိုက်ကြည့်နေပုံရသည်။

သူတို့က ရပ်တည်ပုံနေရာချင်းကို မတူဘဲ တစ်ခြားဆီ ဖြစ်နေတာ။

"မမြင်ဖူးဘူးဆိုပေမယ့် ပန်းလိုတို့က သူတို့ကို လိုက်ကြည့်နေတာမှ မဟုတ်တာ၊ တော်ပြီ. . . သန္တာ မမကို အတင်းအုပ်နေတယ်လို့ ငါ တိုင်ပြောလိုက်မှာနော်"

"ကြည့်စမ်း. . . ငဖားမလေး"

သန္တာက သူမကို တစ်ချက်ဆိတ်လိုက်၏။

ပန်းလိုက သန္တာ့အနားက ထွက်လာပြီး MP-4 Player လေးကိုဖွင့်ကာ နားကြပ်တပ်ပြီး သီချင်းနားထောင်နေလိုက်သည်။





သန္တာက စကားပြောချင်လျှင် သူမ နားကြပ်လေးကို လာလာပြီး ဆွဲဖြုတ်သည်။

*ချစ်သုဝေရဲ့ သီချင်းကို အေးအေး နားမထောင်ရ။*
*တကယ်ဆို လိုအပ်ချက် ကွက်လပ်တွေ. . .*
*သိပ်များလွန်းနေလို့ မင်းကို စောင့်နေခွင့်ပေးပါ. . .*
*နေညိုရင် ငိုတတ်တဲ့စိတ်နဲ့ ရင်မှာ အသားမကျနိုင်လို့*
*အနားကို မင်း ပြန်လာပေးပါ. . .*

သီချင်းနားထောင်ရင်းက ဘာရယ်မဟုတ်ဘဲ အဂ္ဂကို သတိရမိသည်။

သူက ဖုန်းဆက်မယ်ဆိုပြီး ပန်းလိုဆီ တစ်ခါမှလည်း ဖုန်းမဆက်ပါ။ တွေ့တုန်းခဏ သူ ပြီးပြီးရော ပေါ့ပေါ့လေး မျှော်လင့်ချက် ပေးလိုက်တာပါလေ။

သူ မဆက်မှတော့ ပန်းလိုကလည်း စပြီး မဆက်သွယ်ချင်ဘူးပေါ့။

ဒါပေမယ့် မကြာခဏတော့ သတိရမိသည်။

အောက်ထပ်ကနေ ခေါင်းလောင်းကြိုးဆွဲပြီး မပန်းလိုမွေး ဖုန်းလာတယ်ဟု အော်လိုက်တိုင်းမှာ ရင်ထဲမှာ ဒုတ်ခနဲ မြည်သွားပြီး ပြေးဆင်းမိတဲ့ ခြေလှမ်းတွေမှာ မရဲတရဲ မျှော်လင့်ချက်တစ်ခုက တိတ်တခိုး ကပ်ပါလာတတ်သည်။

ဟက်လို ထူးလိုက်ရတိုင်း သူမဟုတ်တဲ့အခါ သက်ပြင်း နူနူ ခိုးရှိုက်ရတာ အကြိမ်ကြိမ်ပါ။

မတော်တဆ ဆုံဖူးပြီး တစ်ခါလောက်သာ ကော်ဖီဆိုင် ထိုင်ဖူးတဲ့ အခြေအနေမို့ သူ မေ့ချင်လည်း မေ့နေလောက်ရော ပေါ့။

ဆလိုက်မီးရောင် လင်းဖြာဖြာအောက်မှာ သွယ်သူ ကိုယ်ကိုယ် နွဲ့နွဲ့လေး တန်းစီရပ်နေတဲ့ မော်ဒယ်လေးတွေအားလုံး ပဲ တစ်မျိုးစီ ငေးချင်စရာ၊ လှပရွှန်းတင့်နေတာ အမှန်ပဲဖြစ်သည်။

တစ်ယောက်တစ်မျိုး ဖက်ရှင်ဝတ်စုံ အဆန်းအကြယ် တွေနှင့် လှချင်တိုင်း လှနေတော့တာ။

ရွေမှန်စားပြီး မွေးဖွားလာခဲ့ကြသလားတောင် ထင်ရ၏။ cat walk လျှောက်တဲ့အခါမှာ D.J တီးလုံးလေးနှင့်အတူ ကိုယ် ဟန်ပြကြရမည်မို့ အသင့်စောင့်စားနေကြသည်။

တစ်ယောက်ချင်းဆီ ရှေ့သို့ ထွက်လာပြီး လက်မှာ ပတ် ထားတဲ့ ချစ်စရာနာရီလေးတွေကို လူတွေ မမြင်မြင်အောင် ကြိုးစား ဟန်ပြ အိုက်တင်ပေးနေရတာ။

♦ ညတ်ဝင်းစာပေ ♦

မမလရောင်ဖြူက ကုမ္ပဏီကပစ္စည်းတွေအတွက် ပရိုမိုးရှင်းအနေနှင့် မော်ဒယ်လ်ပြိုင်ပွဲ ကျင်းပပေးခြင်း ဖြစ်သည်။

မိန်းကလေး အယောက်သုံးဆယ်၊ ယောကျ်ားလေး အယောက်သုံးဆယ်ခန့် ယှဉ်ပြိုင်ပြီး မော်ဒယ်လ်အရွေးခံရမှာ ဖြစ်သည်မို့ လာရောက်ကြည့်ရှုအားပေးသော ပရိသတ်တွေကလည်း ပွဲမစမီကတည်းက စင်မြင့်နားတဝိုက် ပတ်ပတ်လည်မှာ အုံခဲပြွတ်သိပ်နေကြသည်။

ငယ်ရွယ်ချောမောစတိုင်လ်ကျသူတွေချည်းပဲမို့ ဘယ်သူ့ကို ကြည့်ကြည့် ကြည့်ချင်စရာ၊ ငေးချင်စရာ ဖြစ်နေသည်။

မော်ဒယ်လ်အေဂျင်စီတစ်ခုက ဦးဆောင် စီစဉ်ပေးတဲ့ အခန်းအနားမို့ ပန်းလိုမွှေးက မမလရောင်နှင့်အတူ ပွဲချိန်နီးကပ်မှ ရောက်လာခဲ့တာဖြစ်သည်။

သူမတို့ ရောက်ပြီးတာနှင့် မော်ဒယ်လ်ပြိုင်ပွဲ စတင်သည်။

ရှေးဦးစွာ မော်ဒယ်လ်တွေ အမည်စာရင်းစာရွက်ကို အေဂျင်စီက ဦး. . . . က ကိုင်ဆောင်၍ မိုက်ကရိုဖုန်းနှင့် ပွဲစပြီဖြစ်ကြောင်း ကြေညာသည်။

ပန်းလိုက စားပွဲနောက်က ထိုင်ခုံမှာ ထိုင်ပြီး အကျအန အားပေးကြည့်ရှုဖို့ ဟန်ပြင်သည်။





ကုမ္ပဏီသူဌေးမနှင့် အတူပါလာသူမို့ ဝိုင်းဝန်းဦးစားပေးခံရတာ တစ်မျိုး စိတ်လှုပ်ရှားစရာကောင်းသည်။

ကိုယ့်ဘာသာ အရင်က သာမန်အနေနှင့်ဆိုရင် ဖက်ရှင်ရှိုးပွဲတွေကို မနည်းတိုးဝှေ့ကြည့်ရတာ။

အခုတော့. . . အေးအေးဆေးဆေး အဆင်ပြေသည်။

ပီကေလေးဝါးရင်း အနီးကပ် အကဲခတ်ခွင့်ရသည်မို့ ပန်းလိုက သဘောကျနေသည်။

ယောကျ်ားလေးတွေပြိုင်တဲ့အလှည့်မှာတော့ သူမ တအံ့တသြ မျက်လုံးဝိုင်းလေးနှင့် မှင်သက်ငေးမောသွားရပါသည်။

"နံပါတ်နိုင်း. . . အဂ္ဂကျော်လွှမ်း ဖြစ်ပါတယ်ခင်ဗျာ"

မြင်လိုက်ရတာကို သူမ မယုံချင်။

အနောက်တိုင်းဝတ်စုံ ခရင်မ်ကာလာနှင့် သူ့ပုံစံက မမှတ်မိလောက်အောင်ပင် ရှင်းသန့်သားနားနေပါသည်။

လျှောက်လာပုံက ခပ်မတ်မတ်။

စင်ရှေ့မှာ သူရပ်လိုက်လျှင် ပန်းလိုရင်ထဲ လှုပ်လှုပ်ခတ်ခတ် တစ်မျိုးကြီး ရင်ဖိုသွားရသည်။

သူက လက်မှနာရီကို မြင်သာအောင် ဆံပင်တွေကို ဟန်ပါပါ တစ်ချက်သပ်သည်။ ရွှေရောင်နာရီဒိုင်ခွက်အဝိုင်းလေးက သူ့လက်မှာ ဝင်းခနဲ. . . လှလိုက်တာနော်။

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

သူ့ကို လက်ခုပ်တီးပေးသံတွေ ကြားရတော့ ပန်းလို ကြက်သီးမွေးညှင်း ဖျန်းခနဲ ထောင်ထသည်။

အားပေးခံရတာ ဝမ်းသာလိုက်တာ။

ရင်ထဲမှာ ဘယ်လိုကြီးမှန်းမသိ။ အမှတ်ပေး အကဲဖြတ် အဖွဲ့က သူ့ကို အမှတ်တွေ ပေးနေပြီ။

သူ ဖတ်စ်များ ရသွားမှာလား။

ဖြစ်နိုင်ပါသည်။

"ချောလိုက်တာ. . . ပြုံးပုံလေးက အသည်းယားစရာ လေး"

"မျက်နှာလည်း ဆွဲဖြစ်တယ်နော်၊ တစ်မျိုးလေးပဲ ပါးချိုင့် လေးနဲ့"

"အေးဟယ်. . . မင်းသားပဲ လုပ်ပါတော့"

ကျောဖက်ကနေ ဝေဖန်ချီးကျူးသံတွေ ကြားရ၏။

အထူးသဖြင့် ကောင်မလေးတွေကို လှုပ်လှုပ်ရှားရှား ဖြစ် သွားစေသည်။

အဂ္ဂရယ်. . .။

သူ လျှောက်ပြီး ပြန်ဝင်သွားတော့မှ မမလရောင်ဖြူ မျက်တောင်မခတ် ငေးမောနေတာ ပန်းလို သတိပြုမိ၏။





မမလရောင်ဖြူလည်း သူ့ကိုပဲ ရွေးချင်မှာပါ. . .။

နှစ်သက်မှုရှိနေတာ မမ မျက်နှာမှာပင် ပေါ်လွင်ထင်ရှား နေသည်။

"သူ မဆိုးဘူး. . . အရမ်း တဲလ်လင့်ရှိတယ်နော်"

"ဟုတ်တယ်. . . အလားအလာ ရှိတယ်"

အကဲဖြတ်အဖွဲ့ကလည်း သဘောတွေ၊ ပရိသတ်က လည်း ကြိုက်နှစ်သက်တာကြောင့် ဇကာတင်ထဲမှာ အဂ္ဂ ပါသွား ပါသည်။

ပန်းလိုမွေးရဲ့ နှလုံးသားမှာ ပူနွေးတုန်ရီ လှုပ်ရှားလျက်။

ထင်တဲ့အတိုင်း ဇကာတင်ဆယ်ဦး ထပ်ပြိုင်တော့လည်း အဂ္ဂပဲ ပထမဆု ချိတ်သွားပါသည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည် သေချာမှုနှင့် သူ့အပြုံးက တောက်ပ သက်ဝင်လှသည်။

ပန်းလိုကို စင်ပေါ်ကနေ မချိုမချဉ်လေး ပြုံးကြည့်တာမို့ မမလရောင်ဖြူက. . .

"ပန်းလိုနဲ့သိလား"

"ဟုတ်ကဲ့"

"ဒါဆို. . . ဓာတ်ပုံရိုက်ကြရအောင်လေ"

ဆုချိတ်သွားတဲ့ မော်ဒယ်လ်တွေနှင့် အမှတ်တရ ဓာတ်ပုံ၊ ဗီဒီယိုတွေ ရိုက်ကြတာ၊ မီးရောင်တဖျပ်ဖျပ်နှင့် ကြည်နူးစရာ။

၅

သူ့ကို ခလယ်မှာထားပြီး ပန်းလိုနှင့် မမလရောင်ဖြူက အတူရပ်ရတော့ ပန်းလို ရင်တွေ ခုန်လိုက်တာ။ သူ့အောင်မြင်မှု အတွက် ကိုယ်ပါရောပျော်နေရတာ။

အဂ္ဂက ကင်မရာကို သူ့ချစ်သူလို သဘောထားကာ ချိုချိုမြိန်မြိန်ကြီး စိုက်ကြည့်ပြုံးပြနေသည်။

သူဟာ ပန်းလိုထင်တာထက်ပင် မီးရောင်အောက် ကင်မရာရှေ့မှာ အချိုးကျ နေသားကျနေသေးသည်။

အခုအချိန်မှာတော့ သူနှင့်ပန်းလိုတို့ကြားမှာ တံတား လေးတစ်ခု ခင်းထားခဲ့ပြီ။ သူဟာ ပန်းလိုတို့ကုမ္ပဏီရဲ့ မော်ဒယ် ဘွိုင်းတစ်ဦး ဖြစ်လာခဲ့ပြီလေ။

ဓာတ်ပုံရိုက်ပြီးနောက် စင်ပေါ်က ပြန်ဆင်းကာ စားပွဲ နောက်က ကုလားထိုင်မှာ သွားပြန်ထိုင်ရတော့ ရင်ထဲမှာ ဟာတာ တာကြီး။

သူကတော့ တစ်ခြားသူတွေနှင့် ဓာတ်ပုံတွဲရိုက်ပြီး ပွဲခံနေ တုန်းလေ။

"ပန်းလို"

"ရှင်. . . မမ"

ဒေါ်လရောင်ဖြူက ပန်းလို ပုခုံးလေးကို ကိုင်၍ တိုးတိုး ငုံ့ငုံ့နှင့်. . .





"ညဖက် ဒင်နာကျွေးဖို့ ဖိတ်လိုက်ပါ"

"ဟုတ်"

"အဂ္ဂကြိုက်တဲ့ ဟိုတယ်ကိုမေးပြီးတော့မှ စီစဉ်နော်"

"ရှင်. . . ဟုတ်. . ဟုတ်ကဲ့"

ခါတိုင်းထက်ပင် စေတနာတွေ ရေစီးကမ်းပြိုဖြစ်နေ သည့် မမလရောင်ဖြူပုံစံနှင့် ဟန်ပန်လေးကို ပန်းလို မယုံနိုင် အောင် အံ့သြသွားမိသည်။

ရင်ထဲမှာလည်း အပူလှိုင်းတစ်ခု ဖြာစီးသွားသည်။ အဂ္ဂ ကို ခိုးကြည့်နေတဲ့ ဒေါ်လရောင်ဖြူ မျက်လုံးတွေကို ကြည့်ရင်း မသိစိတ်မှာ စိုးထင့်လာမိသည်။

ကုမ္ပဏီပိုင်ရှင် သူဌေးမမို့ သူ့အရှိန်အဝါ၊ သူ့ဂုဏ်ခန့်၊ သူ့အသိုင်းအဝိုင်းနှင့် စိတ်မလှုပ်ရှားလောက်ပါဘူးဟု အတွေးကို ပြန်ဖယ်ချမိသည်။

ငါ ဘာတွေ လျှောက်ပြီး စိုးရိမ်ကြီးနေတာလဲ။

မထင်ကောင်းပါဘူး။

မမလရောင်ဖြူက ဣန္ဒြေရှိတဲ့ မိန်းမတစ်ယောက်ပဲ ဥစ္စာ။

ပြီးတော့. . . သူ့မှာက သက်ဆိုင်သူ၊ ပိုင်ဆိုင်သူ ရှိပြီး သားပဲ။

စိတ်ကစားရမယ့် အရွယ်မျိုးလည်း မဟုတ်ပါဘူး။

ဒါပေမယ့်. . . သေချာတာက အဂ္ဂကို သူ ခိုးခိုးပြီးတော့ ငေးနေတယ်။

သူ့မျက်နှာမှာ သဘောကျနှစ်လိုတဲ့ အရိပ်အယောင်တွေဟာ ကွယ်ဝှက်ထားတဲ့ကြားကပဲ မဖုံးမဖိနိုင်သလို ပေါ်လွင်နေတယ်။

ကြည့်ပါဦး. . . အဂ္ဂကိုကြည့်တဲ့ မျက်လုံးတွေက အရည်လည်ပြီး ရွှန်းတောက်နက်စိုနေတာပဲ။

နှုတ်ခမ်းလေးကလည်း ခါတိုင်းထက် ပိုပြုံးနေတယ်။

စကားပြောချင်ပေမယ့် လူတွေ အများကြီးကြားထဲ ဟန်ဆောင်နှုတ်ဆိတ်နေတဲ့ပုံ။

မမလရောင်ဖြူ သူမဖက် ဒိုင်းခနဲ အကြည့်ရောက်လျှင် ပန်းလို အလန့်တကြား မျက်လွှာချမိ၏။

စီစဉ်စရာရှိတာတွေပင် မေ့ပြီး ထိုင်အကဲခတ်နေမိတာကြည့်။

ပန်းလိုတော့ မဟုတ်သေးဘူး ထင်သည်။

တကယ်လို့ မမလရောင်ဖြူက ဦးစားပေးမယ်၊ မျက်နှာသာပေး အရေးသယ်မယ်ဆိုလည်း ဒီကိစ္စဟာ ပန်းလိုနှင့် ဘာမှ မဆိုင်။





အဂ္ဂနှင့် ပန်းလိုဟာ သာမန်သိကျွမ်းဖူးရုံအဆင့်ထက် မပို။ ဒါကို သူမ ကောင်းကောင်း သဘောပေါက် နားလည်ဖို့ လိုနေပြီ။

အိပ်ရာနံဘေးစားပွဲပေါ်က ဟဲန်းဖုန်းလေးက မီးပြာလေး လင်းလာ၏။ ရုတ်တရက် လရောင်ဖြူရင်ထဲ ထိတ်ခနဲ ခုန်သွားသည်။ ညအိပ်ရာဝင်တော့မှာမို့ မျက်နှာပေါ် နိုက်ခရင်မ်ပါးပါး လူးရင်းက မှန်တင်ခုံမှထကာ ဖုန်းလေးကို ရင်ခုန်စွာ ကောက်ယူမိသည်။

မျက်လုံးလေးလည်း ဝိုင်းသွားရသည်။

ဘုရားရေ. . . သူပဲ၊ သူ ဆက်တာ။

ထင်လည်းထင်. . .။ ထင်လည်း မထင်ရဲနှင့် ရင်ထဲ ယောက်ယက်ခတ်နေရတဲ့အဖြေဟာ အခုတော့ ပေါ်ထွက်လာပြီ။

ဖုန်းကို မဖွင့်ခင် ကိုကြီး ဘယ်နားရောက်နေလဲ တစ်ချက် ရှာဖွေမိသေးသည်။

အခန်းထဲမှာ မရှိ။ အောက်ထပ်ရောက်နေတယ် ထင်ပါ ရဲ့။

ဘာပဲဖြစ်ဖြစ် လရောင်ဖြူက လိုရမယ်ရ ဝရံတာဖက် ထွက်ပြီး တံခါးကို အသာပြန်စေ့ထားလိုက်၏။

"ဟက်လို"

ခေါက်ဖုန်းကိုဖွင့်ကာ နားနှင့် အသာကပ်မိခိုက်မှာ ဆယ်ကျော်သက်ကလေးတုန်းကလို ရင်ထဲမှာ ပူနွေးတုန်ရင်နေ သည်။

ဆံပင် ခွေကောက်ကောက်လေးတွေ ကပိုကရိုနှင့် ညဝတ်ပိုးဂါဝန်ပါးလွှာလွှာလေးနှင့် လရောင်ဖြူဟာ ဝရံတာ အောက်မှာ နံရံပေါ် နွဲ့နွဲ့လေး မှီရပ်လျက် ရှိသည်။

"မမလား. . . မမလရောင်ဖြူ"

"ဟုတ်ပါတယ်"

"ကျွန်တော်ပါ. . . အဂ္ဂ"

"မင်းအသံ သိပါတယ်"

သူမက ဘာမှမဖြစ်သလို အသံမှန်မှန်နှင့်ပဲ ဆိုလိုက် သည်။





ဒါပေမယ့် သူ့အသံကို နှလုံးသားထဲက မှတ်မိနေတာ။ နားနှင့် ဦးနှောက်က မှတ်တာ မဟုတ်။

"ကျွန်တော် ဆက်မလို့ဘဲ၊ နာရီဝက်လောက်ရှိပြီ၊ မမများ အိပ်နေပြီလားလို့ စဉ်းစားနေတာ"

"မအိပ်သေးပါဘူး"

"မနေ့က ဒင်နာဖိတ်တာ သင့်ခ်ယူပါဗျာ၊ ဟိုတယ်ကြီးမှာ တခမ်းတနားနဲ့ဆိုတော့ ဘဝင်တောင် မြင့်သွားတယ်၊ ဟား. . . ဟား"

အဂ္ဂရဲ့ ကံဇာတာ ဆန်းလာဘ်တွေဟာ နေ့ချင်းညချင်း မယုံနိုင်အောင် ထူးခြားကောင်းမွန်လာခဲ့တာ။

သူဟာ မော်ဒယ်လ်သင်တန်းသာ တက်ထားတာ။ ပွဲတွေ တာတွေ သိပ်ပြိုင်ဖူးတာမဟုတ်။ ပထမဆုလည်း တစ်ခါမှ မရဘူး။ အခု ဒီကုမ္ပဏီနှင့်ကျမှ ကံကစပ်တာ။ ကြော်ညာဘုတ်အတွက် ဓာတ်ပုံရော၊ တီဗွီကြော်ညာမှာပါ သူ့ကို ဆက်သုံးမယ်ဆိုတော့ ဝမ်းသာလုံးဆို့ပြီး မနေ့က ကောင်းကောင်းတောင် အိပ်မပျော်။

"ဒါက. . . မင်းကို ဂုဏ်ပြုတာပါ"

"မမက မာနမကြီးဘူးနော်၊ ကျွန်တော် တွေ့ဖူးတဲ့ သူဌေးမတွေထဲမှာ မမလောက်ဖြူစင်အေးချမ်းပြီး မာန်မာန ကင်းတာ မရှိသေးဘူး၊ မမက လူကိုလူလို့ပဲ ရိုးရိုးလေးသဘောထား

တယ်၊ အဆင့်အတန်းလည်း မခွဲခြားဘူး၊ အဲဒါကို ကျွန်တော် အရမ်းလေးစားသွားတယ်ဗျာ”

“တော်ပါနော်. . . သိပ်မမြှောက်ပါနဲ့ကောင်လေးရယ်၊ မင်းကို တီဗွီကြော်ငြာရိုက်ဖို့လည်း စီစဉ်ပေးမှာပါ၊ တို့ပြောပြီးသားပဲ”

“အဲဒါတွေကြောင့် မဟုတ်ဘူး၊ ကျွန်တော်က မ,နဲ့ ခင်ချင်တာ၊ ပြီးတော့ . . . .”

“ဘာဖြစ်လဲ”

“မမက အရမ်းလှတယ်”

သူမက ချိုလွင်တိုးဖွစွာ ဆည်းလည်းလေး လှုပ်ခတ်သံလို ရယ်လိုက်သည်။ ကိုယ့်ကို လှပါတယ်လို့ တစ်ခါမှ သတိထားပြီးလည်း မကြည့်။ နှုတ်က ဖွင့်ဟချီးကျူးဖို့လည်း အဝေးကြီးဝေးလှတဲ့ ကိုကြီးနှင့်ယှဉ်ပြီး ကောင်လေးရဲ့အပြောမှာ နှစ်သိမ့်ကြည်နူးမိတာ အမှန်။

လရောင်ဖြူရဲ့ ဘဝတစ်လျှောက် ဒီလိုလှပတဲ့ အိပ်မက်မျိုး မမက်ဖူးသေး။ အချစ်ဆိုတဲ့အရာဟာ ဘယ်လိုလဲ ချိန်မြိန်သလား။ ခါးဆိမ့်သလား မမြည်းစမ်းဘူးသေးတာ တကယ်။

သို့သော် ဒီသာယာမှုလေးဟာ တဒင်္ဂ။ တို့အကြောင်း ကောင်းလေး မသိသေးတဲ့ အခိုက်အတန့်လေးပဲဖြစ်မှာပါ။





သိအောင်ဖွင့်ပြောဖို့ရာ လရောင်ဖြူ နှုတ်ဆိတ်ဝန်လေးနေမိသည်။ ကိုကြီးရှိနေတယ်ဆိုတာ သူ့ဘာသာ သိကာမှသိရော။

ဖွင့်ဟကြေညာဖို့ တွန့်ဆုတ်လေးလံနေသည်။ တွေဝေနှေးကွေးနေသည်။

ပြီးတော့ နေရင်းထိုင်ရင်းက မမမှာ အိမ်ထောင်နဲ့လေဟု ဘယ်လိုသွားပြောမှာလဲ။

သူ့သိက္ခာကို မယုံကြည် စော်ကားရာကျနိုင်သည်။ သူကရော ဘာပြောမှာမို့လို့လဲ။

“မမ မျက်လုံးလေးတွေကလည်း အရမ်းနွေးထွေးတယ်၊ မမ အကြည့်တစ်ချက်မှာ တော်ရုံတန်ရုံလူခံနိုင်မှာ မဟုတ်ဘူး”

“ဒါက မင်းထင်တာပါ အဂ္ဂရယ်၊ မမလည်း သာမန်မိန်းမတစ်ယောက်ပါပဲ”

“မဟုတ်ဘူး၊ မမက သာမန်ထက် အများကြီးထူးခြားတာပေါ့၊ မမမှာ စူးရှထက်မြက်တဲ့ အရည်အသွေးတွေနဲ့ ဦးဆောင်တတ်တဲ့ အရည်အချင်းတွေနဲ့၊ မမရုပ်ရည်မှာကိုက အရောင်အဝါတစ်မျိုးလင်းနေတာ၊ မြင့်မြတ်တဲ့ တော်ဝင်မိန်းမတစ်ယောက်ဆိုတာ သိသာပါတယ်”

“ကဲ . . . မဖြစ်တော့ဘူး၊ မင်းဘာစားချင်လဲပြော၊ မနက်ဖြန် မမကိုယ်တိုင် ဘရိတ်ဖတ်စ် လိုက်ကျွေးမယ်”

"တကယ်လား . . . ."

သူက ရယ်သံဟဟနှင့် တဆက်တည်း . . .

"ဒါဆို အိုရီယင့်တယ်လ်ဟောက်စ်မှာ ဒင်းဆမ်းစားမယ်"

"အိုကေ . . . ရတယ်"

"မမကို ကျွန်တော် ဘယ်မှာလာခေါ်ရမလဲ"

"အယ်. . . မခေါ်နဲ့လေ၊ အားနာစရာ၊ မနက်ရှစ်နာရီ အဲဒီမှာပဲ ဆုံကြမယ်"

"ဟား. . . ဟား. . . ဝမ်းသာလိုက်တာ၊ ကျွန်တော်ကြို စောင့်ရမယ်၊ ဆက်ဆက်လာခဲ့ရမယ်နော်၊ အလုပ်ကိစ္စပေါ်လာလို့ ဘာဘာညာညာ အကြောင်းပြလို့မရဘူး"

"မပြပါဘူးနော်"

အဂ္ဂသည် သူ့ကိုယ်သူ ကျေနပ်သွားမိသည်။

မမလရောင်ဖြူက သူထင်တာထက် သဘောကောင်းသည်။ သူ့ဦးနှောက်က တစ်ချိန်လုံး ရှာဖွေနေခဲ့မိတာလည်း ထိုမိန်းမပျိုပဲဖြစ်သည်။ ပြီးပြည့်စုံသော အနေအထားနှင့် ရင့်ကျက်နားလည်မှုရှိပြီး သူ့အပေါ် အလိုလိုက်ဂရုစိုက်မယ့်သူမျိုး။

အခုတော့ ကံတရားက သူလိုချင်တာတွေ ချပေးလာတော့မည် ထင်သည်။

အဂ္ဂရင်မှာ ဝမ်းသာလုံးကြီး ဆို့လာရ၏။





ပေးလာသောအခြေအနေကို သူ မယုံသလိုကြီးပင် ဖြစ်နေသည်။

"မမ"

"ရှင်"

"အိပ်ငိုက်နေပြီလား"

"မငိုက်ပါဘူး"

"ဒါဆို ဒီည ကျွန်တော်တို့ အကြာကြီး စကားပြောကြမယ်၊ မကောင်းဘူးလား"

"အမယ်လေးနော်၊ ဘာတွေ ဒီလောက်ပြောစရာရှိမှာလဲ"

"ကျွန်တော့်ရင်ထဲမှာ အများကြီး"

"နားညည်းရဦးမယ် ထင်တယ်"

"မမက နားမထောင်ချင်ဘူးလား"

သူ့အသံ ခပ်ဆတ်ဆတ်ဖြစ်သွားလျှင် လရောင်ဖြူက ပျာပျာသလဲ . . .

"မဟုတ်ပါဘူး. . . . မင်းကိုစ,တာ"

"ကျွန်တော့်ဘဝအကြောင်းတွေပြောမယ်"

"ဘဝအကြောင်းတွေ"

"ဒါဆို သီချင်းဆိုပြရမလား ပြော"

"မင်းလည်း (Hip Hop) ပဲလား"

"မမကြိုက်တဲ့ ပုံစံပြော၊ အကုန်လုံးရတယ်"

"အဆိုတော် လုပ်မှာလား"

"ဟဲ. . . ဟဲ . . . ပရိုဂျူဆာရှိရင်ပေါ့၊ မမ လုပ်ပေး မလားပြော၊ ဟား. . ဟား. . အလကား စ,တာပါ၊ ကျွန်တော့်ဖက်က ကြိုးစားနေတုန်းပါ မမရာ၊ အခက်အခဲတွေက အများကြီး"

"သီချင်းရော ရေးတယ်ဆို"

"မမကို ဘယ်သူပြောလဲ"

"ဒီလိုပဲ ကြားတာပေါ့"

"နောက်ထပ်ရော ဘာကြားသေးလဲ"

"အများကြီးပေါ့၊ မျက်နှာများတယ်၊ မိန်းကလေး ရှုပ်တယ်၊ အစုံပဲ . . ."

"ဟာ. . . မမက လုပ်ပြီ၊ ကျွန်တော် မရှုပ်ပါဘူး၊ စဉ်းစားရင် တည်တည်တံ့တံ့တစ်ယောက်ပဲ စဉ်းစားမှာပါ၊ သိပ်ကြိုက်တဲ့ မိန်းမတွေ့မှ လက်ထပ်မှာ"

သူ့စကားထဲမှာ အဓိပ္ပာယ်တစ်မျိုးလေးပါနေသလိုမို့ လရောင်ဖြူ ရင်ဖိုသလိုလို ဖြစ်သွားရသည်။

သူကြိုက်မယ့် မိန်းမတစ်ယောက်က ကိုယ်ပဲလား။

ဘုရားရေ. . . လရောင် ဘာတွေတွေးနေမိပါလိမ့်။





စိတ်တွေက ထိန်းရခက်အောင် လှုပ်ရှားယိမ်းယိုင်ချင်သည်။ အင်္ဂမျက်နှာနုနုလေးကို မြင်ယောင်ကာ မပြုံးတာ ကြာမြင့်ပြီဖြစ်သော နှုတ်ခမ်းတွေက စေ့မရအောင် ပြုံးနေမိသည်။

ဟန်ဆောင်မှုမပါတဲ့ ရင်ထဲက စိတ်ပါလက်ပါ ကြည်နူးပြုံးလေးမို့ လရောင်ဖြူရဲ့မျက်နှာလေးမှာ ပီတိနှင့် လှပရွှန်းလက်နေသည်။

တစ်နေ့တစ်နေ့ ဟန်ဆောင်ပြုံးတွေနှင့်ပဲ လူက မွန်းကျပ်ပိတ်လှောင်နေတာ။ တာဝန်ဝတ္တရားတွေ အလုပ်ကိစ္စတွေပဲ ဖိစီးနေတာမို့ ဒီလို စိတ်လိုလက်ရလေး ဖုန်းပြောရတဲ့အရသာမှာ ရုတ်တရက် ပျော်ဝင်သာယာမိ၏။

အသက်တွေပင် ပြန်ငယ်သွားသလို ထင်မိသည်။

အင်္ဂရဲ့ စကားသံလေးကလည်း သူမနှလုံးသားကို လှုပ်ခတ် နိုးကြားစေသည်။

ဦးလင်းထွဋ်က ကောက်ဖီသောက်လက်စ အပူခံခွက်လေးကိုကိုင်ပြီး အခန်းထဲဝင်လာသည်။ ဇနီးသည်ကို မတွေ့သဖြင့် ရေချိုးခန်းထဲမှာလား နားစွင့်ကြည့်သေးသည်။

ဘာသံမှ မကြားရ. . .

ရေချိုးခန်းတံခါးကို တစ်ချက်လှည့်ဖွင့်ကြည့်တော့ ဘယ်သူမှ မရှိ။ တစ်ခန်းလုံး တိတ်ဆိတ်လျက် ရှိသည်။

ကော်ဖီခွက်ကို စားပွဲပေါ် တင်လျက် ဝရံတာထွက်တဲ့ တံခါးနားသို့ လျှောက်ခဲ့သည်။ မှန်ချပ်မှာ ကာရံထားတဲ့ လိုက်ကာလေးကို ဖယ်မိတော့မှ ဝရံတာလက်ရန်းလေးကို နွဲ့နွဲ့မှီကာ မီးရောင်ပြေးနေတဲ့ ဖုန်းကို နားမှာကပ်ထားတဲ့ လရောင်ဖြူရဲ့ ချစ်စရာ သဏ္ဍာန်လေးကို တွေ့ရပါသည်။

တံခါးကို ပိတ်ထားသဖြင့် ဖုန်းပြောသံကိုတော့ မကြားရပါ။

ညအိပ်ဝတ်စုံ ပိုးဂါဝန် ပျော့ပျော့လွင့်လွင့်လေးနှင့် ဆံပင်တွေ ဖွားလွင့်နေတဲ့ သဏ္ဍာန်ဟာ လရောင်အောက်မှာ ဆွဲဆောင်မှု ရှိလွန်းသည်။

မျက်နှာလေးကလည်း စိတ်ပါလက်ပါ ပြုံးရယ်ကြည်လင်နေတာကြောင့် မို့၍ပင် အသက်ဝင် လှပနေပါသည်။

အခုနေ တံခါးဖွင့်ထွက်လိုက်ရင် သူမ အရှိန်ပျက်သွားမလား။ သူ သိချင်မိသည်။

အနောက်မှာ သူရှိနေတာကို လရောင်ဖြူ လုံးဝ မရိပ်မိ။

ဦးလင်းထွဋ်က ဘာရယ်မဟုတ်ဘဲ တံခါးကို အသံမမြည်အောင် ကြိုးစားဖွင့်၍ အပြင်သို့ လှမ်းထွက်လိုက်သည်။

"အို . . . မောင်လေးကလည်း . . . ဟင်း . . ဟင်း"

". . . . . . . . ."





"အင်းပါ . . . အစောကြီးလာခဲ့မယ် စိတ်ချ"

နောက်ဖက်မှာ လူရိပ်တွေ့လျှင် လရောင်ဖြူရင်ထဲ ထိတ်ခနဲ တစ်ချက် တုန်သွားရသည်။

"အင်း . . . အင်း . . ဒါပဲနော်၊ ဂွတ်နိုက်. . . ဂွတ်နိုက်"

အမြန်စကားဖြတ်ပြီး ခေါက်ဖုန်းကို ပိတ်ချလိုက်သည်။

"ဘာတွေ ပြောနေတာလဲ လရောင်"

ကိုကြီးက မမေးမြန်း မစစ်ဆေးဘူးပဲ ရုတ်တရက် မေးလိုက်သဖြင့် သူမ မျက်ခုံးပင့်ကာ . . .

"ဒီလိုပါပဲ . . . အသိတစ်ယောက်ပါ"

"အေးလေ. . . အဲဒီအသိနဲ့ ဘာတွေပြောနေတာလဲ"

"ဩော်. . . ဒီလိုပဲ ရောက်တတ်ရာရာပေါ့၊ လရောင် အသေးစိတ် ဘယ်မှတ်မိပါ့မလဲဆို"

ပြောပြောဆိုဆို လရောင်က ဝရံတာကနေ အခန်းတွင်းသို့ သူ့အရင် ဝင်သွားသည်။

"ကိုကြီး တရားထိုင်လို့ ပြီးသွားပြီလား"

ဦးလင်းထွဋ်က ညစဉ်ဘုရားရှိခိုး တရားထိုင်တတ်သည် မဟုတ်လား။ သူမနှင့်တော့ တကယ်ပဲ တလိုင်းစီ။

သူမကတော့ နေ့စဉ် မအားမလပ် ပြေးလွှားလှုပ်ရှားနေတာမို့ အေးအေးဆေးဆေး မရှိလှပါ။

ဦးလင်းထွဋ်က ဘာမှပြန်မဖြေ။

သူ့ဘာသာ ဘေစင်က မှန်မှာကြည့်ပြီး အိပ်ရာဝင်ခါနီး သွားတိုက်ဖို့ သွားပွတ်တံပေါ် သွားတိုက်ဆေးညှစ်ချလိုက်၏။

ဒါ ဦးလင်းထွဋ်ရဲ့တစ်နေ့တာ နောက်ဆုံးအစီအစဉ်။ သွားတိုက်ပြီးလျှင် သူ အိပ်ရာဝင်တော့မည်။

လရောင်ဖြူက ဝါးခနဲ တစ်ချက်သမ်းဝေကာ နှုတ်ခမ်းကို လက်ကလေးနှင့်အုပ်ရင်း အိပ်ရာပေါ် လှဲချလိုက်သည်။ သူမနေရာ ဟိုဖက်ထောင့်ကပ်ပြီး အိပ်လိုက်တော့သည်။

ကိုကြီးက အေးအေးဆေးဆေး သွားတိုက်ပလုတ်ကျင်းပြီးတော့ သူမနံဘေးမှာ အသာအယာလှဲသည်။

ပြီးလျှင် တစ်ယောက်ကိုတစ်ယောက် ကျောခိုင်းကာ အိပ်လိုက်တော့၏။ အခန်းထဲမှာ အေးစိမ့်ကာ မီးအပြာရောင်မှုန်မှုန်လေးသာသာ ခပ်ပျပျလင်းလျက်ရှိ၏။



မောင်ရေ . . . အချစ်ရေ . . . မောင်ရေ တကယ် ချစ်ရဲ့လား . . .

မောင်ရေ . . . အချစ်ရေ . . .

မောင်ရေ . . . တကယ်ချစ်ရဲ့လား . . .

တစ်စက္ကန့်လေးမှ ဝေးမနေချင်ဘူးကွယ် . . .

နှလုံးသားထဲက သိပ်ချစ်တယ် . . . မောင်ယုံကြည်ကွယ် မောင်သာ ကျွန်မရဲ့ညတွေကို အလင်းများဖြစ်စေတယ် . . .

စင်ပေါ်က ဆံပင်ရှည်ရှည်ကောင်မလေးရဲ့အသံဟာ သို့ငင်အား အတော်လေး ကောင်းပါသည်။

ရုပ်ကလေးကလည်း နုပျိုလန်းဆန်းပြီး ချစ်စဖွယ်ကောင်းသည်။

ခြေထောက်လေးကို ငြိမ်ငြိမ်ရပ်ပြီး ကိုယ်လေးပဲ နွဲ့ကာ နွဲ့ကာ တေးသွားအတိုင်း ယိမ်းနွဲ့နေတာလေးကလည်း တစ်မျိုး ဆွဲဆောင်မှုရှိတာမို့ စားသောက်ဆိုင်မှာ ထိုင်နေတဲ့သူတွေ တစ်ယောက်ပြီးတစ်ယောက် ပန်းကုံးသွားစွပ်ကြ၏။

မောင်ရေ. . . မကြင်နာမှုန်းလို့သွားမှာ စိုးရိမ်တယ်. . .

မောင်သာ အနားနားမရှိရင်. . .

*ဘဝလေး ပျက်လိမ့်မယ် . . .*

သနားရင်ငဲ့ညှာပါ မောင်ရယ် . . .

ဦးလင်းထွဋ်က ဘော်ဒါတွေဝိုင်းမှာ အမြည်းထိုင်စားရင်း အေးအေးလူလူ သီချင်းနားထောင်ရုံသက်သက်ပါ။

သူတို့စားပွဲက အစွန်နားကျသဖြင့် နားလည်း သိပ်မဆူပါ။ ဘော်ဒါတွေက ဘီယာသောက်ရင်း စကားပြောနေကြသည်။

"ကိုလင်း . . . ပန်းကုံးဝယ်လေဗျာ"

"ဟာ. . . . မလုပ်ပါနဲ့"

"ခင်ဗျား စင်ပေါ် မတက်ရဲရင် ဝိတ်တာနဲ့ ပေးခိုင်းလေဗျာ၊ လုပ်စမ်းပါ"

ဦးလင်းထွဋ်က ရယ်သည်။

ပိုက်ဆံဖြုန်းနိုင်ပေမယ့် သူ အဲဒါတွေ ဝါသနာမပါ။ အခုတောင် ဦးဇေယျတို့ အတင်းဆွဲခေါ်လို့သာ ပါလာရတာ။





ဆယ်နာရီဆိုရင် သူထပြန်ဖို့တွေးထားပြီးသား။

ဦးလင်းထွဋ်က စောစောအိပ်ရာဝင်ပြီး နံနက်စောစောထ လမ်းလျှောက်ဘုရားတက်တတ်သူ။ ညညဉ့်နက်အောင် သူ ထိုင်ဖို့ စိတ်မကူး။

ဆန်းဒေးညမို့ အပန်းဖြေသဘောတိုက်ပေမယ့် သူ ဘီယာကို တစ်စက်ကလေးမှ မတို့မထိ။

ငါးကင်စားလိုက်၊ အာလူးကြော်ဝါးလိုက်၊ ဆန်းကစ်လေး သောက်လိုက်နှင့်သာ ဘေးက ထိုင်နေတာဖြစ်သည်။

ကျန်လေးယောက်ရဲ့ဘီယာဝိုင်းထဲ သူ မပါ။ ဘီယာဆိုင် ထိုင်ပြီး လုံးဝ မသောက်တတ်တာ သူ့အကျင့်ပါ။

သူ့ကို ဘယ်သူကမှလည်း အတင်းမသောက်ခိုင်းပါ။ သူ မသောက်တာသိတော့ မတိုက်တွန်း။ ယမကာနံ့က သင်းပျံ့လှိုင်နေသည်။

သို့သော် ဦးလင်းထွဋ် စိတ်မယိုင်ပါ။

အအေးသောက်ပြီးရင် စီးကရက်တစ်လိပ်လောက်တော့ သူ ခဲမည်။ ဒီလောက်ပါပဲ . . .

"ဘာမှမဟုတ်ဘူး၊ ကိုလင်းတို့က မိန်းမကြောက်တာ"

"မကြောက်ရပါဘူးဗျာ၊ ကျွန်တော့်မိန်းမက ဘယ်တော့မှ နားပူတတ်တဲ့သူ မဟုတ်ဘူး၊ လရောင်က အေးပါတယ်ဗျာ"

"အေးတယ်ဆိုပြီး သိပ်လည်း ယုံမထားနဲ့ဦးဗျ"

"ဗျာ. . .ဘာလို့လဲ"

ဦးလင်းထွဋ်က နားမလည်စွာ ပြန်မေးသည်။

သူတို့တစ်ယောက်ကို တစ်ယောက်ကြည့်တဲ့ အမူအယာတွေက တစ်မျိုးသော အဓိပ္ပာယ်ပျော်ဝင်နေတာ သတိထားမိသည်။

"လရောင် ဘာဖြစ်လို့လဲဗျ၊ ပြောစမ်းပါဦး"

ဦးလင်းထွဋ်က နိုင်ငံခြားခရီး ထွက်သွားတဲ့အခါလည်း နှစ်ပတ်ခန့် တစ်လခန့်ကြာတတ်သည် မဟုတ်လား။

သူ့အနေနှင့်ကတော့ ဇနီးသည်ကို ယုံယုံကြည်ကြည်ပါပဲ။

ဘာမှလည်း နောက်ခံမငင်၊ သံသယ မထားခဲ့။

ဒီလူတွေ မဟုတ်တာ စ,နောက်မှာလားဟု သူထင်သည်။

သိပ်ပြီး ငြိမ်သက်အေးချမ်းလွန်းတဲ့ အိမ်ထောင်ရေးမျိုးဖြစ်တာမို့ တစ်ချို့က အားကျပေမယ့် တစ်ချို့က လှိုင်းဂယက်ထစေချင်တာမျိုးလည်း ရှိသည် မဟုတ်လား။

"ဇေယျ. . . ငါ ပြောလိုက်ရမလား"

"မသိဘူးလေကွာ . . . မင်းသဘောပဲ၊ ပြောချင်ပြောပေါ့"





ဦးလင်းထွဋ်က ဦးဇေယျမျက်နှာကို အကဲခတ်သည်။

ဒီလူကတော့ နောက်တတ်ပုံ မရှိပါ။

သူတို့ အမူအယာတစ်ခုခု ထူးခြားနေသည်။

"အားမနာပါနဲ့ဗျာ၊ ကိုယ့်အချင်းချင်းတွေပဲ ပြောစရာရှိရင် ပြောသာပြော . . ."

"သတင်းအတိအကျတော့ မသိဘူး"

"ဆိုပါဦး . . ."

"ခင်ဗျားမိန်းမ လရောင်ဖြူကို ခုတလော မော်ဒယ်လ်ကောင်လေးတစ်ယောက်နဲ့တွဲတာ တွေ့တွေ့နေတယ်ဗျာ၊ ဟိုဘတ်ရက်က ညဖက် ဆန်းမစ်မှာ တွေ့လိုက်တယ်"

"ဘယ်လို"

ဦးလင်းထွဋ် မယုံ။

လရောင်မှာ ဒါမျိုး သမိုင်းလည်း မရှိခဲ့ပါဘူး။

"ကောင်လေးက ခပ်ချောချောပဲဗျာ၊ စတိုင်လ်ကတော့ မင်းသားပဲ"

"ဟုတ်ရဲ့လားဗျာ၊ သူ့အလုပ်ကိစ္စနဲ့မိတ်ဆွေတွေ ဘာတွေ . . ."

ဦးလင်းထွဋ်က စကားမဆုံးခင် သူတို့က ရယ်သွမ်းသွေးလိုက်သည်။

"ဟား ဟား ဟား . . . ခင်ဗျား တော်တော်ရိုးတဲ့လူပဲ"

ဖန်ခွက်ထဲက ပိုက်တံကို လှည့်ကစားရင်း သူ မခံချိမခံ သာနှင့် မျက်နှာပျက်သွားရသည်။

မဖြစ်နိုင်ပါဘူး . . .

လရောင်ဟာ သူ့အပေါ် သစ္စာရှိတဲ့မိန်းမ။ ဆင်ခြင်တုံ တရားရှိတဲ့ မိန်းမ၊ ဣန္ဒြေသိက္ခာရှိတဲ့မိန်းမ တစ်ယောက်ပါ။

ဒါဟာ အထင်လွဲမှုတစ်ခုခုပဲ ဖြစ်လိမ့်မည်။

ဦးလင်းထွဋ် သူ့ကိုယ်သူ ဖြေသိမ့်သည်။ သူတို့ အကြင် လင်မယား အတူနေလာခဲ့တာလည်း နှစ်ပေါင်း မနည်းတော့ပါ။ ဆယ်စုနှစ်တစ်ခုကိုပင် ဖြတ်ကျော်လာခဲ့ပြီပဲ။ ဒီအတောအတွင်း ဘာပြဿနာ အဖုအထစ်မှ မရှိဘဲ ငြိမ်းချမ်းနေခဲ့တာပဲ။

အရေးအဖွဲ့ကိစ္စလေးတွေ မပြောပလောက်တဲ့အခြေ အတင် အငြင်းအခုန်လေးလောက်တော့ ရှိတာပေါ့။

သို့သော် ပြဿနာကြီးကြီးမားမားတော့ ဘာမှ မရှိပါ။

ကြားရတဲ့ စကားကို သူ အံ့သြနေမိသည်။

သူဟာ ဇနီးချောလေးအပေါ် သဝန်တိုချုပ်ချယ်တတ်သူ တစ်ယောက်လည်း မဟုတ်ခဲ့ပါ။

တစ်ခုရှိတာက သူ့ဇနီးဟာ စီးပွားရေးနှင့် ပတ်သက် လျှင်တော့ လောဘရှိသည်။ ပေါင်းသင်းဆက်ဆံရေးနယ်ပယ်





ကျယ်ပြန့်သည်။ လူကြီးလူငယ်မရွေး လက်တွဲဝင်ဆန့်သည်။ ကောင်းသတင်းနှင့်ပဲ ကျော်ကြားသည်။

ဒီတစ်ကြိမ်မှပဲ မထင်မှတ်တဲ့စကား ကြားရတာဖြစ်သည်။

ဦးလင်းထွဋ်က မျက်မှောင်ကုပ်၍ စဉ်းစားသည်။

သူ့အာရုံထဲမှာ ရုတ်တရက်ပေါ်လာတာကတော့ ညဖက် လသာသာမှာ ဝရံတာထွက်ပြီး ဖုန်းပြောနေတဲ့ မြင်ကွင်းပါပဲ။

လာခဲ့မယ် မောင်လေးဟု ကတိပေးနေတာကို သူ့နား နှင့် ဆတ်ဆတ်ကြားခဲ့ရတာတစ်ခုကိုတော့ သူ အခုထိမမေ့ . . .

ဘုရား . . . ဘုရား . . .

လရောင်နှင့် ဖုန်းပြောနေတာ အဲဒီကောင်လေးများလား။

မဝင်စဘူး ခေါင်းထဲမှာ သံသယတွေ ချဉ်းနင်းဝင်ရောက် လာလေသည်။

"ကဲ . . . နောက်တစ်ခါတွေ့ရင် ခင်ဗျားဆီ ဖုန်းဆက် ပေးရမလား"

"အေးကွာ . . . ဆက်ပေးလိုက်စမ်းပါ"

"အဲဒါတော့ စိတ်ချ၊ သူတို့လင်မယားက လုံးဝ ရန်မဖြစ် ဘူး"

"ဗေဿရာ . . . အပိုမပြောစမ်းပါနဲ့ ရန်မဖြစ်ဘူးတဲ့ လင် မယားရယ်လို့ ရှိလို့လားကွာ"

"ရှိတာပေါ့. . . ပြေလည်နေတာတွေ တပုံကြီး"

"ငါတော့ မယုံဘူး ဟော့ကောင်၊ တစ်ခါတလေတော့ ရန်ဖြစ်စရာပေါ်လာမှာပဲ၊ လင်နဲ့မယား လျှာနဲ့သွားပဲလေကွာ"

"တစ်ခါတလေတော့ ကိုက်မိမှာပေါ့၊ ကိုလင်း. . . ခင်ဗျား ဒီညတော့ ကိုက်မိပြီပဲဗျ"

"ဟာ . . . လရောင်ကို ခင်ဗျား ဘာမှသွားမပြောနဲ့ဦး၊ ဒါမျိုးဆိုတာ သေချာအောင် အရင်စောင့်ဖမ်းရမယ်"

သူတို့ တစ်ယောက်တစ်ပေါက် အကြံပေးနေကြသည်။ ဦးလင်းထွဋ်မှာ ခေါင်းတဆတ်ဆတ်နှင့် ဖြေရှင်းရခက်နေပါသည်။

ဘာပဲဖြစ်ဖြစ် လရောင်ကို ဒီတိုင်းလွှတ်မထားဘဲ နည်းနည်း စောင့်ကြည့်အကဲခတ်ဖို့တော့ လိုလာပြီဟု သူ တွေးသည်။

ဘဝမှာ ငြိမ်းငြိမ်းချမ်းချမ်း တရားဓမ္မနှင့်နေလိုတာ မှန်သော်လည်း ဇနီးဖြစ်သူကို တစ်ပါးသောသူ လက်တွင်းသို့ အပါမခံနိုင်၊ အရောက်မခံနိုင်ဘူးလေ။



ပန်းလိုမွှေးက သူ့ကို ခပ်ဝေးဝေးကမြင်လိုက်တာနှင့် ရင်ထဲ လှိုက်ခနဲ အခုန်မြန်သွားရသည်။

အဂ္ဂက သူမကို လက်မြှောက်ကာ တစ်ချက်ပြုံးပြ နှုတ်ဆက်ပြီးတာနှင့် မှော်ခ်တူးကားနားမှာ ရပ်နေတဲ့ မမလရောင်ဆီ လျှောက်သွားပါသည်။

သူ ရောက်ရောက်လာတတ်တာ ကိုယ့်ဆီမဟုတ်မှန်း သိလျက်နှင့် အလိုက်ကန်းဆိုး မသိသော နှလုံးသားက ခွေးခနဲ ဖိုသွားရသေးတာ ရှက်စရာ။

ပန်းလိုအပြုံးလေးမှာ မချိပြုံးဆန်ဆန်များ ဖြစ်သွားသလား မသိ။

အဂ္ဂကျော်လွှမ်းအကြောင်းကို အခုတော့ သူမသိပါပြီ။

ပန်လိုဆီကို တော်တော်နှင့် ဖုန်းမဆက်ခဲ့ပေမယ့် မမလရောင်ဆီကိုတော့ ဖုန်းဆက်ရုံမက မကြာမကြာ လူကိုယ်တိုင်လည်း ရောက်လာတတ်သည်။

ရောက်တဲ့အခါ မမလရောင်ကို ပြုံးကြည့်တတ်တဲ့ သူ့မျက်နှာဟာ အင်မတန် တက်ကြွရွှေးထွေးပြီး အချစ်ရိပ်တွေ ဖိတ်လျှံနေသလား ထင်ရပါသည်။

ဘေးဘီက လူတွေကိုပင် သူ သတိမပြုမိ။

ကြေပြာမော်ဒယ်ဘွိုင်းလေးရဲ့ ခြေလှမ်းတွေဟာ ထင်တာထက် ပိုကျဲနေတာ အမှန်။

မမလရောင်ကလည်း အဂ္ဂကိုမြင်တာနှင့် လှုပ်လှုပ်ရှားရှား သက်ဝင်လှုပတဲ့ အပြုံးနွေးနွေးနှင့် ကြိုတတ်သည်။

ပန်းလိုကိုပင် အဂ္ဂက ဟက်ဟက်ပက်ပက် သိပ်စကားမပြော။ မမလရောင် ကားပေါ် ပါသွားတတ်သည်။

တစ်စုံတရာကို ကြိုရိပ်မိနေတာ ပန်းလို သူ့အတွက် စိတ်မကောင်းပါ။ ရင်ထဲမှာ ဝမ်းလည်း နည်းရသည်။

ပိုင်ရှင်ရှိပြီးသားဆိုတာ ခုထိ သူမသိဘူးနဲ့တူပါရဲ့။

ပန်းလို သူ့ရင်ထဲကို ခန့်မှန်းမြင်ခဲ့ပြီမို့ စိတ်မသက်မသာ ဖြစ်ရသည်။





ရှင်နှစ်သက်တာ လမင်းကြီးလို မိန်းမ. . . ပိုးစုန်းကြူးလို မိန်းမ မဟုတ်ဘူး။ ရှင်သာ ဥယျာဉ်မှူးဆိုရင် ရှင်စိုက်ချင်တာ သဇင်နဲ့ သစ်ခွလို အဖိုးတန် ပန်းတွေပဲ ဖြစ်မှာ။

စံပယ်ပန်းဖြူဖြူလေးတွေ စိုက်ပျိုးဖို့ ရှင်စိတ်ဝင်စားမှာ မဟုတ်ပါဘူး အဂ္ဂရယ်။

အဖိုးနည်းပေမယ့် ဖြူစင်တဲ့ပန်းလေးတွေအကြောင်း ရှင်တွေးမိမှာတောင် မဟုတ်ပါဘူး။

ပန်းလိုနှုတ်ခမ်းလေးက ယောင်ယောင်မျှ အမဲ့စွက်သွားရပါသည်။ လောကကြီးမှာ လူတွေဟာ ကိုယ်နှစ်သက်ရာကို လွတ်လပ်စွာ ရွေးခွင့်ရှိတာပဲ။ သူ့မှာ အပြစ်မရှိပါ။

ဒါပေမယ့် သူဟာ သနားစရာကောင်းသလို အမြင်ကပ်စရာလည်း ကောင်းနေခဲ့သည်။ ဒီဇာတ်လမ်းမှာ ပွဲကြည့်ပရိသတ်ပဲ လုပ်တာ ကောင်းမည်။ ပန်းလို ဝင်မပါချင်။

တစ်နေ့နေ့တော့ သူ သိသွားမှာပဲလေ။

အပေါ်ယံလေး စိတ်ဝင်စားတာဆိုရင်တော့ သူ နောက်ဆုတ်မှာပဲ ထင်သည်။ တကယ်လို့များ နှလုံးသားတစ်ခုလုံး ရင်းခဲ့ရင်တော့ ရှင်အထိနာတော့မှာပဲ အဂ္ဂရေ။

"မ. . . မရဲ့ မွေးနေ့က ရှေ့လထဲမှာနော်"

"အဲဒါ ဘာဖြစ်လဲ"

"မမရဲ့မွေးနေ့ကို ကျွန်တော်တို့နှစ်ယောက်ထဲ ကျင်းပချင်လို့ပါ"

"အံမယ်"

လရောင်ဖြူက ကားမောင်းရင်း နှုတ်ခမ်းလေးချွန်ကာ မသိမသာ ပြုံးမိသည်။ မောင်လေး ဘာပဲပြောပြော ရင်ထဲ ကြည်နူးမိတာပါပဲ။ အခုတလော လရောင်ဖြူ ကားကိုပင် ကိုယ်တိုင် မောင်းနေသည်။ ဘယ်သွားသွား ဒရိုင်ဘာ မခေါ်။

မောင်လေးအဂ္ဂနှင့် အတူရှိနေချိန်တွေဟာ သူမအတွက် ပျော်ရွှင်ကျေနပ်စရာ အကောင်းဆုံးအချိန်တွေပါပဲ။

ဒီလို အချိန်လေး ပျောက်ဆုံးသွားမှာပင် နှမြောစိုးထိတ်မိသည်။

မောင်လေး ဓာတ်ပုံရိုက်ဖို့ကိစ္စ၊ ကြေငြာရိုက်ဖို့ကိစ္စတွေမှာလည်း သူမကိုယ်တိုင် လိုက်ပါ ကူညီမိသည်။ သူမတို့ကုမ္ပဏီရဲ့ ပင်တိုင်လ်မော်ဒယ်လ်ဘွိုင်းလေး ဖြစ်နေပြီ မဟုတ်လား။

"အဲဒါက အသာထားပါဦး၊ မဂ္ဂဇင်းမျက်နှာဖုံးရိုက်ဖို့ရော အဝတ်အစား စီစဉ်ပြီးပြီလား"

"လိုပါသေးတယ်"

"ဟယ်. . . ကြိုပြီး ဝယ်ထားတော့လေ၊ ညနေကျ အမ်ကေထဲ တစ်ချက်သွားကြည့်ရအောင်"

မမက သူ့အတွက် အဝတ်အစား ရွေးချယ်စီစဉ်ပေးချင်ပေမယ့် သူက အားနာသည်။ မမနှင့်အတူ ရှော့ပင်နံမထွက်ရဲတာ အမှန်။

သူ့အနေနှင့်က သိပ်တန်ဖိုးကြီးတာတွေလည်း ဝယ်မဝတ်နိုင်။ တော်ရုံတန်ရုံပဲ ဝတ်လိုက်ဖို့ စဉ်းစားသည်။ သူ့ဖက်က ဘာမှ သေချာ မတုန့်ပြန်ရသေး။ ပြီးတော့ မမအတွက် အမှတ်တရ လက်ဆောင်တစ်ခုခု ဝယ်ပေးချင်သည်။





တန်ဖိုးများတာ မများတာထက် မမလရောင် နှစ်သက်မည့်ပစ္စည်းမျိုး ဖြစ်ချင်ပါသည်။

"မမ. . ရှေ့မှာ ခဏရပ်နော်၊ ကျွန်တော် ဝယ်စရာလေး တစ်ခုရှိလို့"

အဂ္ဂက ရှော့ပင်းမောမရောက်ခင် ကြိုပြောထားလိုက်သည်။

"ဟယ် . . . ဘာဝယ်ဦးမှာလဲ"

"ခဏလေးပါ. . . ပလိစ်"

"မြန်မြန်လုပ်နော်၊ ရုံးပြန်ဝင်ဖို့ နောက်ကျနေမယ်"

"သိပါတယ်ဗျာ၊ ဆယ်မိနစ်တောင် မကြာစေရဘူး"

လရောင်ဖြူက သူမ မောင်းလာတဲ့ မာ့ခ်တူးမီးခိုးရောင်လေးကို ရှော့ပင်းမောရှေ့ ရပ်ပေးလိုက်သည်။ ပြီးလျှင် ကားပတ်ခ်ကင်နေရာမှာ ကားကို အသာအယာ ဝင်ထိုးရပ်လိုက်ပါသည်။

ဂျင်းဘောင်းဘီနှင့် ကော်လံပါတဲ့ စပို့ရှပ်လက်ရှည်ကို ဝတ်ထားတဲ့ အဂ္ဂက လှစ်ခနဲ ပြေးသွားသည်။ သိုးမွေးဦးထုပ်အစင်းကျားလေး စွပ်ထားတဲ့ သူ့သဏ္ဌာန်ဟာ ထင်းခန့်သားနားကြော့မတ်နေသည်။

မော်ဒယ်ဘွိုင်းမို့ သူဘာလေး ဝတ်ထားထား သပ်ရပ်အဆင်ပြေကြည့်ကောင်းသည် မဟုတ်လား။

လရောင်ဖြူက တပ်ထားတဲ့မျက်နှန်ကို ချွတ်ပြီး အင်္ကျီဖြူရဲ့ရင်ဘတ်မှာ ချိတ်လိုက်သည်။ ကျောဟိုက် လည်ဟိုက် စွပ်ကျယ်ပုံစံလို အင်္ကျီဖြူတစ်ထပ်ပေါ်ကနေ ကုတ်လက်ရှည်နို့စိမ်းရောင်ကို ဝတ်ထားသည်။ ဘောင်းဘီရှည်ကလည်း ကုဏ်အင်္ကျီနှင့်ဆင်တူ နို့စိမ်းရောင်။

လရောင်ဖြူက မြန်မာဆန်ဆန် ဝတ်လျှင်လှသလိုပင် ခေတ်ဆန်ဆန်ဝတ်လည်း ကြော့ရှင်းစမတ်ကျတာပါပဲ။

ကားတံခါးကို ဖွင့်ကာ သူမ ဆင်းရပ်ပြီး ဟိုဒီကြည့်နေမိသည်။

အရင်ကတော့ သူများကို တကူးတက စောင့်ဆိုင်းဖို့ စိတ်မရှည်တတ်ပါ။ အခု သူနှင့်ကျတော့ စောင့်ရလည်း စိတ်မတို။ အေးအေးဆေးဆေးပင် လက်ကလေးပိုက်လျက် ရပ်စောင့်နေမိသည်။

လန်းဆန်းပေါ့ပါး ရွှင်ပြနေသော သူမစိတ်တွေဟာ မျက်စိရှေ့ကို ဘွားခနဲ ရောက်လာသူတစ်ဦးကြောင့် ဒိန်းခနဲ ရင်တုန်ပြီး ခေါင်းနပန်း ကြီးသွားရပါသည်။

ဟိုက် . . . . ပြဿနာပဲ . . .

"လရောင်"

ကိုကြီးက သူမနားသို့ လျှောက်လာသည်။





"ကို . . . ကိုကြီး ပြောတော့ ဒီမနက်စောစော မော်ဘီကခြံကို သွားစရာရှိတယ်ဆို"

သူမ အလန့်တကြား မေးမိသည်။ ဦးလင်းထွဋ် မော်ဘီရောက်နေပြီဆိုပြီး သူမက ခပ်အေးအေး လျှောက်သွားနေတာ။

အခုတော့ မထင်မှတ်ဘဲ ဗြုန်းစားဒိုင်းစားကြီး မျက်စိရှေ့ရောက်လာပါရောလား။

"ဒီနေ့ မသွားဖြစ်ဘူးကွ၊ အဲဒါနဲ့ ဒီမှာ ဘိလိယက်လာကစားတာ၊ လရောင်ရော ဘာလုပ်နေတာလဲ၊ ဘယ်သူ့ကို စောင့်နေတာလဲ"

ရုတ်တရက် သူမ ဘယ်လိုဖြေရမည် မသိ။

"ဟို . . . . ရှော့ပင်လာတာ ကိုကြီး"

"ဘယ်သူနဲ့လာတာလဲ"

"ရှင် . . . ဪ. . . ပန်းလို. . . ပန်းလိုနဲ့ပါ"

နှုတ်က အလိုလို ညာလိုက်မိ၏။

ပန်းလိုမွေးပါတယ်ဆိုတော့ ကိုကြီးက စိတ်ချသွားပုံရပါသည်။

"ပန်းလိုမွေးက အပေါ်တက်သွားတာလား၊ အေးအေး လရောင် ဒီနေ့ မင်းစောစော ပြန်လာခဲ့၊ ကိုကြီးတို့ ညစာအပြင်မှာ သွားစားရအောင်"

"ဟုတ်ကဲ့ . . . . ကိုကြီး"

"ဒါဖြင့် ကိုကြီး ပြန်နှင့်မယ်နော်"

"ဟုတ်"

ငါ့နှယ် ဒီနားမှာ ရပ်ထားတဲ့ အိမ်ကကားကိုတောင် ဘာကြောင့် မမြင်မိတာလဲဟု လရောင် သူမကိုယ်သူမ အပြစ်တင်မိသည်။

မချင့်မရဲနှင့် စိတ်တွေကလည်း ထူပူလန့်ဖျပ်နေရတုန်းပါ။

ဒီနေရာကနေ ကိုကြီးမြန်မြန် ပြန်သွားတာ အကောင်းဆုံး. . .။ မြန်မြန် ကားပေါ်တက်ပါစေဟု ကြိတ်ဆုတောင်းမိသည်။

သို့သော် လရောင် ဆုတောင်းက မပြည့် . . .

"မမ"

ခေါ်သံနှင့်အတူ အဂ္ဂ အပြေးအလွှား ပြန်ရောက်လာသည်။

ကိုကြီးက လှည့်ထွက်တော့မလို ဟန်ပြင်နေရာက ဒီဖက်ပြန်လှည့်ပြီး အဂ္ဂထံ ခပ်တင်းတင်း ကြည့်သည်။

လရောင်နှင့် တရင်းတနှီးဟန်နှင့် ချဉ်းကပ်လာတဲ့ကောင်လေး ခပ်ချောချောတစ်ယောက်။





ဒါ ဘယ်သူလဲ။ ဖေဖေတို့ ပြောကြတဲ့ ကြာကူရှိကောင်ပဲလား။

သူ့ခေါင်းထဲမှာ အချက်ပေးမီးနီက ရုတ်တရက် လင်းလာသည်။

အဂ္ဂက ဦးလင်းထွဋ်ကို မကြည့်ဘဲ လရောင်ဖြူကိုသာပြုံးငုံ့ကြည့်လျက် . . .

"ဒီမှာကြည့်စမ်း. . . မမအတွက် ဘာဝယ်လာလဲဆိုတာ"

သူ့လက်ထဲမှာ မွေးပွခွေးရုပ်ဖြူဆွတ်ဆွတ်လေးကို ပလပ်စတစ်နှင့် ထည့်လာလျက် လရောင်ဖြူလက်ထဲ ကမ်းပေးသည်။

"မမ အရုပ်ကြိုက်တယ်မို့လား"

လရောင်ဖြူသည် ဘာလုပ်ရမှန်းမသိ ကိုယ့်ဆီပေးတဲ့ခွေးရုပ်လေးကို ပွေ့ထားမိရင်း ကိုကြီးထံ မရဲတရဲ ကြည့်မိသည်။

အရေးထဲ အဂ္ဂက အရိပ်ငွေလေးပါး မကြည့်တတ်တော့ပိုခက်တာပေါ့ . . .

ဦးလင်းထွဋ်က အဂ္ဂကို စူးစူးရဲရဲ ခပ်တည်တည် ဘုကြည့်ကြည့်နေ၏။

"ဘာလို့ လျှောက်ဝယ်တာလဲ အဂ္ဂရယ်၊ မမဆီမှာ အရုပ်တွေ အများကြီးဥစ္စာ"

အဂ္ဂသည် အခုမှ မမနံဘေးရပ်နေတဲ့ လူကြီးတစ်ယောက်ဆီ ဖျပ်ခနဲ အကြည့်ရောက်သွား၏။

သူ့ကို ကြည့်နေပုံက အထက်စီးနင်းဆန်ပြီး ပြင်းရှနေသည်။

သို့သော် သူ ဂရုမစိုက်ဘဲ မမလက်ကို ဆွဲမိတော့မလို့။

"ကားပေါ် တက်လေ မမ၊ နောက်ကျနေမယ်ဆိုပြီးတော့ဗျာ၊ ဘာလုပ်နေတာလဲ"

သူပါ ကားဆီ ကွေ့ပတ်လျှောက်တော့မလို ပြင်တာမို့ လရောင်က မနေသာတော့ပါ။

"ခဏလေး အဂ္ဂ၊ ဒီမှာလေ ဒါက မမရဲ့အမျိုးသား ဦးလင်းထွဋ်"

"ဗျာ"

ရုတ်တရက် နားနားမှာ ဗုံးပေါက်ကွဲသွားသလို မမရဲ့ စကားသံကို တုန်လှုပ်ခြောက်ခြားသွားမိသည်။

အမျိုးသား . . . .

"ကိုကြီး . . . သူက အဂ္ဂကျော်လွှမ်းတဲ့"

ဦးလေးကြီးက သူ့ကို မပြုံးမရယ် စိုက်ကြည့်နေ၏။





အဂ္ဂမျက်နှာတွေ ထူပူနီမြန်းလာသလို နားရွက်ဖျားတွေပါ ရုတ်တရက် ရဲတက်လာသည်။

ထိုခဏမှာ သူအတော်ရှက်ပြီး ရင်ထဲ အောင့်သက်ခံပြင်းသွားရပါသည်။

ဒီအခြေအနေမျိုးကို သူတစ်ခါမှ မျှော်လင့်မထားပါ။

မမလရောင်ဖြူကို ထက်ထက်မြက်မြက် အရာရာဦးဆောင်နေတဲ့ အပျိုကြီးတစ်ယောက်လို့ပဲ ထင်ထားခဲ့တာ။

အခု သူ့မျက်နှာကို ဖြတ်ရိုက်ချတာထက်တောင် အခံရခက်သွားသည်။ သူ ဘာလုပ်လို့ ဘာပြောရမည်ပင် မသိတော့ပါ။

ဦးလင်းထွဋ်က လရောင်ဖြူကို မထိတရီ ကြည့်လျက် . .

"မင်း အခုနပြောတော့ ပန်းလိုမွေးနဲ့ အတူတူလာတာဆို"

"ဟုတ်တယ်လေ . . . ကိုကြီး"

"ဒါဖြင့် ပန်းလိုက ဘယ်မှာလဲ၊ သူကရော ဘယ်သူလဲ"

"သူက ဟို . . . ပန်းလို ယောကျ်ား"

"ဘာပြောတယ် လရောင်၊ ဒီကောင်မလေးက ဘယ်တုန်းက ယောကျ်ားယူလိုက်တာလဲ"

"ကိုကြီး ဘယ်သိမှာလဲ၊ သူတို့ ဒီတိုင်းပဲ လက်မှတ်ထိုးထားတာ၊ အခုနေတော့လည်း တစ်ယောက်တစ်ခြားစီ၊ အဲဒါ

ကြောင့် လရောင်က သူတို့နှစ်ယောက်ကို တွေ့တုန်းဖျောင်းဖြနေရတာ၊ အခုလည်းကြည့်၊ ပန်းလိုကိုထားပြီး သူတစ်ယောက်ထဲ ထွက်လာတယ်"

လရောင်ဖြူသည် မှင်သေသေနှင့် တရစပ်ပဲ ဖြီးဖြန်းပါသည်။ အဂ္ဂ သူမကို ပါးစပ်အဟောင်းသား တအံ့တသြ ကြည့်နေမိသည်။

တော်တော် ပလီပလာပြောတတ်တဲ့ မိန်းမပါလား။

သူနှင့် ပန်းလိုမွေးကို ချက်ချင်းပေးစားပစ်လိုက်ပုံက မြန်ဆန်လှချည်လား။

"အဂ္ဂ. . . ရှင့်မိန်းမကို ပြန်ခေါ်ဦး"

ကြောင်ငေးကြည့်နေတဲ့ သူ့ကိုပင် ညွှန်ကြားအမိန့်ပေးလိုက်သေးသည်။

"ကဲ . . . လရောင်၊ ဒါဖြင့်လည်း ကိုကြီး ပြန်မယ်"

ဦးလင်းထွဋ်က ခပ်မြန်မြန် နှုတ်ဆက်လိုက်ပါသည်။

အထင်လွဲမိတာကို လူကြီးပီပီ သူ အားတုံ့အားနာ ရှက်သွားသေးသည်။

ဩော် . . . လက်စသတ်တော့ သူတို့တွေ မှားယွင်းအထင်လွဲနေတဲ့ မော်ဒယ်လ်ဘွိုင်းဆိုတာ ပန်းလိုမွေးနဲ့ပတ်သက်တဲ့ ကောင်လေးပဲလေဟု သဘောပေါက်သွားရ၏။





စိတ်ကောင်းနှလုံးကောင်းရှိတဲ့ လရောင်ဖြူဟာ သူ့လက်အောက်ငယ်သား ဝန်ထမ်းတွေနှင့် ပတ်သက်လျှင် ဒီလိုပဲ အစစအရာရာ ဝင်ကူညီဖြေရှင်းပေးနေကျပဲ မဟုတ်လား။

ဦးလင်းထွဋ်က လက်ပြပြီး ကားပေါ် တက်ထွက်ခွာသွားသည်။ ထိုကား ထွက်သွားလျှင် အဂ္ဂရင်ထဲမှာ မုန်တိုင်းတစ်ခု ဝင်မွှေခံရတဲ့ ဒေသတစ်ခုပမာ အရာရာ စုတ်ပြတ်ကျန်ခဲ့၏။

လရောင်ဖြူ . . . .

ထိုမိန်းမအား ကြည့်ချင်စိတ်လည်း မရှိ။ စကားပြောချင်စိတ်လည်း တစ်စက်ကလေးမှ မရှိတော့။ အဂ္ဂ ထိုနေရာကနေ ဘာမပြော ညာမပြောနှင့် ချာခနဲ လှည့်ထွက်ကျောခိုင်းခဲ့သည်။

"မောင်လေး"

သူ့နောက်ကနေ လရောင်ဖြူက အူလျားဖားယား လိုက်လာသည်။

"မောင်လေး . . . ခဏနေပါဦး၊ မ,ပြောတာ နားထောင်ပါဦး"

သူ့အင်္ကျီကျောပြင်ကို လက်နှင့် ဖွဖွလှမ်းဆွဲထားသည်။

"တောက်. . . ခင်ဗျား ကျုပ်အင်္ကျီကို လွှတ်၊ ခင်ဗျားလိုကြောက်စရာကောင်းတဲ့ မိန်းမမျိုးနဲ့ လုံးဝ မပတ်သက်နိုင်ဘူးဗျာနားလည်လား"

ထိုတစ်ခွန်းပဲ ပြန်လှည့်ပြောကာ ခြေလှမ်းကျဲနှင့် ထွက်လာခဲ့မိသည်။

ရှက်ခံပြင်းနာကျင်ခြင်းနှင့် သူ့နှလုံးသားက တဆတ်ဆတ် တုန်ခါလျက်ရှိသည်။





ပန်းလိုနာမည်ကို ဆွဲယူအသုံးချပုံက တစ်ဆိတ်တော့ နေ ့က်ပြင်းထန်မနေဘူးလား။

မိန်းကလေးတစ်ယောက်ရဲ့ ဘဝတစ်သက်တာကိစ္စ ားအယွင်းခံလို့ မရတဲ့ကိစ္စကိုမှ အလွယ်တကူ အကြောင်းပြရ ပ်လို့ . . . .။

"ဒါဖြင့် လရောင်က မဟုတ်တာကို ပြောတာလား၊ ဒါ န် မဟုတ်ဘူးလား"

ပန်းလိုက ဆံပင်လေးကို တစ်ချက်ဖွကုတ်ရင်း အကြံ အိုက် စိတ်ရှုပ်ရှုပ်ဖြင့် . . .

"ဟို . . ဟိုလေ အဲဒါတွေ ပန်းလို နောက်မှပဲ ရှင်းပြမယ် ာန်ကယ်လ်၊ အခု ဒီမှာ ဧည့်သည်တွေရောက်လာလို့ပါ။ ာ် သမီး ဖုန်းချလိုက်မယ်"

ဒရောသောပါး အမြန်လျှာခလုတ်တိုက်မတတ် နှုတ် ပြီး ဖုန်းခွက်ကို အလျှင်စလို ပစ်ချလိုက်မိ၏။

ပ်ရှိုးသနာပဲ . . . ပြဿနာပဲ. . .

ါဆီ တည့်တည့်လာနေတဲ့ အရှုပ်ထုတ်။

ာန်းချပြီးချိန်မှာပဲ မမလရောင်မောင်းယူသွားတဲ့ မာ့ခ်တူး းလေးက ရုံးခန်းအဆောက်အဦရှေ့သို့ ထိုးဆိုက်လာခဲ့

ထိုတစ်ခွန်းပဲ ပြန်လှည့်ပြောကာ ခြေလှမ်းကျဲနှင့် ထွက်လာခဲ့မိသည်။

ရှက်ခံပြင်းနာကျင်ခြင်းနှင့် သူ့နှလုံးသားက တဆစ်ဆစ် တုန်ခါလျက်ရှိသည်။





ပန်းလိုနာမည်ကို ဆွဲယူအသုံးချပုံက တစ်ဆိတ်တော့ ရက်စက်ပြင်းထန်မနေဘူးလား။

မိန်းကလေးတစ်ယောက်ရဲ့ ဘဝတစ်သက်တာကိစ္စ အမှားအယွင်းခံလို့ မရတဲ့ကိစ္စကိုမှ အလွယ်တကူ အကြောင်းပြရဘယ်လို့ . . . ။

"ဒါဖြင့် လရောင်က မဟုတ်တာကို ပြောတာလား၊ ဒါအမှန် မဟုတ်ဘူးလား"

ပန်းလိုက ဆံပင်လေးကို တစ်ချက်ဖွကုတ်ရင်း အကြံအိုက်အိုက် စိတ်ရှုပ်ရှုပ်ဖြင့် . . .

"ဟို . . ဟိုလေ အဲဒါတွေ ပန်းလို နောက်မှပဲ ရှင်းပြမယ်နော် အန်ကယ်လ်၊ အခု ဒီမှာ ဧည့်သည်တွေရောက်လာလို့ပါ၊ ဒါပဲနော် သမီး ဖုန်းချလိုက်မယ်"

ဒရောသောပါး အမြန်လျှာခလုတ်တိုက်မတတ် နှုတ်ဆက်ကာ ဖုန်းခွက်ကို အလျှင်စလို ပစ်ချလိုက်မိ၏။

ပြဿနာပဲ . . . ပြဿနာပဲ. . .

ငါ့ဆီ တည့်တည့်လာနေတဲ့ အရှုပ်ထုတ်။

ဖုန်းချပြီးချိန်မှာပဲ မမလရောင်မောင်းယူသွားတဲ့ မာ့ခ်တူးခိုးရောင်လေးက ရုံးခန်းအဆောက်အဦးရှေ့သို့ ထိုးဆိုက်လာခဲ့သည်။

ပန်းလိုသည် ခါတိုင်းလို အပြေးသွားမကြိုဘဲ ဒီတိုင်းပဲ ရပ်ကြည့်နေမိသည်။

မမလရောင်က ဘယ်သူ့ကိုမှ မကြည့်ဘဲ သူ့ဘာသာ လက်ပွေ့အိတ်ကိုင်လျက် ခပ်တည်တည်ပဲ လျှောက်လာသည်။

ဒါပေမယ့် ဘာဖြစ်ခဲ့သည် မသိဘဲ သူ့မျက်နှာမှာ ညှိုးရိပ်ဖြင့် နွမ်းလျပင်ပန်းနေပုံပေါက်သည်။ နှာသီးဖျားလေးတွေက ရဲတွက်နေသည်။ မျက်ခွံတွေလည်း မို့နေ၏။

ငိုထားခဲ့တာ သေချာသည်။

ပန်းလိုသည် မမလရောင်ရဲ့ မျက်နှာရိပ် မျက်နှာကဲကို ကြည့်ကာ တစ်ခုခုဖြစ်လာပြီဆိုတာ သဘောပေါက်လိုက်သည်။

မမလရောင်က သူ့ရဲ့သီးသန့်ရုံးခန်းလေး အတွင်းသို့ တိုက်ရိုက်လျှောက်ဝင်သွားသည်။ ဘယ်သူ့ကိုမှ နှုတ်မဆက်တာကြောင့် ရုံးစတပ်ဖ်လေးတွေက မသိမသာ လှမ်းအကဲခတ်ကြသည်။

ပန်းလိုသည် မမနောက်ကနေ ရုံးခန်းတွင်းသို့ အသာလိုက်ဝင်လာပါသည်။

"ပန်းလိုရယ်. . . ."

ရုတ်တရက် စားပွဲပေါ် မျက်နှာမှောက်ချပြီး မမလရောင် ငိုရှိုက်လိုက်သဖြင့် ပန်းလို အလန့်တကြားပြေးကပ်သွားမိကာ. . .





"မမ. . မမ. . ဘာဖြစ်လို့လဲဟင်၊ ဘာဖြစ်လို့ ငိုတာလဲ"

မမလရောင် ပခုံးကို ဆုပ်ကိုင်၍ တတွက်တွက် မေးမိသည်။

"အဂ္ဂလေ . . . အဂ္ဂ မမကို စိတ်ဆိုးသွားပြီ"

ဗလုံးဗထွေးနှင့် ပြန်အဖြေစကားကြောင့် ပန်းလို စိတ်မသက်မသာ မျက်မှောင်ကုပ်မိသည်။

တစ်နေ့တော့ ဒီလိုဖြစ်လိမ့်မည်ဆိုတာ ထင်သားပဲ။

အခုတော့ အဂ္ဂ အရာရာကို သိသွားခဲ့ပြီပေါ့။

"သူ. . . သူ မမကို အထင်လွဲသွားတယ် ပန်းလိုရယ်၊ မမ သူ့ကို တမင်ညာထားတာ မဟုတ်ပါဘူး၊ သူ့ဟာသူ သိမှာပဲလေဆိုပြီး တကူးတက ဖွင့်မပြောခဲ့တာ မမအမှားပါ၊ သူ မကို အထင်သေးမှာ အကြောက်ဆုံးပဲ၊ မ,သူ့အပေါ် လှည့်စားတာ မဟုတ်ပါဘူး"

မမလရောင်က မျက်ရည်သုတ်ပြီး ဖြေရှင်းစကားဆိုနေသည်။ ပန်းလိုက နှစ်သိမ့်သလို မမလရောင် လက်ကလေးကို ဆုပ်ကိုင်ပြီး . . .

"အဲဒါတွေ ကိုအဂ္ဂကို မမ ရှင်းပြလိုက်တယ် မဟုတ်လား"

"ဟင့်အင်း . . . ရှင်းပြလို့ မရဘူး၊ သူ ဒေါ်တွေပွပြီး ထွက်သွားတယ်"

"ဩော်. . . ရုတ်တရက် သိရလို့ စိတ်မထိန်းနိုင်တာ ဖြစ်မှာပါ မမရယ်၊ မမကို သူတကယ် စိတ်မဆိုးနိုင်လောက်ပါဘူး၊ သူက ဒီတိုင်းပဲ တစ်ခါတလေ ရှုးရှုးရှားရှားနဲ့ ပြီးရင် ဘာမှလည်း ဟုတ်တာ မဟုတ်ဘူး"

ပန်းလိုက အလိုက်သင့်ပင် ပြေရာပြေကြောင်း ပြောပေးနေမိသည်။

မမလရောင် ဒီလို ငိုယိုခံစားပေါက်ကွဲတာမျိုး သူမ တစ်ခါမှ မမြင်ဘူးခဲ့တော့ ထူးဆန်းသလိုလည်း ဖြစ်နေမိပါသည်။

သူမပါရောပြီး ရင်တွေပန်းတွေ တုန်ရ၏။

"မမ သူ့ကို တောင်းပန်ချင်တယ် ပန်းလို၊ သူလက်ခံပါ့မလား"

"လက်ခံပါတယ်၊ ပန်းလို ပြောပေးမယ် စိတ်ချ"

ပန်းလိုက လူတတ်ကြီးလုပ်ပြီး ချော့မော့အာမခံနေမိ၏။

"အဂ္ဂ စိတ်နာသွားမှာစိုးတယ်၊ သူ မမအပေါ် အရမ်းဒေါသဖြစ်သွားတယ် ပန်းလိုရယ်၊ မမ သိတယ်"

"နောက်တော့ စိတ်ပြေသွားမှာပေါ့၊ အထွေအထူးကိစ္စမှ မဟုတ်တာ"

". . . . . ရှော့ပင်းမောရှေ့မှာ အန်ကယ်လ်လင်းနဲ့ သွားဆုံမိကြတယ်လေ"





"ပန်းလို သိတယ် မမ"

"ဟင် . . . ပန်းလိုက ဘယ်လို သိနေတာလဲ"

"အခုပဲ အန်ကယ်လ်လင်း ဖုန်းဆက်တယ်"

ပန်းလိုစကားကြောင့် လရောင်ဖြူ ပြူးပြူးပျာပျာ ဖြစ်သွားလျက် . . .

"ဘာရယ် ကိုကြီး ဖုန်းဆယ်တယ် ဟုတ်လား၊ ပန်းလိုကို သူ ဘာတွေပြောလဲ၊ ဘာတွေ မေးနေသေးလဲ"

သူမ အချိန်မီ မကာကွယ်နိုင်သဖြင့် ဘာတွေများများယွင်းကုန်ပြီလဲဟု ထိတ်လန့်တကြား ပန်းလို လက်ကလေးကို ဆုပ်ကိုင်ခါယမ်းနေမိသည်။

လရောင်အသံလေးမှာ စိတ်လှုပ်ရှားမှုနှင့် တုန်ယင်နေသည်။ အဂ္ဂနှင့်အတူ ဘွားခနဲမြင်လိုက်တော့ ကိုကြီး မယုံသင်္ကာဖြစ်ပြီး သူမစကား မှန် မမှန် ချက်ချင်း လှမ်းစစ်ဆေးတာလား။

ရင်တွေ အခုန်ကြမ်းလျက် သူမ တုန်လှုပ်မိသည်။

"ပြောပါဦး ပန်းလိုရဲ့၊ သူ ဘာမေးတာလဲ"

မဖြေချင်သော်လည်း မမလရောင်က အမောတကော မေးနေတာကြောင့် . . .

"ကိုအဂ္ဂနဲ့ လက်မှတ်ထိုးထားတဲ့ကိစ္စ ကြီးကြီးမြကို ပြောပေးမယ်တဲ့"

"ဟောတော့. . . အဲဒါမှ ဒုက္ခပဲ . . ."

"မမက အဲလို ပြောတယ်ဆို ပန်းလိုလည်း လန့်သွားတာပေါ့၊ ဘာမှကို နားမလည်နိုင်ဘူး ဖြစ်သွားတယ်"

"ပန်းလိုက ဘာပြန်ပြောလိုက်လဲ"

"မဟုတ်တာကို မဟုတ်ဘူးလို့ပဲ ငြင်းမိတာပေါ့ မမရဲ့"

"အယ်. . . အဲဒါမှ ပြဿနာပဲ"

မမလရောင် မျက်နှာလေးမှာ စိတ်ပျက်လက်ပျက် ဖြစ်ရော့ရော့ ဖြစ်သွားရှာလေသည်။

ပန်းလိုသည် မမလရောင်ကို သနားရမှာလား။ အပြစ်တင်ရမှာလား၊ မဝေခွဲတတ်တော့ပါ။

"တို့အဖြစ်က ပန်းလိုရယ်၊ ကိုကြီးက အဂ္ဂကို ဒါဘယ်သူလဲလို့ ရုတ်တရက်မေးတော့ တို့လည်း ကြောက်ပြီး ပန်းလိုရဲ့ ယောက်ျားလို့ ဖြေမိလိုက်တယ်"

"ဟင်. . . မမကလည်း. . ."

"အင်းနော်. . . ရည်စားလို့ ပြောမိရင်တော်သေးတယ် အခုတော့ ယောင်ပြီး ပါးစပ်က ပန်းလိုယောက်ျားလို့ ထွက်သွားမိတာ၊ လက်မှတ်ထိုးထားတယ်လို့တောင် ထပ်ဆင့်ညာမိသေးတယ် ပန်းလိုရယ်၊ မမကို ခွင့်လွှတ်ပါ၊ မမလည်း ဘာတွေဖြစ်သွားမိသလဲကို မသိဘူး၊ လူက ထူပူပြီး ဘာလုပ်လို့ဘာကိုင်ရမှန်း





မသိတော့ဘူး၊ အဂ္ဂက မမကို ကြည့်တဲ့အကြည့်ကလည်း ပြာကျတော့မယ်၊ ကျောချမ်းစရာကြီးလေ"

သူတို့သုံးယောက် တည့်တည့်ရင်ဆိုင်တိုးကြသည့်အဖြစ်ကို ပန်းလို ခန့်မှန်းမြင်ယောင်ကြည့်မိသည်။

အဂ္ဂ ရှက်တော့ရှက်သွားမှာပဲ. . . သူက မမလရောင်ကို အပျိုကြီးမှတ်ပြီး ကြွေချင်ပုံရတယ် မဟုတ်လား။

"ဒါကတော့ သူ့ဘာသာသူ မသိတဲ့ကိစ္စပဲ၊ မမက ညာဘာမှ မဟုတ်ဘဲ၊ မမအပြစ်လည်း မရှိဘူး"

"ဒါပေမယ့် ကိုကြီး အထင်လွဲသွားရင် မမ ဘယ်လိုလုပ်ရမလဲ၊ ပန်းလိုကလည်း လက်မထပ်ထားပါဘူး ငြင်းလိုက်တော့လေ"

"ပန်းလို မငြင်းရဘူးလား မမရယ်"

"လောလောဆယ်တော့ မငြင်းပါနဲ့ဦး ညီမလေးရယ်၊ မမကို ကူညီပေးပါ၊ မမ တောင်းပန်ပါတယ် နော်"

လရောင်က သူ့အညာပေါ်သွားမှာ အလွန်ကြောက်ပုံရလေ၏။

ဒါကို ညာပြီဆိုတာ ပေါ်သွားတာနှင့် သူတို့အိမ်ထောင်ရေးမှာ ပြဿနာတက်တော့မှာ သေချာသည် မဟုတ်လား။

တကယ်တမ်းကျတော့ လင်ယောက်ျားကို ပိပိရိရိ ဖုံးဖိလိမ်ညာချင်ပုံလည်း ရသည်။

"နော်. . . ကူညီပါ၊ ကိုကြီး ဒီတစ်ခါထပ်မေးရင် အဂ္ဂနဲ့ လက်ထပ်ပြီးသားပါလို့ပဲ ပြောပေးပါ၊ ဒါ ပန်းလိုဆီက မမ အနေ တကြီး အကူအညီတောင်းတာပါ"

ပန်းလိုသည် မမလရောင်ပုံစံ တခုတယ တောင်းပန်နေတဲ့ သဏ္ဍာန်ကြောင့် ခေါင်းမခါရက်ပါ။ စိတ်ထဲ လေးလံ တင်းကျပ်စွာနှင့်ပဲ ခေါင်းညိတ်လက်ခံ လိုက်မိသည်။

"မမရယ်. . . စိတ်ညစ်လိုက်တာနော်၊ ပန်းလိုက ဟုတ်တယ် ပြောရုံနဲ့ အန်ကယ်လ်လင်းက ယုံပြီလား၊ အဂ္ဂကရော ဒီကိစ္စကို လက်ခံမှာတဲ့လား၊ အန်ကယ်လ်လင်းက ကိုအဂ္ဂကိုပါ မေးကြည့်ရင်ရော"

ပူပူပန်ပန်နှင့် ပန်းလို ထပ်မေးတော့ မမလရောင်လည်း မျက်မှောင်လေးကုပ်ပြီး အကြံအိုက်နေပါသည်။

"အရင်ဆုံး ပန်းလို့အတွက် မမကိုယ်စား မောင်လေးအဂ္ဂကို သွားတောင်းပန်ပေးပါ"

"ရှင် . . . ပန်းလိုက တောင်းပန်ရမယ်"

"သူ့အိမ်ကို သွားလိုက်လေ၊ ပန်းလိုပြောတဲ့စကားဆိုရင်တော့ သူနားဝင်မှာပါ၊ အကျိုးအကြောင်း ရှင်းပြလိုက်ပေါ့၊ မမ ပြောတာ သူလည်း ကြားတာပဲ၊ မတတ်သာလို့ ညာရတာ သူ သိမှာပါနော်၊ သဘောပေါက် နားလည်မှာပါ"





မမလရောင်က သူ့ဟာနှင့်သူတော့ ဟုတ်နေသည်။ ပန်းလိုမှာသာ အဂ္ဂကို ဘယ်လိုရင်ဆိုင်ရှင်းပြရမလဲ မသိနိုင်သေးပါ။

ရင်ထဲမှာ သူ့အပေါ် ကရုဏာသက်ဝင်မိတာလည်း အမှန်။

အချစ်မှာ ခွင့်လွှတ်တတ်ခြင်းဆိုတာ ပူးတွဲပါရှိတတ်ပါသလား။

သူ မသိဆိုးရွားနိုင်စွာ မမလရောင်ကို ကြိတ်ပြီး စိတ်ဝင်စားမိတာကို ပန်းလို အပြစ်မတင်ရက်ဘဲ အလိုလို ကျေအေး ခွင့်လွှတ်လိုက်မိတာ ထူးဆန်းသည်။

ပြီးတော့ သူ့ကို တိတ်တဆိတ် သနားမိပါသေးသည်။

သူတို့ရဲ့လမ်းကလေးက တိတ်ဆိတ်အေးချမ်းနေသည်။ ခြံဝန်းလေးတွေ တသီးတသန့်နှင့် ဆိတ်ငြိမ်ရပ်ကွက်ကလေး။

အမှန်အတိုင်း ပြောရလျှင် အဂ္ဂနေတဲ့နေရာလေးမို့ လမ်းထဲ ကားမောင်းဝင်လာရကတည်းက ရင်ကခုန်နှင့်သည်။

အဂ္ဂနှင့် ပတ်သက်ထိတွေ့နေသမျှ အရာရာတိုင်း အပေါ်မှာ သူမစိတ်ထဲက နှစ်လိုပြီး ချစ်စနိုးဖြစ်မိတာ။

သူစီးတဲ့ ဘောက်စ်ဝက်ဂွန် အစိမ်းလေးကိုလည်း သဘောကျတာပဲ။ သူဆောင်းလေ့ရှိတဲ့ လျှာထိုးဦးထုပ်လေးကိုဆိုလည်း ကြိုက်မိတာပဲ။ သူ့လက်က လက်ပတ်နာရီလေးဟာ ဆိုရင်လည်း ကမ္ဘာပေါ်မှာ ရှိသမျှနာရီတွေထဲ နှစ်သက်စရာ အကောင်းဆုံးပေါ့။

သူ့လက်နှင့် ထိတွေ့ခွင့်ရတဲ့ သက်မဲ့ပစ္စည်းလေးတွေက အစ ဘာလို့မှန်းမသိဘဲ ပန်းလို မြတ်နိုးစွာ ငေးကြည့်မိတာပါပဲ။

တကယ်တော့ အရာအားလုံးဟာ သူ့အပေါ် ထားတဲ့ မေတ္တာတရားကနေ စီးဖြာယှက်နွယ်လာတာချည်းပါပဲ။

ပန်းလိုသည် အဂ္ဂတို့ ခြံနံပါတ်ရေးထားတဲ့ အုတ်တံတိုင်း တစ်ဝက်၊ သံတိုင်တစ်ဝက် ကာရံထားတဲ့ ဝန်းခြံကလေးထဲက ပျဉ်ထောင်အိမ်မည်းလေးဆီ လှမ်းကြည့်ရင်း ကားစက်သပ်လိုက်သည်။

ဒေါ်ထားမေက တီဗွီစတန်းလေးကို ကြက်မွေးနှင့် ဖုန်ခါနေရင်း အိမ်ရှေ့ခြံပြင်မှာ ရပ်လိုက်တဲ့ တောင်းအေ့စ်ကားလှလှလေးကို ဘာရယ်မဟုတ် လှမ်းကြည့်လိုက်မိသည်။

ကားပေါ်ကနေ သစ်သီးမျိုးစုံထည့်ထားတဲ့ လက်ဆောင်ခြင်းဝိုင်းဝိုင်းလေးကိုဆွဲလျက် မိန်းမငယ်လေးတစ်ယောက် ဆင်းလာပါသည်။

ကိုယ့်ဟာကိုယ် ကားကိုယ်တိုင်မောင်းလာတဲ့မိန်းကလေးမို့ ဒေါ်ထားမေက သဘောတကျ ကြည့်နေမိတာ။

ကိုယ့်အိမ်လာတဲ့ ဧည့်သည်လို့ မထင်။ သားအမိနှစ်ယောက်ထဲ နေလေ့ရှိတဲ့ ဒီအိမ်ကို ဧည့်သည်ကလည်း လာခဲသားပဲ။





သားသူငယ်ချင်း ကောင်လေးတွေသာ တစ်ခါတရံ တရုန်းရုန်း ရှိတတ်တာမို့လား။

ပန်းလိုက ခြံတံခါးရှေ့ရပ်ကာ အိမ်တွင်းသို့ လူရိပ်လူယောင် ရှိ မရှိ လှမ်းအကဲခတ်သည်။

မှန်ပြတင်းနားမှာတော့ ပါးတိတ်အကျီဝတ် အမျိုးသမီးတစ်ယောက်လိုလို. . .

ပန်းလိုက ချိတ်ထားတဲ့ ခေါင်းလောင်းကြိုးလေးကို လှမ်းဆွဲ လှုပ်ခါလိုက်သည်။

မိန်းမငယ်လေးက ခေါင်းလောင်းကြိုးဆွဲနေမှ ဒါ ဒီအိမ်ကို လာမေးနေတာပဲဟုသဘောပေါက်ကာ အိမ်နောက်ဖေးက မစန်းကိုတောင်မခေါ်တော့ဘဲ သူကိုယ်တိုင် အိမ်ပေါ်ကဆင်းခဲ့သည်။

အုတ်လှေကားလေး သုံးထစ်ကနေ ပေါ့ပေါ့ပါးပါး ဆင်းချလာသော ပါတိတ်အဝါနုနုဝတ်ထားသည့် ပိန်ပိန်ပါးပါး အန်တီကြီးတစ်ယောက်ကို ပန်းလိုက လှမ်းကြည့်နေမိသည်။

မျက်နှာကြည့်ရတာ ကိုအဂ္ဂနှင့် ဆင်သည်။

ဒါဆို ကိုအဂ္ဂတို့အိမ်များ ဖြစ်နေမလား။

"အန်တီ . . . ကိုအဂ္ဂတို့ အိမ်လား မသိဘူး"

"ဟုတ်ပါတယ် သမီး၊ အဂ္ဂက အန်တီ့သားပါ၊ ဘာကိစ္စများလဲ"

"သမီးက Aprial Queen ဧပရယ်ကွင်းကုမ္ပဏီကပါ၊ မန်နေဂျာ ပန်းလိုမွှေးပါ၊ ဒေါ်လရောင်ဖြူက လွှတ်လိုက်လို့ပါ"

"ဪ. . . ဟုတ်လား၊ ဝင်ပါကွယ်၊ သားတော့ မရှိဘူး၊ ဒီနားက သူ့သူငယ်ချင်းအိမ် ခဏသွားတယ်"

အန်တီကြီးက ပန်းလိုကို တံခါးဖွင့်ပေးပြီး အိမ်ပေါ် ခေါ်သွားသည်။

ဧည့်ခန်းဆက်တီမှာ ထိုင်ရင်း ဧည့်ခံစကားပြောပေးနေပါသည်။

"သားက မနေ့တုန်းက ဘာဖြစ်လာသလဲကို မသိဘူး၊ တစ်ယောက်တည်း အခန်းအောင်းနေတယ်၊ အဲဒါ ထမင်းစားချိန်ကျမှ အန်တို့မှာ အတင်းခေါ်ရတယ်လေ၊ သူ ဘယ်သူနဲ့ စိတ်ဆိုးလာသလဲ မေးတာ မဖြေဘူး၊ မော်ဒယ်လ်ဘွိုင်းလည်း မလုပ်ချင်တော့ဘူး ဘာညာနဲ့ ညည်းနေတာ၊ သူငယ်ချင်းတွေနဲ့ မူဆယ်လိုက်သွားမယ်၊ စီးပွားရေးပဲ လုပ်တော့မယ်လို့ ဖြစ်နေတာ၊ အန်တို့မှာ မနည်းတားထားရတယ်၊ အန်တီက သူ့ကို ကုန်သည်ပွဲစားလည်း မလုပ်စေချင်ဘူး၊ သူက ရုပ်ကလေးလည်းရှိ အနုပညာလည်း ဝါသနာပါတော့ ဒီလိုင်းမှာပဲ ထွန်းထွန်းပေါက်ပေါက် ဖြစ်စေချင်တယ်လေ၊ အဲဒါပဲ ကြိုးစားပါလို့ အားပေးရတယ်၊ အခုတလော သမီးတို့ကုမ္ပဏီက ကြေငြာတွေကြောင့် သူ့ကို လူ





တော် သိလာကြပြီ၊ တက်တက်ကြွကြွနဲ့ ပျော်နေပြီးမှ ဒီကလေးက ဘာဖြစ်မှန်းကို မသိတာ"

အဂ္ဂရဲ့အမေသည် စကားပြော အတော်ပွင့်လင်းသည်ဖြစ်ရာ သားလုပ်သူအကြောင်းတွေ အကုန်လျှောက်ပြောနေပါသည်။

အဂ္ဂဆီက ဘယ်တုန်းမှ ကြားရမည်မဟုတ်တာတွေ သူ့အမေဆီက သိရသည်။ ဘာကြိုက်တတ်တာ၊ ဘာကိုတော့ ဂျီချောင်ကျတာ၊ ငယ်ငယ်တုန်းက ဘယ်လိုအဆော့မက်တာ၊ အိမ်က ရှိုးကေစ့်မှန်ကြီး ခွဲပစ်တာ၊ နေမကောင်းတုန်းက ဘယ်လိုပြုစုရတာ၊ ကျောင်းမှာ ရန်ဖြစ်တာ၊ ကြီးလာတော့ မင်းသားဖြစ်ချင်စိတ်ရှိတာ၊ ကိုယ်လုံးပေါ် မှန်ချပ်ကြီးရှေ့မှာ တစ်နေ့တစ်နေ့အိုက်တင်လေ့ကျင့်တာ စသဖြင့် သူ့သိမိုင်း အတော်များများကို တစ်ထိုင်တည်း သိခွင့်ရသဖြင့် ပန်းလိုမွှေးမှာ ပြုံးစိစိဖြစ်ကာ သူ့အမေနှင့် အတန်ကြာအောင် လေပေးဖြောင့်နေရပါသည်။

"ဒေါ်လရောင်ဖြူဆိုတာ သားဆီကတော့ အမြဲကြားနေရပါတယ်၊ သားအပေါ် ကောင်းတယ်၊ အင်မတန် ကူညီတယ်ဆိုတာသိတော့ အန်တီက ကျေးဇူးတင်နေရတာ၊ ခုထက်ထိတော့ မမြင်ဖူးသေးဘူး၊ လရောင်ဖြူဆိုတာ အတော်လှသလား သမီး၊ ဘယ်အရွယ်လောက် ရှိမလဲ"

"လှပါတယ်. . . အသက်သုံးဆယ်ကျော်၊ သုံးဆယ့်ငါးလောက်ပါ။ မမလရောင်က တအားတော်တယ်၊ သွက်သွက်လက်လက်ထက်ထက်မြက်မြက်ပဲ၊ သမီးတောင် သူ့ကိုမီအောင် မနည်းလိုက်ရတာ၊ မမလရောင်က အလုပ်ဆိုလည်း လောဘကြီးတယ် သူ့ကိုယ်သူ ပင်ပန်းတယ်လို့ကို မတွေးတာ"

"သမီးပုံစံလေးကလည်း ထက်ပါတယ်"

"ဒါပေမယ့် အန်တီ့သားအဂ္ဂက ပန်းလိုလောက်ကို အထင်မကြီးဘူး အန်တီရဲ့၊ သူက မမလရောင်မှ . . ."

"ဒါနဲ့ လရောင်က အပျိုကြီးလား သမီး၊ အိမ်ထောင်တွေဘာတွေ မပြုသေးဘူးလား"

ရုတ်တရက် ကောက်ခါငင်ကာ မေးလိုက်လျှင် ပန်းလိုအမ်-ဟု ရေရွတ်ရင်း ဘာဖြေရမည် မသိ။ သူ့သားဟာ စောစောစီးစီး သူ့အမေလို ပွင့်ပွင့်လင်းလင်း မေးချရင် ပြီးရော။

အခုတော့ ဒီ အပျိုကြီး ဟုတ်မနေလို့ပဲ ပြဿနာကစတာ။

"မမလရောင်က အိမ်ထောင်နဲ့ပါ"

"ဩော် . . . အိမ်ထောင်နဲ့လား၊ မသိပါဘူး သမီးရယ်၊ အန်တီက အပျိုကြီးမှတ်နေတာ"

ဒေါ်ထားမေ စိတ်ထဲ တစ်မျိုးကြီးတော့ ဖြစ်သွားရသည်။





သားဆီကနေ မမလရောင် မမလရောင်လို့ ကြားနေရတော့ အပျိုပဲ ထင်တာလေ။ ဒီလိုဆိုရင်တော့ သားကို သတိပေးထားရဦးမည်။

ပန်းလိုမွှေးကိုတော့ ဒေါ်ထားမေက မြင်မြင်ချင်းမှာပင် နှစ်လိုချစ်ခင်စိတ်ပေါက်သည်။

စကားသံချိုချိုနှင့် အင်မတန် ချစ်စရာကောင်းတဲ့ မိန်းကလေး။ သားနှင့်ဆို အသက်အရွယ်ချင်းလည်း မတိမ်းမယိမ်းပဲရှိမှာ။

ပြီးတော့ သားအကြောင်းကို သူကလေးက အလွန်စိတ်ဝင်စားပုံရသည်။ မျက်လုံးကလေး တလက်လက်ဖြင့် စူးစိုက်နားထောင်ကာ ပြုံးမြမြလေး ရှိနေတာပဲကြည့်. . .။

ဒေါ်ထားမေတို့လည်း ငယ်ရာကပဲ ကြီးလာတာလေ။ သူကလေးကို ကြိုတင် တီးခေါက်မေးမြန်းထားဖို့ စဉ်းစားမိသည်။

ထိုအချိန်မှာပင် အပြင်က ကားသံကြားရ၏။

"ဟော. . . သမီးရေ. . . အဂ္ဂ ပြန်လာပြီထင်တယ်"

ဒီတစ်ခါတော့ သူက သူ့ရဲ့ ဘောက်ဝက်ဂွန်အစိမ်းလေး မောင်းပြီး ပြန်လာတာ ဖြစ်သည်။

ရပ်ထားတဲ့ တောင်းအေ့စ်ကားကိုကြည့်ပြီး အဂ္ဂက မျက်မှောင်ကုပ်သည်။

"သားရေ. . . ဧည့်သည်စောင့်နေတာ ကြာပြီဟေ့"

ချက်ချင်း အိမ်ပေါ်တက်မလာသေးဘဲ ကားအနီးမှာ ယောင်ပေပေရပ်နေတဲ့ အဂ္ဂကို ဒေါ်ထားမေက လှမ်းပြောလိုက်သည်။

"ဘာဧည့်သည်လဲ၊ မင်း ဒီကို ဘာလာလုပ်တာလဲ"

သားဖြစ်သူရဲ့ ခပ်မာမာခပ်တင်းတင်း ဆက်ဆံရေးကြောင့် ဒေါ်ထားမေ အားနာသွားရသည်။

"ဟဲ့. . . ဘယ်လို ပြောတာလဲ သားရယ်၊ ဘာတွေစိတ်တိုနေရပြန်တာလဲ"

"မတိုပါဘူး"

"ဒါဖြင့် စကားပြောဦး၊ မေမေ မစန်းကို သံပရာရည်ဖျော်ခိုင်းလိုက်မယ်"

အဂ္ဂက အပြင်က ပြန်လာရင် အချိုရည်တွေ မသောက်တတ်။

သံပုရာရည်ချဉ်ချဉ်လေးပဲ ဖျော်ပေးရတာ။

ဒေါ်ထားမေ အိမ်ထဲဖက် လှည့်ဝင်သွားလျှင် အဂ္ဂက ပန်းလိုကို ရှုတည်တည်ကြည့်ကာ. . .

"မင်းကို ဒေါ်လရောင်ဖြူ လွှတ်လိုက်တာလား"

"အင်းပေါ့"





"ဒါဆို ပြန်တော့ မလိုဘူး"

"ရှင်က အဲဒါ ဘာဖြစ်နေတာလဲ၊ ရှင့်ကို မမက တောင်းပန်တယ်တဲ့"

"မလိုဘူး၊ ဘာကိစ္စတောင်းပန်ရမှာလဲ"

"မနေ့က ကိစ္စ. . . ဟိုလေ. . ."

"ငါ့သိက္ခာတွေ တစ်ပြားမှမကျန်အောင် လုပ်တာ၊ ငါနဲ့သူနဲ့က ဘာဖြစ်နေလို့လဲ၊ ဘာတွေ ပတ်သက်လို့လဲ၊ သူ့ယောကျ်ားနဲ့ မိတ်ဆက်ပေးတာက ထားပါတော့၊ ငါ့ကို မင်းယောကျ်ားပါလို့ သူပြောတယ်၊ စဉ်းစားကြည့်၊ ဒီစကားက ပြောစရာလား၊ ဘာအဓိပ္ပာယ်လဲ၊ မင်းယောကျ်ားမှ မဟုတ်ရင်ဘဲ ငါ့အနားမှာ သူရှိလို့မရဘူးဆိုတဲ့ ပုံစံ၊ ငါဘာကောင်ဖြစ်သွားမလဲ ပန်းလို၊ ဒီမိန်းမစကားပြော ဘယ်လောက်ရက်စက်လဲ၊ မင်းကိုပါ ဆွဲထည့် အသုံးချတယ်"

"ကျွန်မကို မမလရောင် ပြန်ပြောပြပါတယ်"

"ပြောပြတယ်"

"သူလည်း အမှတ်တမဲ့ ယောင်ပြီး ဆင်ခြေပေးမိတာတဲ့"

"ဒါ ဆင်ခြေပေးတာ"

သူက နှုတ်ခမ်းကို ရွဲ့လိုက်သည်။

သူ့ရင်ထဲ တော်တော်ကြီး မကျေမနပ်ဖြစ်နေပုံရသည်။

"အန်ကယ်လ်လင်း သဝန်တိုမှာစိုးလို့နေမှာပေါ့၊ ရှင်နားလည်ပေးလိုက်ပါ"

"ဘာမှ နားလည်မပေးနိုင်ဘူး၊ သဝန်တိုမှာစိုးရင် သူဘာမှ ဒီလိုဖန်တီးစရာ မရှိဘူး"

"သူက ဘာကို ဖန်တီးလို့လဲ"

"ကျွတ် . . . မပြောချင်တော့ဘူး၊ ဒါနဲ့ နေစမ်းပါဦး ပန်းလို မင်းကရော အဲဒီ အန်ကယ်လ်လင်းအကြောင်း ငါ့ကို တစ်ခါမှ မပြောဘူးပါလား"

"ရှင်ကရော မေးဖူးလို့လား၊ ရှင့်ဘာသာ ဆရာကြီးပုံစံနဲ့ ဟွန်း . . . ."

"မမေးမိလည်း မင်းပြောရင် မရဘူးလား"

"မမလရောင်တောင် မပြောတဲ့ကိစ္စကို ကျွန်မက ဘာလို့ ဝင်ပြောပေးရမှာလဲ"

"အေးလေ . . . အဲဒါပေါ့၊ သူက ဘာကြောင့် အသိမပေးတာလဲ"

"တမင်ဖုံးကွယ်ထားတာတော့ မဟုတ်ပါဘူး"

"ဒါဆို ငါ့အပြစ်ပေါ့ . . . . ဟုတ်လား"

"ရှင့်အပြစ်လည်း ဘာရှိလို့လဲ"

"ကျွတ် . . . ငါ မျက်နှာပူလိုက်တာကွာ"





"ဘာကြောင့် မျက်နှာပူရမှာလဲ၊ ရှင်တို့ ကင်းကင်းရှင်းရှင်းပဲဆိုရင် ဘာများ ပြဿနာရှိလို့လဲ"

"ဟ . . . မင်းစကားကြီးက ဘာလဲ ပန်းလို၊ ကင်းကင်းရှင်းရှင်းလို့သုံးရမယ့်အဆင့် ဘာတစ်ခုမှ မရှိဘူး၊ ငါနဲ့သူနဲ့ လူမြင်ကွင်းထဲမှာ သွားလာစားသောက်တာမျိုးပဲ ရှိတယ်၊ ဒီထက်ဘာမှ မပိုဘူး"

"ကဲ . . . တိုးတိုးပြော၊ ဟိုမှာ အန်တီ ပြန်ထွက်လာတော့မယ်"

"အေး . . . ဟုတ်တယ်ကွ၊ ကိုယ်တို့ အပြင်တစ်နေရာသွားပြောရအောင်၊ မေမေ . . . သားပြန်လာမှ သောက်မယ်နော်၊ သားနဲ့ပန်းလို ဒီနား ခဏလေး သွားမလို့"

သူက အော်နှုတ်ဆက်ကာ ခြံပြင်ပြန်ထွက်လာသည်။

"လာ . . ကားပေါ်တက်၊ ကိုယ်တို့ ဆိုင်တစ်ခုခု သွားရအောင်"

သူ့ရဲ့ကားစိမ်းလေးပေါ် ပန်းလိုက အသာဝင်ထိုင်လိုက်ပါသည်။

ဒီကားလေးကို အတူယှဉ်တွဲစီးခွင့်ရခဲ့ပြီ။

ဒါဟာလည်း . . . ပန်းလိုရဲ့ လျှို့ဝှက်သောဆန္ဒတစ်ခုပါပဲ။

သူနှင့်အတူ သူမောင်းသော ကားလေးပေါ် ထိုင်စီးချင်ခဲ့တာ။

ရင်ထဲမှာ ကြည်နူးလှိုက်ဖိုသွားသည်။

သူက ရှေ့တူရူကိုပဲ တည့်တည့်ကြည့်မောင်းလာတော့ သူ့မျက်နှာကို ပန်းလို ဘေးကနေ ခိုးဝှက် ငေးမောမိတာပေါ့။ ဘေးတစ်ခြမ်းစောင်း မျက်နှာလေးဟာလည်း ဆွဲဆောင်ညှို့ငင်နိုင်လွန်းပါဘိ။

ချမ်းသာတဲ့ မိန်းမကိုမှ အထင်ကြီးသဘောကျတတ်တဲ့ သူ့စိတ်ကို ပန်းလို ဘာကြောင့် စိတ်မပျက်မိသေးတာလဲ။

ဘာကြောင့် နှစ်လိုခြင်းတွေ ရင်ထဲကျန်ရှိနေရတာလဲ။

ချစ်ခြင်းဆိုတဲ့ သဘောကို နားမလည်နိုင်တော့ပါ။

ဘာကြောင့်မှ ပြောင်းလဲမသွားတော့လည်း ဆန်းကြယ်လွန်းလှသည်။

"ပန်းလို"

"ဟင်"

"မင်း တကယ်လို့ ယောကျ်ားရှိခဲ့ရင် အဲဒီယောကျ်ား အပေါ်မှာ သစ္စာရှိစမ်းပါ၊ သစ္စာမရှိတဲ့မိန်းမဆို ကိုယ်အရမ်း အထင်သေးစက်ဆုပ်တယ်ကွ. . . သိလား"

"အို. . . အဲဒါ ပန်းလိုနဲ့ ဘာဆိုင်လို့လဲ"





"မဆိုင်ဘူးလား၊ ဒေါ်လရောင်က ကိုယ်တို့ကို လင်မယား လို့ ကြေညာနေပြီလေ"

"သူ ကြေညာတိုင်း တကယ်ဖြစ်ရမှာလား"

"အေးလေကွာ. . . နေရင်းထိုင်ရင်း မိန်းမရသွားတယ် ဟား. . . ဟား"

အခုမှပဲ အဂ္ဂ ရယ်ရယ်မောမော ဖြစ်လာမိတော့သည်။

သူတို့ ကာယကံရှင်နှစ်ယောက်ကသာ ရယ်ရယ်မောမော သဘောထားလိုက်သော်လည်း ပြဿနာက ဒီမှာတင်ပြီး မသွားခဲ့ပါ။

ဦးလင်းထွဋ်က လရောင်ဖြူကို ခါတိုင်းလို စိတ်ချလက်ချ ယုံယုံကြည်ကြည် မရှိတော့ဘဲ တစေ့တစောင်း စောင့်ကြည့် အကဲခတ်နေပါသည်။

အဂ္ဂနှင့်ပတ်သက်ပြီး သူ့ကို တစ်ခုခု လိမ်ညာဖုံးကွယ်နေသလားဟု သူ့ရင်ထဲ သံသယ ဝင်နေခဲ့ပြီ။

"လရောင်. . . မင်း ဒီနေ့ ဘယ်သွားစရာရှိလဲ"

"မစ္စတာနာကာရှီတို့ကို အိမ်လိုက်ပြဖို့ရှိတယ် ကိုကြီး"

"ဟာကွာ၊ ဆန်းဒေးတစ်ရက်တလေတော့ နားဦးမှပေါ့ ကွာ၊ မင်းကြည့်လိုက်ရင် တစ်ခါမှ အေးအေးဆေးဆေး မရှိဘူး"

လရောင်က မျက်နှာလေး ပျက်သွားမိကာ. . .

"ဒီနေ့က ချိန်းထားပြီးသားလေ ကိုကြီးရဲ့၊ ကတိပျက်လို့ ဘယ်ဖြစ်ပါ့မလဲ"

"ကောင်းပြီ. . . ဒါဆို ကိုကြီးပါ လိုက်မယ်"

"ဟင်. . . လိုက်မယ်၊ ဘာလို့လဲ ကိုကြီးရဲ့၊ ခါတိုင်းတော့ လရောင် ဘယ်သွားသွား၊ ဘာလုပ်လုပ် ကိုကြီးဘယ်တုန်းက စိတ်ဝင်စားဖူးလို့လဲ"

"အခု စိတ်ဝင်စားတယ်"

ဦးလင်းထွဋ်က ဖြတ်ပဲ ပြောချလိုက်သည်။ သူတို့မျက်လုံး နှစ်လုံး အားပြိုင်ကြည့်မိကြ၏။

တစ်ဦးရဲ့သဘောကို တစ်ဦးက ရိပ်မိနေသည်။

ဒီအရွယ်ကြီးမှ ယောကျာ်းက စိတ်မချလို့ တကောက်ကောက်ပါလာလို့ ဖြစ်မလား။

လရောင်ဖြူ စိတ်ညစ်သည်။

ဒီလို စစ်ဆေးမေးမြန်းပြီး အသေးစိပ်လိုက်ပါနေတဲ့ ခင်ပွန်းကို သူမကြိတ်ပြီး စိတ်တိုမိတာ အမှန်။ လရောင်က သူ့ကွယ်ရာမှာ ဘာတွေများ ဖောက်ပြန်နေလို့လဲ။





လူကို မယုံသင်္ကာနှင့်။

ရင်ထဲက သန့်ရှင်းတဲ့ အချစ်တစ်ခုကိုတောင် စွန့်လွှတ်ခဲ့ရပြီပဲ။

လရောင်ရင်ထဲမှာ ဘယ်လိုဖြစ်နေရသလဲဆိုတာ ဘယ်သူမှလည်း ဝင်ကြည့်ရှုပေးတတ်မှာ မဟုတ်ပါဘူး။

ရှိပါစေတော့. . . အနာတရနှလုံးသားလေးကို မမြင်စေချင်တော့ပါ။

ခက်တာက ခုတလော သူမကို ကိုကြီးက မျက်စိဒေါက်ထောက် လိုက်လံကြည့်ရှုနေတဲ့ ကိစ္စ။

အနေကျဉ်းကြပ်လှသည်။ လွတ်လပ်မှုတွေ ပျောက်ဆုံးနေသည်။ ဒီလို အချိန်ပြည့် စောင့်ကြည့်ခံနေရတာ သူမကိုယ်ကျင့်သိက္ခာတရားကို စော်ကားနေတာဟုလည်း ခံစားရသည်။

ငါနှယ် . . . ဘယ်လိုလုပ်ရပါ့မလဲ။

လရောင်ဖြူက မျက်မှောင်လေးကုပ်ထားမိသည်။ ခုတလောမှာ စိတ်တွေညစ်ညူး တင်းကျပ်နေသည်။ အနှောင့်အယှက်ဖြစ်နေရသည်။

အစကတည်းက စက်ရုပ်လို လှုပ်ရှားသွားလာနေခဲ့တာ။

"ကိုကြီး ခုတလော ဘာဖြစ်နေတာလဲဟင်၊ လရောင်ကို ဘာလို့ လိုက်ချုပ်ချယ်နေတာလဲ၊ လရောင်တို့နှစ်ယောက် ဘယ်

တုန်းက တစ်ယောက်ကိုတစ်ယောက် ချစ်ချယ် ကန့်သတ်ကြဖူး လို့လဲ၊ ပြောစမ်းပါဦး"

"ဟုတ်တယ်. . . ကိုကြီး မင်းကို မချစ်ချယ်ခဲ့ဘူး၊ ဘာမှ မတားဆီး မပိတ်ပင်ခဲ့ဘူး၊ အဲဒီလွတ်လပ်တဲ့ အရသာကို မင်းက တန်ဖိုးမထားချင်ဘူးလေ၊ ဒီလိုတွေဖြစ်အောင် မင်းဘက်က ဖန်တီးခဲ့တာပဲ လရောင်"

"လရောင် ဘာလုပ်မိလို့လဲ ဟင်"

"အဂ္ဂနဲ့ တွဲတယ်လေ"

"ဘာရယ်. . . အဲဒါ ပန်းလိုကောင်လေးဆိုတာ ကိုကြီး သိပြီ မဟုတ်လား၊ လရောင်ကို သက်သက်မဲ့ အထင်မလွဲစမ်းပါနဲ့၊ လရောင်ဖြူဟာ ကိုကြီးထင်တဲ့မိန်းမစားမျိုး မဟုတ်ဘူး၊ အချစ်နဲ့ ကိုယ်ကျင့်တရားကို ဘယ်တော့မှ မလဲဘူး"

"အချစ်နဲ့ . . . ဟုတ်လား"

သူက သံယောင်ရေရွတ်သည်။ အရေးထဲ လရောင်က စကားများသွားသေးတယ်။

ကြည့်ဦး. . . တကယ်လည်း အချစ်ကြောင့် ဘဝပျက် မခံနိုင်တာ အမှန်ပါ။ သို့သော် ဒီစကားက ဖွင့်ဟပြောဖို့ မရည် ရွယ်။

"ဥပမာ ပြောပြတာပါ၊ ကိုကြီးကလည်း မရစ်စမ်းပါနဲ့"





"ဘာမှ မရစ်ဘူး၊ ကိုကြီးက မိန်းမတစ်ယောက်ကို ရစ် တတ်တဲ့ယောက်ျား မဟုတ်ဘူး၊ အဲဒါ လရောင်အသိဆုံးပဲ၊ အခု ဟာက ဝင်ထိန်းသင့်လို့ ထိန်းရတဲ့သဘောပါ"

"ဘာကိုထိန်းမှာလဲ၊ လရောင် ဘာလုပ်လို့လဲ"

"အဲဒီ မောင်အဂ္ဂနဲ့ ပန်းလိုမွေးနဲ့ တကယ်လက်ထပ်ထား တာလား"

"တကယ်ပေါ့၊ လရောင်က ညာရမှာလား"

"ပန်းလိုကို ကိုကြီးမေးတော့ မဟုတ်ဘူးလို့ ငြင်းတယ်"

"ဟို. . . ဒါကတော့ မိန်းကလေးမဲ့ ကိုကြီးရဲ့၊ ရှက်မှာ ပေါ့၊ ဘယ်သူကတော့ ကျွန်မ တိတ်တဆိတ် လက်ထပ်ထားပါ တယ်လို့ ဝန်ခံမှာလဲ၊ ကိုကြီးကို ကြောက်မှာပဲပေါ့"

"ကိုကြီးက ပန်းလိုအတွက် ကြောက်စရာလူမှ မဟုတ် တာ၊ သူ့ဦးလေးတစ်ယောက်နေရာမျိုးက စောင့်ရှောက်လာတဲ့သူ ပဲ"

"ဒါပေမယ့်. ... အခုဟာက ကိုယ်ရေးကိုယ်တာကိစ္စ လေ၊ ကိုကြီးက ဘာလို့ လျှောက်မေးတာလဲ"

"မေးရမယ်၊ သေချာအောင်လုပ်ရမယ်၊ ဖြစ်နိုင်ရင် အဲဒီ လက်ထပ်စာချုပ် ကိုယ့်ကိုပြပါ လရောင်၊ မျက်စိနဲ့ ကိုယ်တိုင် မြင်ရမှပဲ ကိုယ်ယုံမယ်"

ဦးလင်းထွဋ်ရဲ့စကားကြောင့် လရောင် အကြီးအကျယ် စိတ်ရှုပ် အကျပ်ရိုက်သွားရပါသည်။

ကိုကြီးမလဲ တစ်ဒုက္ခပဲ. . . လက်ထပ်စာချုပ်ကိုပင် သူ့ကို ပြရဦးမတဲ့။

ဒီပါးစပ်. . . ဒီပါးစပ်။ မဟုတ်တာ တစ်ခွန်းက ဘယ်လို ထွက်သွားမိသလဲ မသိ။ အခုတော့ အလိမ်မပေါ် အောင် နောက်ထပ် အညာတွေ မုသားတွေနှင့် ထပ်မံ ဖုံးအုပ်လှည့်ဖျားရဦးတော့မှာပါလား။



"ပန်းလိုရာ . . . မင်းကိုတော့ ကိုယ်အားနာပါတယ်၊ ဒါပေမယ့် ဒီကိစ္စက မဖြစ်နိုင်ဘူး၊ မင်းစဉ်းစားကြည့်စမ်း သူ စီစဉ် သမ္ဘာခံရအောင် မင်းနဲ့ကိုယ်က သူထွင်ထားတဲ့ ရိုးဘော့စ်ရုပ် ကလေးတွေ မဟုတ်ဘူး၊ ဒီမိန်းမက သူ့ကိစ္စအဆင်ပြေဖို့ပဲ အမြဲတမ်း ရှေ့တန်းတင်တာ၊ သူများဖက်ကို လုံးဝ ထည့်မတွေးဘူး၊ လုပ်လိုက်ရင် ဒီလိုပဲ . . ."

"ရှင်ကလည်း ဒေါသကြီးဖို့ပဲ၊ ဘာမှ အားမကိုးရဘူး၊ ကျွန်မလည်း သူခိုင်းလို့ ကူညီရတဲ့ သဘောပဲ၊ ရှင့်ကို လက်ထပ်ပါလို့လည်း ပြောနေတာ မဟုတ်ဘူး၊ စာချုပ်တစ်ခုမှာ လက်မှတ် ထိုးရုံလေးပဲ ဥစ္စာ"

"ဘာလဲ ပန်းလို၊ မင်းက လက်ထပ်စာချုပ်အတု လုပ်ပေးပါ့မယ်လို့ လက်ခံ ခေါင်းညိတ်ခဲ့တယ်ဆိုပါတော့"

"ဩော် . . . ဦးလင်းထွဋ်တို့ မမလရောင်တို့က ကျွန်မရဲ့ ကျေးဇူးရှင်၊ ဘယ်လို ငြင်းရမလဲ၊ မမလရောင်က ငိုမဲ့မဲ့နဲ့ သူအိမ်ထောင်ရေး မထိခိုက် မပြိုကွဲပါစေနဲ့ဆိုပြီး တောင်းပန်နေတော့ မကူညီလို့ ရမလား"

"ကိုယ်ကတော့ မကူညီနိုင်ဘူး၊ သူ့ယောက်ျား ယုံကြည်အောင် သူ့နည်းသူ့ဟန်နဲ့ ကြိုးစားပါလား၊ ကိုယ်တို့နှစ်ယောက်ကို ဘာကြောင့် လာဆွဲထည့်နေရတာလဲ"

"စဉ်းစားပါဦး အဂ္ဂရယ်၊ ရှင် အဲလိုကြီး အပြတ်ပြောလို့ ဖြစ်ပါ့မလား"

သူက ပန်းလိုမျက်နှာကို တစ်ချက် ငုံ့ကြည့်သည်။

အတူတူထိုင်နေပေမယ့် သူက အရပ်မြင့်တော့ ပန်းလိုကို စောင့်ငဲ့ငုံ့မိုးကြည့်ရတဲ့ အနေအထားလေ။

အရပ်မြင့်သလောက် မာနလည်း မြင့်တဲ့သူ။

ဗာကယ်တမ်း စကားပြောကြည့်တော့မှ အတော်လေး လက်ပေါက်ကပ် ခေါင်းမာသူမှန်း သိလာရသည်။

"ကိုယ်နာမည်ရလာအောင် ကိုယ့်တက်လမ်းအတွက် လုပ်ပေးတာတွေ သူ့ကျေးဇူးရှိပါတယ်၊ ဒါပေမယ့် ဒီနည်းနဲ့တော့





ကျေးဇူးမဆပ်ချင်ပါဘူးကွာ၊ မင်းနဲ့ကိုယ်နဲ့ အတွေးချင်း မတူဘူး ပန်းလို၊ ဒါ လွယ်လွယ်လေး ကလေးကစားစရာ မဟုတ်ဘူး၊ ဦးလင်းထွဋ်ကို သူ လှည့်စားနေတာ၊ ကိုယ်တို့က သက်သက် ဓားစာခံ ဖြစ်မယ်"

"အဲဒီသဘောကြီးတော့ မဟုတ်ပါဘူး၊ မမလရောင်က သူ့ခေါင်းထဲပေါ်သလို အလွယ် ဖြေရှင်းကြည့်တာမျိုးပါ၊ အန်ကယ်လ်လင်းက စာချုပ်ပြဆိုတော့ သူက သူ့စကားအမှန် ဖြစ်ကြောင်း ပြလိုက်ချင်တာ၊ ပန်းလိုတို့ကို နစ်နာပါစေတော့လို့ ရည်ရွယ်တာ မဟုတ်ဘူး၊ သူ့ခံစားချက်နဲ့သူ ထူပူပြီး စီစဉ်လိုက်တာ"

"အင်း. . . သိပ်ဟုတ်နေတယ်၊ မင်းပဲ ရှေ့နေလိုက်၊ ကြားလား"

သူက ယောက်ျားကြီးတန်မဲ့ မျက်စောင်းကြီးနှင့် ကြည့်ကာ အငေါ်တူးပါသည်။

"ရှေ့နေလိုက်တာတော့ ဘယ်ဟုတ်မလဲ၊ ပန်းလိုက သူ့မန်နေဂျာလေ၊ သူစိတ်ဆင်းရဲနေတဲ့ကိစ္စတစ်ခုကို ဒီတိုင်း လက်ပိုက်ကြည့်နေလို့ ရမလား"

"ဒါဆို ဒေါ်လရောင်က ငါ့ကိုယူခိုင်းရင် မင်းယူမှာလား"

ပန်းလိုက မျက်စောင်းရွယ်ကာ. . .

"ရှင် ဒီလို ကပ်သပ်မပြောနဲ့၊ တကယ်လက်ထပ်ရတာမှ မဟုတ်ဘဲ"

သူက မျက်ခုံးကြီးရှုံ့ကာ မမှိတ်မသုန် စိုက်ကြည့်နေသဖြင့် ထိုအကြည့်ကို ရင်တုန်ကာ ပန်းလို အသက်ရှူမှားချင်၏။

သူစိုက်ကြည့်ရင် ပန်းလို ရင်တွေ ပြောင်းဆန်အောင် ဝုန်းဒိုင်းကြလာတတ်တာပဲလေ။ တစ်ခါစိုက်ကြည့်တိုင်း တစ်ခါ ရင်ခုန်ရသည်။

ပြိုင်မကြည့်ရဲသဖြင့် ခေါင်းလေးငုံ့လျက် မျက်လွှာချမိသည်။

ဒေါ်လရောင်ဖြူ စီစဉ်သည့်အတိုင်း စောဒကမတက်ဘဲ နာခံခေါင်းညိတ်တတ်တဲ့ သူမကို အဂ္ဂကျော်လွှမ်း အတော်အသည်းယားမိသည်။

လက်ထပ်ထားရအောင်ဆိုတာ သူမဖက်ကရော စွန့်စားလွန်းရာ မကျဘူးလား။

ဒါဟာ နောင်တစ်ချိန် အမည်းစွန်းဖြစ်သွားရင် သူမပဲ နစ်နာမှာ မဟုတ်ဘူးလား။

"မင်းကွာ. . . တကယ် ဦးနှောက်မရှိဘူး၊ မင်းအတွက် မင်း ဘာမှ မတွေးတတ်ပါလား"

သူက လူကြီးလူကောင်းလေးပမာ ရေရွတ်သေး၏။





"ရှင့်ဖက်က မနာဘူးမို့လား၊ ဒါဆို ပြီးရောပေါ့ . . ."

"ကိုယ်က ယောကျ်ားလေး၊ ဘာမှ အရေးမကြီးဘူး၊ ဟုတ်တယ်၊ ဒါတောင် မေမေသိသွားရင် မလွယ်ဘူး၊ မင်းဖက်က မင်းတစ်ယောက်တည်း သဘောနဲ့ဆုံးဖြတ်တာ၊ အဲဒီ ဆုံးဖြတ်ချက် မှားသွားရင်ရော . . ."

"တော်ပြီ. . . မသိဘူး၊ စိတ်ညစ်လာပြီ၊ ရှင် လက်မထပ်ချင်ရင်လည်း ပြီးရော၊ မမလရောင်ကို ရှင်လက်မခံဘူးလို့ပဲ ပြန်ပြောလိုက်တော့မယ်၊ ဒါပဲ . . ."

စိတ်လိုက်မာန်ပါနှင့် အသံနည်းနည်းကျယ်သွားမိတာမို့ အဂ္ဂက ရှူးဟု အသံပြုကာ နှုတ်ခမ်းရှေ့ လက်ညှိုးထောင်ကာ ပြသည်။

ဒါပေမယ့် အချိန်မမီ. . . အန်တီဒေါ်ထားမေက ခြံထဲ ဆင်းလာပြီး . . .

"ဘာတွေ တိုင်ပင်နေကြတာလဲ"

"အဟဲ . . . ဘာမှမဟုတ်ဘူး မေမေ"

"အဂ္ဂနော် မင်း ငါ့ကို ညာမယ် မကြံနဲ့၊ အဘွားကြီးဆိုပြီး နားလေးပြီ မထင်နဲ့၊ မင်းတို့ လက်ထပ်ဖို့ ပြောဆိုနေတာ ငါ ကြားတယ်"

"ဟောဗျာ"

ာက်လက်လန်သလို နောက်သို့

လန်ပြဂ ာ်သည်။

နဲ့တီ နားကြားလွဲနေပြီ ထင်

တယ်"

း၊ သမီးလေးက ရှက်နေရ

သေ းမေးရင် ဒီကောင်လေးက

မကြ ခနေတာ၊ ဒါပေမယ့် အန်တီ

က ခလျှင်စလို လက်မထပ်ချင်

ေ ဘာက ချစ်တယ်၊ ပြန်သွား

ေ ဂနေတာ၊ ကဲ . . ကဲ မအေ

( ဲးတို့ချင်း အေးအေးဆေး

ဘ့်သားအမေလုပ်ဖို့ အဆင်

ာ ပုတ်ကာ ပြုံးရွှင်ရွှင်ပြော

တွက်နေကာ ဘာကိုဘယ်

ပန်းလိုက အဂ္ဂကို လက်ထပ်

သွားတာ။ ကိုယ်ကလည်း တကယ်ပဲ

ဒစကားကို ပြောနေမိတာကိုး. . .။



"အဂ္ဂ . . . ရှင် ဘာလုပ်နေတာလဲ၊ ခဏနေရင် မမလရောင်နဲ့ အန်ကယ်လ်လင်း ရောက်လာတော့မှာ"

"သူက မင်းနဲ့ ကိုယ်နဲ့ တကယ် လက်ထပ်မထပ် ကိုယ်တိုင် လာစစ်ဆေးမှာပေါ့ . . . ဟုတ်လား"

"အဲဒါတော့ မသိဘူး . . . ပန်းလို ကြောက်တယ်"

ခုကတည်းက လက်ဖျားလေးတွေ အေးစက်နေရ၏။

အန်ကယ်လ်လင်းက ပန်းလိုရဲ့အုပ်ထိန်းသူနေရာကနေ အဂ္ဂရဲ့မိခင်နှင့် လာတွေ့ဆုံမှာ ဖြစ်သည်။

"မမလရောင်က စာချုပ်ပြလိုက်လို့ ပြောတယ်"

"ကျွတ်"

သူက ပန်းလိုကို တခဏ စိုက်ငေးကြည့်နေသေး၏။ ပြီးမှ မျက်နှာလေးပျက်နေတဲ့ ပန်းလိုကို သနားသွားသလို အားပေးပြုံးပြကာ စားပွဲပေါ်မှာ အသင့်ရှိနေတဲ့ လက်ထပ်စာချုပ်မှာ သူအရင် လက်မှတ်ကောက်ထိုးလိုက်၏။

သူ့ရဲ့ဆိုင်းက မြန်သလောက်လှသည်။ အင်္ဂကျော်လွှမ်းလို့ အပြည့်ရေးထိုးတာမို့ လက်မှတ်က ရှည်လျားဝင့်ကြွားနေပါသည်။

ပန်းလိုသည် ရင်ထဲက ကတုန်ကယင်နှင့်ပဲ ကိုယ့်ရဲ့နာမည်အောက်မှာ ပန်းလိုမွေးဟု ဆိုင်းထိုးလိုက်သည်။

သူက ပန်းလိုရဲ့အမူအယာကို ခပ်အေးအေး ပြုံးငေးကြည့်နေခဲ့သည်။

တစ်သက်လုံး အတူနေထိုင်ပေါင်းသင်းသွားဖို့ ကတိပြုကြေငြာတဲ့စာချုပ်။ ကြည့်ရတာ ရင်ဖိုစရာကောင်းတယ်။ ရွှေရောင်ကနုတ်ပန်းတွေနဲ့ ဘောင်ခတ်ထားတဲ့ ထိမ်းမြားမင်္ဂလာကတိပြုလွှာလေး. . . ။

အတုအယောင်ဆိုတာ မေ့နေပြီး ပန်းလို အမှန်ပင် စိတ်လှုပ်ရှားသွားရသည်။

အမှန်တကယ်သာ လက်ထပ်ကြတာဆိုလျှင် ဒီနေရာမှာ ပန်းလိုရင်ထဲ ဘယ်လိုဖြစ်နေမလဲ။





အခုတောင် ရင်ထဲမှာ ကတုန်ကယင်ကြီးနှင့် တစ်မျိုးကြီးလိုက်ခနဲ ဖြစ်ရတာ. . .

"ကဲ . . . ရပြီလား၊ ကျေနပ်ပြီလား"

သူ့အမေးကြောင့် နှုတ်ခမ်းလေးစူမိကာ. . .

"တကယ်ဆို ရှင့်ကြောင့်ပဲ . . ."

"ကိုယ့်ကြောင့် . . . ."

ဟု သူက ရေရွတ်ရင်း နောက်တစ်ခွန်း . . . .

"အချစ်ရေ . . . ကိုယ့်ကြောင့်"

ဟု သီချင်းစာသားကို ထပ်ဖြည့်စွက်သည်။

"ဘာတွေ လျှောက်အော်နေတာလဲ"

"မင်္ဂလာဆောင်တဲ့နေ့မို့လို့ ပျော်နေတာ"

"ရှင်နော်"

ပန်းလိုက ခပ်ကြိတ်ကြိတ် မာန်မဲသည်။

"ဒီနေ့ကစပြီး မင်းက ကိုယ့်မိန်းမဖြစ်ပြီ"

"စိတ်ကူးယဉ်မနေနဲ့"

"ဒီမှာ လက်တွေ့သက်သေ"

"ဘာသက်သေလဲ . . . ဟွန်း"

"သတို့သားကို ဒီလိုပဲ မျက်စောင်းထိုးရသလား"

အင်္ဂက ပန်းလိုရဲ့ ကျစ်ဆံမြီးလေးနှစ်ဖက်ကို အသည်း

ယားသလို ဆောင့်ဆွဲသည်။ ပန်းနုရောင်အကျႌ အတွန့်အဖတ်လေးတွေနှင့် ကိုယ်တိစကဒ်အရှည်ဖြောင့်ဖြောင့်လေးကို ဝတ်ထားတဲ့ သူမပုံစံလေးက မျက်စိထဲမှာ ကလေးတစ်ယောက်လို ဖြူစင်ချစ်စရာကောင်းနေသည်။

ရွှန်းစိုနက်မှောင်တဲ့ မျက်နက်ဝန်းကလေးကမျက်တောင်ကော့ကော့တို့ ကာရံထားတာ ဝေ့ခနဲ ကြည့်လိုက်တိုင်းမှာ ရင်ထဲ လူးလွန့်ဖိုနွှေးသွားရသည်။

အစကတည်းက ဒီမျက်ဝန်းလေးရဲ့ဆွဲအားကို သတိပြုမိခဲ့တာ. . .။

အခုတော့ တစ်စတစ်စ ရင်းနှီးတွယ်ငြိလာမိတော့ ပိုဆိုးပြီပေါ့။

ပြီးတော့ သူမက မေမေနှင့်လည်း အလွမ်းသင့် အဆင်ပြေသည်။

မေမေက သူမကို အတော်ချစ်နေပြီ . . .။

အိမ်ကို ရောက်မလာရင်တောင် သူက သွားခေါ်ပေးရတာ။ ရုံးပိတ်ရက်ဆို မေမေနှင့်အတူ လာကူညီ ချက်ပြုတ်သည်။

မိန်းမပီသတယ်ဆိုပြီး မေမေက ချီးမွမ်းမဆုံး။

သူရွေးထားတဲ့ ချစ်သူလို့လည်း တထစ်ချ ယုံကြည်လက်ခံနေပါသည်။





"သူ့ကိုယ်သူများ သတို့သားတဲ့. . . ဟင်း. . . ဟင်း ရယ်ရတယ်"

"တကယ်ဖြစ်မလာဘူးလို့ ဘယ်သူပြောမလဲ"

ထိုအချိန်မှာ မေမေ့အသံက ထွက်ပေါ်လာသည်။

"သားရေ. . . အိမ်ရှေ့မှာ ကားသံကြားတယ်၊ ဧည့်သည်တွေ ရောက်ပြီထင်တယ်၊ ထွက်ကြိုပါဦး"

"ဟုတ်ကဲ့. . . မေမေ"

ရောက်လာတဲ့ ဧည့်သည်စုံတွဲက (Land Cruise) ကားပေါ်က ဆင်းလာပါပြီ။

"လာပါ. . . မမ၊ အိမ်ပေါ်ကြွပါ အန်ကယ်လ်"

အဂ္ဂက ပန်းလိုခေါ်သလိုပဲ ဒေါ်လရောင်ဖြူကို မမခေါ်ပြီး ဦးလင်းထွဋ်ကိုတော့ အန်ကယ်လ်ဟု ခေါ်လိုက်သည်။

"အဂ္ဂရေ ကားထဲက ပန်းအိုးလေး ယူလိုက်ပါဦး၊ မမ လက်ဆောင်ယူလာတာ"

မမပြောတော့မှ ကားထဲက အလှဆင်ပန်းအိုးကို အသာ မယူမိသည်။ ရွှေရောင်အရွက်များနှင့် ရွှေရောင်နှင်းဆီပွင့်များ။ ပန်းအိုးကြီးထဲက အပင်မှာ တစ်ပင်လုံး ရွှေရောင်ဝင်းကာ အတော် လှပဆန်းသစ်၏။

"ကျေးဇူးပဲ မမ"

"အိမ်လေးက ချစ်စရာနော် ကိုကြီး"

"အင်း . . ."

"ပန်းလိုရော. . . အဂ္ဂ. . ."

"အခန်းထဲမှာပါ မမ၊ အိမ်ပေါ်တက်ပါဦး မေမေနဲ့ မိတ်ဆက်ပေးရမယ်၊ .မေမေ. . . ဒါ သားပြောတဲ့ ဦးလင်းထွဋ်နဲ့ ဒေါ်လရောင်ဖြူလေ၊ ဒါက ကျွန်တော့်ရဲ့မေမေ ဒေါ်ထားမေတဲ့"

အဂ္ဂက သူ့အမေနှင့် မိတ်ဆက်ပေးလိုက်သည်။

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ကျွန်တော်က ပန်းလို မွေး ဦးလေးလိုနေလာတဲ့ ရပ်ဆွေရပ်မျိုးပါ၊ သူ့ကြီးကြီးမမမြနဲ့လည်း အတော်လေး ခင်မင်ရင်းနှီးပါတယ်၊ ငယ်ငယ်ကတည်းက ကျွန်တော့်လက် အပ်ထားတာ၊ ဒါကြောင့် ဒီကလေးမကိစ္စအားလုံး ကျွန်တော်တို့မှာ တာဝန်ရှိတယ်လေ"

"ကျွန်မကလည်း ဝမ်းသာပါတယ်ရှင်၊ သမီးလေးပန်းလို ခမျာ မိဘတွေ မရှိရှာတော့ဘူး၊ ရှိတဲ့ ကြီးကြီးတစ်ယောက်က လည်း အဖေးမှာဆိုတော့ ကျွန်မက သူ အားငယ်မှာ စိုးတာပါ၊ အခုလို အုပ်ထိန်းသူတွေရှိနေတာ သူ ကံကောင်းတာပေါ့"

ပန်းလိုကလည်း ဧည့်ခန်းသို့ထွက်လာသည်။

ဦးလင်းထွဋ်သည် အဂ္ဂတို့သားအမိရဲ့ ရိုးသားဖော်ရွေပုံတွေကို မျက်ဝါးထင်ထင် တွေ့ရတော့လည်း လက်ထပ်စာချုပ်ပြု





အကြောင်းပြလို့ ရသွားနိုင်သည်။ ပန်းလိုက ဘယ်လိုခေါ်တာ မရဘူး၊ ရမလဲဘဲ တစ်ချိန်လုံး တွေးနေမိတာလေ။

အဂ္ဂနှင့် တွေ့ရင်လည်း နှစ်ယောက်သား ဦးနှေ့ အဂ္ဂရယ်၊ အောင် တိုင်ပင် အကြံထုတ်ရသည်။ နေတာပဲ၊

ကြော်ငြာရိုက်ကွင်းဖြုတ်ပြီး တအောင့်နားလျှင် မိဝးအောင် မာမီကြီးက သူ့ဆံပင်ကို အပြေးပြန်လာဖြီးပေးသည်။ ခွေ့မဖျက်ဖွဖွသုတ်ပေးသည်။

ပန်းလိုက အအေးဗူးဖွင့်လျက် ပိုက်တပ်ကာ သူ့ဆီ လှမ်းပေးသည်။

"မမလရောင် ပေးတာလား"

"အင်း. . . ဟုတ်တယ်"

"သူကိုယ်တိုင်က လာမတိုက်ဘူးပေါ့. . . ဟား. . . ဟား"

"ရယ်မနေနဲ့ အခုဆို ရှင်နဲ့ သိပ်တောင်စကားမပြောရဲဘူး၊ သူ့ခမျာ အနေကျပ်နေရှာတာ"

"သနားရဦးမှာလား"

"ရှင်ဟာလေ. . . ပြောလိုက်ရင်တော့"

"ကိုယ့်ဘေးမှာ မင်းရှိနေတာပဲ၊ ကိုယ့်မိန်းမတစ်ယောက်လုံး ရှိတာပဲ"

သူက ပန်းလိုကို စလိုက်သည်။

"အဲ့ဒီလိုဖြစ်နေတာလဲ၊ လျှောက်မပြောနဲ့နော်၊ မာမီ

"ဒေါ်သွားဦးမယ်"

"အခုနတောင် မင်းကောင်မလေးလားလို့ မေးတယ်"

"ဟုတ်လား၊ အဂ္ဂ ဘာပြောလိုက်လဲ"

ဆက်ပေ "ကျွန်တော့်ကို တဖက်သတ်ကြိုက်နေတာလို့"

ဒေါ်လ "အံမယ်"

"မင်းက ကိုယ့်ကို ငေးနေတာကိုး၊ မာမီသက်ယုံသွားတယ်"

"မငေးပါဘူးနော်၊ ကြော်ငြာရိုက်တာ မမြင်ဘူးလို့ပါ"

"ကိုယ်သရုပ်ဆောင်တာ ဘယ်လိုနေလဲ"

"နည်းနည်းအိုဗာဖြစ်နေတယ်"

"တကယ်လား"

သူ စိုးရိမ်သွားသဖြင့် . . .

"ဇာတ်မင်းသားရုပ်ပေါက်နေတယ်၊ မျက်နှာကလည်း မိတ်ကပ်တွေနဲ့ ပြာနှမ်းနေတာပဲ၊ ကြည့်ရတာ ဂျုံမှုန့်တွေပေနေတဲ့ နံပြားတစ်ချပ်လို ဖြစ်နေတယ်"

"ဟာ. . . ကြည့်စမ်း၊ မင်းကွာ. . ."

ပန်းလိုကပြောပြီး သူ့စကား သူရယ်တော့ အဂ္ဂက မှန်ကြည့်ပြီး သူ့မျက်နှာသူ ယက်နှင့်ပွတ်သုတ်တော့မလို ဟန်ပြင်သည်။





"ကိုယ်ပြောတယ်၊ မိတ်ကပ်မလိမ်းပါဘူးဆိုတာ မရဘူး၊ မင်း အဲလို ရယ်မနေနဲ့"

"အဟင်း. . . ဟင်း. . . အလကား စ,တာပါ အဂ္ဂရယ်၊ ရှင့်မိတ်ကပ်က မသိသာဘူး၊ မျက်နှာက စိုပြီး တောက်နေတာပဲ၊ အရမ်းမိုက်နေတာပဲ၊ အရမ်းမိုက်တယ်၊ ရှင့်ကို ပိုချောသွားအောင် မာမီသက်က လုပ်ပေးနိုင်တယ်နော်၊ တကယ်ပါ၊ လျှောက်မဖျက်နဲ့လေ၊ ကျွန်မ သက်သက်မဲ့ပြောတဲ့ ဥစ္စာကိုး"

"မင်းပဲ ကိုယ့်ကိုကြည့်ပြီး ရယ်နေတာပဲ"

"ကြည့်ကောင်းပါတယ်ဆိုမှ . . ."

မော်ဒယ်ဘွိုင်း ခပ်ချောချောလေးနားမှာ ချစ်စရာကောင်မလေးက အအေးဗူးကမ်းကာ တယုတယ ဂရုစိုက်နေသဖြင့် အနားမှာရှိတဲ့ လူတွေကလည်း ကြည့်နေကြသည်။

လရောင်ကတော့ မလှမ်းမကမ်းကနေသာ ကြည့်နေမိ၏။ တကယ်တော့ အဂ္ဂဟာ ပန်းလိုမွှေးလို မိန်းမငယ်လေးနှင့်မှသာ ပိုမိုလိုက်ဖက်သင့်တော်တာပါ။ ဒါက ဖြစ်သင့်တဲ့ အမှန်တရားပါပဲ။

"အဂ္ဂ ရှင့်ကိုလေ ကုမ္ပဏီတွေ ဘာတွေက သဘောကျပြီး ဗီဒီယိုကား လေးငါးဆယ်လောက် တစ်ရာလောက် ရိုက်ဖို့ ကမ်းလှမ်းရင် စာချုပ်ချုပ်ကြရင် သိပ်ကောင်းမှာပဲနော်"

ရုတ်တရက် သူမစကားကြောင့် အဂ္ဂ မျက်ခုံးပင့်သွားရပြီ။

"ဘာလို့လဲ"

"ရှင်မင်းသား ဖြစ်သွားရင် သိပ်ကောင်းမှာပဲလို့"

"ဘာလို့ ဒီလောက် ဖြစ်စေချင်နေတာလဲ"

"ဒါတောင် မသိဘူးလား၊ မင်းသားပေါက်စဖြစ်လာရင် နာမည်အရှိန်ရလာရင် လောလောဆယ် မိန်းမတွေ ဘာတွေ ယူလို့ မဖြစ်ဘူးလေ၊ ရှင့်ရဲ့ကြော်ကြားမှု ထိခိုက်မှာ စိုးရတယ်"

"ဪ. . . ဒီလိုလား၊ အန်ကယ်လ်လင်းဆီ အကြောင်း ပြချက် လျှောက်လဲချင်တယ်ဆိုပါတော့၊ အဲဒီအတွက် ကိုယ်က မင်းသားလုပ်ရမယ်ပေါ့"

"ရှင်လည်း ဝါသနာပါတာပဲ ဥစ္စာ"

"ရမှာ မဟုတ်ဘူး၊ မင်းသားဖြစ်လည်း သူက မင်္ဂလာ ဆောင်ပေးမှာပဲ၊ မထူးဘူး၊ တကယ်ယူလိုက်ရင် ကောင်းမယ် ထင်တယ်နော်"

"အို . . . တော်စမ်းပါ၊ ရှင့်ကို ဘယ်သူက ယူမယ်ပြော လို့လဲ"

ပန်းလိုက မျက်စောင်းရွယ်ရင်း မျက်နှာလေးတစ်ဖက် လွှဲကာ ပေါ့ရွှတ်ရွှတ်နှင့် နောက်ပြောင်စရာ သဘောထားနေတဲ့ အဂ္ဂကို စိတ်တွေ တိုမိလေသည်။



* * *

*နံနက်ခင်းတိုင်းမှာ တို့ဆုံနေကျ. . .*

*မင်းလေးဟာ တော်ဖီလေးလို . . .*

ပန်းလိုမွေးက သီချင်းတိုးတိုးဆိုရင်း ဆံနွယ်လေးကို ဖွဖွ ဖြီးနေ၏။

ရေချိုးပြီးစမို့ သူမက ဒီနေ့ သနပ်ခါးဖွံ့ဖွံ့လေး လူးထားပြီး မှ နှုတ်ခမ်းကို ပန်းနုရိပ်ရိပ်လေး ဆိုးထားသည်။

အဂ္ဂက သူမ ပန်းရောင်ဝတ်ထားတိုင်း ပိုသဘောကျပြီး လှတယ်လို့ ပြောတတ်လို့ ဒီနေ့လည်း ပန်းနုရောင်အင်္ကျီနှင့် စတိုင်လ်ဘောင်းဘီရှည် ပန်းရင့်ရောင်လေးကို ရွေးထားသည်။

ဖိနပ်ကလည်း ဟပ်ရှူးပန်းရောင်အပျော့စားလေး။

မမလရောင်နှင့် ဝေဒီဖိနပ်ဆိုင်ရောက်တုန်းက လက်ဆောင်ဝယ်ပေးထားတဲ့ ဖိနပ်ပါ။

**. . . အချစ်ရေ . . . ပျောက်. . .**

**ရှသွားမယ့် အိပ်မက်လေး . . .**

**ဘဝမှာ ရင်မှဆိုင်ရဲလို့ . . .**

**ဘယ်အချိန်မှ . . . ခွဲ. . . မသွားပါနဲ့ . . .**

**ဘယ်အချိန်မှ . . . . ခွဲ . . . မသွားပါနဲ့ . . .**

**ရင်ခုန်သံလေး ရပ်တန့်မှာစိုး . . .**

မီးမီးခဲရဲ့ ခွဲမသွားပါနဲ့သီချင်းလေးကို စိတ်ပါလက်ပါ ထပ်တလဲလဲဆိုနေတဲ့ ပန်းလိုမွှေးကို သန္တာက ပြုံးစိစိနှင့် . . .

"နံနက်ခင်းမှာ ဆုံတာ မဟုတ်ပါဘူး၊ နင်တို့က ရုံးအဆင်း ညနေခင်းကျမှ ဆုံတာလေ၊ သီချင်းက မှားနေပြီ"

"သန္တာနော်. . . ပန်းလိုက ဒီတိုင်းဆိုတာပါ"

"ရှင် အခုတော့ အဂ္ဂနဲ့ မခွဲချင်တော့ဘူးမို့လား"

"သူက ခင်စရာကောင်းလို့ပါနော်"

"ဒီနေ့ ချိန်းထားတာလား"

"အင်း . . . ."

"ခါတိုင်းလိုပဲ ဂျေဒိုးနတ်မှာလား"

"အင်း. . . ငှားထားတဲ့ မဂ္ဂဇင်းစာအုပ်တွေ သန္တာပဲ သွားအပ်လိုက်တော့နော်၊ ဒီမှာ တစ်ထောင်တန်တစ်ရွက် စာအုပ်ပေါ် တင်ထားတယ်"

"အခုတော့ ကျုပ်နဲ့ စာအုပ်ဆိုင် မဆင်းတော့ဘူးဆိုပါတော့၊ အပြန်နောက်ကျမှာလား"

"နောက်မကျပါဘူး"

"ရှစ်နာရီမှမို့လား၊ ဒီည ချို့ဝမ်ကားလေ၊ ရှင်လွတ်ပြီပေါ့"

"မတတ်နိုင်ဘူး၊ သန္တာ ပြန်ပြောပြပေါ့"

ပန်းလိုက ပြောပြောဆိုဆို ဖိနပ်လေးစီး၍ တံခါးအပြင်ထွက်ဖို့ ပြင်လိုက်သည်။

သန္တာက သူမကို ချစ်စနိုးနှင့် လိုက်စ,နေတော့တာ။

သူမရင်ထဲက သံယောဇဉ်ကိုလည်း ကောင်းကောင်းမြင်နေလို့ပါပဲ။

အခုတလောမှာ အဂ္ဂက ပန်းလိုအတွက် အရာရာထက် အရေးကြီးနေသည်။

ကိုယ်က အရေးကြီးနေပေမယ့် သူက ကိုယ့်အပေါ် အရေးကြီးရဲ့လား မသေချာသေးပါ။

အဂ္ဂက တစ်ခါတစ်ခါ ရုံးကို ရောက်လာတတ်ပြီး မလာဖြစ်တဲ့နေ့ဆိုလည်း လက်ဖက်ရည်ဆိုင်ကဖုန်းနှင့် လှမ်းဆက်သွယ်တတ်သည်။

အခုတော့ ပန်းလိုက သူ့ဖုန်းဆို ပြေးပြေးပြောနေရတာ အမောပါ။

သူတို့သည် ဝန်မခံသော်လည်း တစ်ယောက်ကို တစ်ယောက် တွေ့မြင်ချင်တာကိုတော့ မညာနိုင်ပါ။

ကြော်ငြာရိုက်တဲ့ ကိစ္စတွေ ပြီးသွားပေမယ့် ပန်းလိုနှင့် အဂ္ဂကတော့ အဆက်အသွယ် မပြတ်။

ပန်းလိုက လှေကားက ဆင်းပြီး လမ်းထိပ်ထွက်ကာ မလှမ်းမကမ်းက ကော်ဖီဆိုင်ရှိရာ တစ်ယောက်တည်း လျှောက်လာခဲ့သည်။

ချစ်သူနှင့် သွားတွေ့ရမည့် မိန်းကလေးတစ်ယောက်လိုပဲ သူမ ရင်ထဲ ဖိုနွေး လှုပ်ရှားနေရသည်။

သူ့ကို တွေ့ရဖို့ဆို စိတ်တွေက စောနေသည်။

ကော်ဖီဆိုင်ထဲ ဝင်ခါနီးမှ ကျောင်းက သူငယ်ချင်း ကောင်လေးတစ်ယောက်နှင့် အမှတ်မထင်ဆုံတာမို့ သူမက ရပ်စကားပြော နှုတ်ဆက်လိုက်သည်။

အဂ္ဂကျော်လွှမ်းက မှန်ချပ်များကနေတစ်ဆင့် ရယ်ရယ်မောမော စကားပြောနေတဲ့ သူမ အမူအယာကို မမှိတ်မသုန် ကြည့်နေမိသည်။

သူမကို ကောင်လေးတစ်ယောက်နှင့် တရင်းတနှီး





စကားပြောနေတာ ဒီတစ်ကြိမ်ပဲ မြင်ဖူးပြီး၊ ဒီတစ်ကြိမ်မှာပဲ အလို မကျ ရင်ထဲ ဗလောင်ဆူရ၏။

အဂ္ဂမျက်နှာလေးက စူပုတ်ပုတ် မှုန်တင်းတင်း ဖြစ်နေရလေသည်။ တွေ့လို့ နှုတ်ဆက်တာက တော်တော်နှင့် မပြီးဘဲ စကားလက်ဆုံ ကျလည်း ကျနိုင်လွန်း . . .

သူမကိုက ဖော်ရွေအပြုံးတွေ သိပ်များနေတာ။

အဂ္ဂ ကြည့်မရဘဲ အမြင်ကပ်လာပါသည်။

တအောင့်လောက်ကြာမှ ပန်းလိုက မှန်တံခါးလေးကို တွန်းဖွင့်ကာ ဆိုင်တွင်းသို့ လှမ်းဝင်လာသည်။

"ရောက်နေတာ ကြာပြီလား"

"မင်းရော အကြည်ဆိုက်လို့ ပြီးပြီလား"

သူ့တုန့်ပြန်ပုံ ခပ်တင်းတင်းကြောင့် ပြုံးလိုက်မိကာ. . .

"ဘာဖြစ်နေတာလဲ"

"ခုနကောင်က ဘယ်သူလဲ"

"အဂ္ဂတွေ့လိုက်လား၊ ကျောင်းတုန်းက သူငယ်ချင်းပါ"

"ရည်းစား မဟုတ်ဘူးလား"

"သူ့လိုများ မှတ်နေလား မသိပါဘူး"

ပန်းလို မျက်စောင်းရွယ်ကာ နှုတ်ခမ်းစူ မျက်နှာလွှဲသွားသဖြင့် သူက ရယ်ကျဲကျဲ ပြန်ချော့သလို လေသံနှင့် . . .

"ဘာစားမှာလဲ၊ ဘာယူခဲ့ရမလဲ"

ဟု မေးလိုက်သည်။

"ကော်ဖီပဲ သောက်မယ်"

ပန်းလိုက သူ့ကိုမကြည့်ဘဲ မဖြေချင့်ဖြေချင် ဖြေလိုက်တာ။

မင်းကို တစ်ခြားသောယောက်ျားတစ်ယောက်နဲ့ အတူရယ်မောနေတာ မမြင်ချင်တာ ကိုယ့်ရဲ့အပြစ်ပဲလား။

သဝန်တိုမိတာ မင်းကို ချစ်လို့လား။

အဂ္ဂက ဆက်မတွေးတော့ဘဲ ကော်ဖီအေးတစ်ခွက်သွားယူလာသည်။

သူတို့နှစ်ယောက်က အိုက်စ်ကော်ဖီကြိုက်တာချင်းတော့ တူကြသည်။ ပန်းလိုမွေးက လူတွေကြားထဲ တိုးဝှေ့ကာ ကော်ဖီဖန်းသွားသယ်နေတဲ့ သူ့ကျောပြင်ကို လှမ်းကြည့်နေမိသည်။ ညနေခင်းမှာ ဂျင်းဘောင်းဘီတစ်ထည်နှင့် ရိုးရိုးစပို့ရှပ်အဝါဖျော့လေးသာ ဝတ်ထားပေမယ့် သူပုံစံက အားလုံးထဲမှာ ထင်လင်းပြတ်သားနေပါသည်။

တကယ်တမ်း သူသာ နာမည်ကြီးလာရင် ကောင်မလေးတွေ ဝိုင်းအုံစိတ်ဝင်စားလာမှာ။ အခုတောင် မော်ဒယ်လ်အဂ္ဂကျော်လွှမ်းဆိုပြီး လူတွေသိစပြုနေပြီ။ ကြော်ငြာလွှင့်လို့သာ ပေါက်





သွားခဲ့မယ်ဆိုရင် သူဝါသနာပါတဲ့ ရုပ်ရှင်သရုပ်ဆောင်ဖြစ်ဖို့ အခွင့်အလမ်းတွေလည်း ပွင့်သွားနိုင်သည်။

အဂ္ဂ. . . ရှင့်မှာ မမြင်ရသေးတဲ့ ကိုယ်ပိုင်အရည်အချင်းတွေ အများကြီးရှိနေတယ်ဆိုတာ ပန်းလို ယုံကြည်တယ် သိလား။

ရှင်ဟာ တစ်နေ့ကျရင် Celebrity တစ်ယောက် ဖြစ်ကိုဖြစ်လာမှာပါ။

သေချာပေါက် ဖြစ်လာမှာပါ။

အဲဒီအခါကျရင် ရှင့်နံဘေးမှာ ပါရမီဖြည့်ဖက်အဖြစ်ရှိနေမယ့် မိန်းမတစ်ယောက်ဟာ ဘယ်သူဖြစ်နိုင်မလဲ။

မမလရောင်ဖြူလို ချမ်းသာပြည့်စုံပြီး ထက်မြက်စူးရှတဲ့ မိန်းမပုံစံမျိုး ရှင် ထပ်ပြီး ရှာဖွေဦးမှာလား။

ရိုးသားအေးချမ်းပြီး သိပ်လည်း လောဘမရှိဘဲ ရှင့်အရိပ်မှာ ခိုဝင်ရရင် ကျေနပ်နေမယ့် မိန်းကလေးမျိုးကို ရှင်အလိုရှိမှာမဟုတ်ဘူးပေါ့နော်။

ပန်းလို သိပါတယ်။

ရှင်ဟာ အချစ်ရေးနဲ့ပတ်သက်ရင် သာမန်ကလေးနဲ့မရောင့်ရဲနိုင်ဘူး။

ရှင့်ရဲ့ ရည်မှန်းချက်နဲ့ လိုချင်တပ်မက်မောမှုတွေဟာ အတိုင်းအဆမဲ့ ကျယ်ပြန့်ပါတယ်။

ရှင်ဟာ မြန်မာပြည်မှာသာမက ကမ္ဘာတစ်လွှားမှာပါ ကျော်ကြား ထွန်းပေါက်တဲ့သူတစ်ယောက် ဖြစ်ချင်တယ် မဟုတ်လား။

ပန်းလိုကတော့လေ. . . များများစားစား မျှော်လင့်မထားဘူး။

ကိုယ်ချစ်တဲ့သူ အနားမှာ တစ်သက်လုံး အေးအတူ ပူအမျှ ပျော်ပိုက်စွာ နေခွင့်ရမယ်ဆိုရင် တော်ပါပြီ။

ကျန်တာတွေ သိပ်မလိုဘူး။ စီးပွားရေးအနေနဲ့လည်း မမလရောင်ဖြူလို အလျှံပယ် လျှမ်းလျှမ်းတောက်ချမ်းသာဖို့လည်း မလိုဘူး။

လူလတ်တန်းစားတစ်ယောက်လို စားနိုင်သောက်နိုင် ဝယ်နိုင်ခြမ်းနိုင်ရင် ရပြီ။

ဒါပေမယ့် ဒီလိုဘဝမျိုး ရှင်က လိုချင်မှာ မဟုတ်ဘူးနော် အဂ္ဂ။ ရှင့်မျှော်လင့်ချက်က မြင့်မားတယ်လေ။

"ဟော့. . . ဘာလို့ စူပုတ်နေတာလဲ၊ နည်းနည်းပါးပါး ပြုံးနေစမ်းပါ။ မင်းက ပြုံးလိုက်ရင် အရမ်းဆွဲဖြစ်တယ်ကွ၊ သိလား"

"သွား. . . အပိုတွေ လာမပြောနဲ့"

"နောက်တစ်ခါ ကောင်လေးတွေနဲ့ စကားကြာကြာ မပြောနဲ့"





"သူငယ်ချင်းပဲ . . . ပြောတော့ ဘာဖြစ်လဲ"

"သူငယ်ချင်းလည်း မပြောရဘူး"

"ရှင်ချုပ်ချယ်တိုင်း ရမှာလား"

"ကိုယ်မကြိုက်ဘူး ပန်းလို၊ အဲလိုမြင်ကွင်းမျိုး ကိုယ် မကြည့်နိုင်ဘူး. . . "

"ရှင့်လို စိတ်သဘောထားမျိုး ကျွန်မမှာ မရှိဘူး၊ ပန်းလိုတို့က ရိုးရိုးသားသား"

"အဲဒါ ဘာကို စောင်းပြောတာလဲ၊ ကိုယ်က ဘယ်သူ့ကို မရိုးသားတာလဲ၊ ကိုယ်အခံရခက်အောင် မခနဲ့ပါနဲ့၊ အကြောင်း မသိလို့ ကိုယ်စိတ်ဝင်စားမိတာ ရှိချင်ရှိမယ်၊ အဲဒီအပြစ်ကို ပြန်အစမဖော်ပါနဲ့ကွာ၊ နောက်ဘယ်တော့မှ ထပ်မကြားချင်ဘူး၊ ကိုယ်ဟာ မင်းထင်နေသလို လူစားမျိုး လုံးဝမဟုတ်ဘူး၊ အဲဒါကို အမြဲ မှတ်ထား"

သူက ပန်းလိုစကားကို အတော်စိတ်ဆိုးသွားပုံရ၏။ မျက်စိပျက်မျက်နှာပျက်နှင့် အကြာကြီး ငြိမ်သွားသည်။

စကားလည်း ထပ်မပြော။

ကော်ဖီသောက်ပြီးတဲ့အထိ သူ မတုန်မလှုပ် ကျောက်ရုပ်လို ထိုင်နေတာမို့ ပန်းလိုက မနေနိုင်တာဘဲ စကားလမ်းကြောင်း ပြောင်းသည့်အနေဖြင့် . . .

"အဂ္ဂရေ. . . ရှင့်ကို အကျီ(Brand) အသစ်တစ်ခု ဝေါလ်ရှိတ်ရိုက်ဖို့ ပြောထားတယ်ဆို၊ ဘယ်နေ့ရိုက်ဖြစ်မလဲဟင်"

"ဓာတ်ပုံရိုက်တဲ့နေ့ ပန်းလိုလိုက်ခဲ့မှာလား"

"ရှင်ခေါ်ရင် လိုက်မှာပေါ့"

"ကိုယ်ခေါ်ရင် ဘယ်နေရာဖြစ်ဖြစ်"

"ဘာလဲ ဓာတ်ပုံရိုက်မယ့်နေရာကို ပြောတာပါနော်"

"ကိုယ်ကရော ဘာပြောလို့လဲ ဟား. . . ဟား"

သူဟာ ပန်းလိုကို မထိတထိ ကွေ့ဝိုက်ကာ ရိသဲ့သဲ့လေး ပြောချင် စ,ချင်တတ်သည်။ ပြီးလျှင် ခေါင်းမော့လှန်ပြီး ရယ်တတ်သေးသည်။

ဘာပဲဖြစ်ဖြစ် သူ့ဆီက ရယ်သံထွက်လာပြီးဖြစ်တဲ့အတွက် ပန်းလိုရင်ထဲ စိတ်ချမ်းသာသွားရတာ အမှန်။

သူရယ်နေတဲ့အခါ အလိုလို စိတ်ချမ်းသာရပြီး သူ့မျက်နှာတင်းမာခက်ထန်တဲ့အခါမျိုးမှာ ပန်းလိုနေမရအောင် စိတ်အနှောင့်အယှက်ဖြစ်ရသည်။

ချစ်သူတွေ မဟုတ်ပါဘဲ စိတ်ချင်း၊ နှလုံးသားချင်း ဆက်နွယ်နီးစပ်နေတတ်သလား။

တစ်ဦးရဲ့ခံစားမှုက တစ်ဦးဆီ စီးဖြာ ကူးဆက်လာတတ်သလား။





ပန်းလို နားမလည်နိုင်တော့ပါ။

သေချာတာကတော့ အဂ္ဂ အောင်မြင်ပျော်ရွှင်နေတာပဲ မြင်ချင်သည်။ သူစိတ်ဆင်းရဲနေပြီး ပန်းလို စိတ်ချမ်းသာနိုင်စွမ်းရှိမှာ မဟုတ်။ တစ်စုံတစ်ယောက်ရဲ့ ကောင်းကျိုးကိုသာ ထာဝရ လိုလားနေတာဟာ သူ့ကိုချစ်တာပဲလား။ ပန်းလို မပြောတတ်။

သူနှင့်အတူတူ ရှိနေရတဲ့အချိန်မှာ သာယာချမ်းမြေ့နေရပြီ။ အချိန်တွေ ဘယ်လိုကုန်သွားသလဲဆိုတာ မသိရ။

သူ့ဖက်ကရော ပန်းလိုနဲ့ ထပ်တူညီနိုင်ပါ့မလား။

ပန်းလိုက ထိုင်ခုံကို ကျောမှီ၍ လက်ကလေး တင်းတင်းပိုက်လိုက်တာကို သူက ကြည့်ပြီး. . .

"ချမ်းနေပြီမို့လား၊ ဆောင်းဝင်လာပြီကွ၊ နည်းနည်းအေးလာပြီ"

"အင်း . . . ဟုတ်တယ်"

"နောက်နေ့ အကျီထူထူဝတ်လာခဲ့"

သူ့စကားသံထဲမှာ စေတနာမေတ္တာငွေ့လေးတွေ ပါနေတာ ပန်းလို ခံစားမိသည်။ အကြည့်ချင်း တစ်ခဏဆုံမိကြ၏။

အဂ္ဂရင်ထဲမှာ ဖြစ် ပေါ်လာတဲ့ ဆန္ဒအမှန်ကို ပြောရလျှင်တော့ ချမ်းနေပုံရတဲ့ ကောင်မလေးကို နွေးထွေးအောင် ဖက်ထားလိုက်ချင်မိတာပဲ။

စိတ်တွေက အတင့်ရဲနေသည်။

အပြင်မှာတော့ ဘာမှ ဖွင့်မပြောရဲသေး။

"ပန်းလို . . . ဗိုက်ဆာနေပြီလား"

"မဆာပါဘူး၊ ဘာလို့မေးတာလဲ၊ အဂ္ဂ ဘာစားချင်လို့လဲ"

"မဆာသေးရင် လမ်းခဏ လျှောက်ရအောင်၊ ပြီးရင် ကြေးအိုး သွားသောက်မယ်"

"အဂ္ဂ သဘောပဲ"

အဂ္ဂက တွေ့ချိန်လေးတွေမှာ ကြံဖန် အချိန်ဆွဲကာ သူမကို စောစောပြန်မပို့ချင်ဘဲ ဖြစ်နေတာ။

ခွဲခွာချိန်ရောက်ရင် တစ်ယောက်တည်း ရင်ထဲ လစ်ဟာဟာကြီး ဖြစ်သွားတတ်လို့ပါ။

သူမနားနေရတာ စိတ်လွတ်လပ်ပေါ့ပါးနေပြီး အိမ်မပြန်ချင်အောင် ဖြစ်မိသည်။

ကော်ဖီဆိုင်က ထွက်လာပြီးနောက် ပလက်ဖောင်းလေးအတိုင်း စကားတပြောပြောနှင့် အေးအေးဆေးဆေး လမ်းလျှောက်လာခဲ့ကြသည်။

ဆောင်းလေပြည်လေးက ညှင်းညှင်းသွဲ့သွဲ့ ညင်သာစွာ တိုက်ခတ်နေသည်။

"ဓာတ်ပုံရိုက်မယ့်နေ့ ပန်းလိုကို ကြိုပြီး ဖုန်းဆက်မယ်





ရုံးဖွင့်ရက်ဖြစ်နေရင်လည်း ခွင့်ယူပြီး လိုက်ခဲ့ရမယ်၊ မမလရောင်က မင်းကို ခွင့်ပေးမှာပါ၊ ဟုတ်တယ်မို့လား"

"မသိဘူးလေ၊ အလုပ်တွေများတဲ့နေ့ဆိုရင်တော့၊ အားနာစရာ ကောင်းတာပေါ့"

"မင်းက သူ့အနားမှာ လိုတာလုပ်ပေးရတဲ့ဘဝကို သိပ်ပျော်နေတာပေါ့"

"ပန်းလိုရဲ့ ဘဝရပ်တည်မှု၊ အသက်မွေးဝမ်းကျောင်းက ဒါပဲလေ"

"ဒါ လရောင်လက်ထဲ အပ်ထားတာပေါ့၊ ဘာမဆို ပေးဆပ်နိုင်တယ်ဆိုပါတော့"

"အဂ္ဂ သူ့ကို ဘာကြောင့် မကြည်မလင် ဖြစ်နေတာလဲ"

"ကိုယ့်စိတ်ထဲမှာ မင်းကို သူ ချုပ်နှောင်ထားသလို ဘင်လို့ပါ၊ တကယ်ဆို မင်းဘဝကို သူစီမံပိုင်ခွင့် မရှိဘူး၊ မင်းရဲ့ လွတ်လပ်တဲ့သဘောအတိုင်း မင်း ဆုံးဖြတ်ချက်ချနိုင်ရမယ်"

"မမလရောင်က ပန်းလိုကို ဘာမှ အတင်းအကျပ် ဖိအားပေးတောင်းဆိုတာ မဟုတ်ပါဘူး၊ ကိုယ့်သဘောနဲ့ကိုယ် ဆုံးဖြတ်တာပါ၊ အဂ္ဂဘာသာ အထင်လွဲနေတာ"

သူက မသိမသာ ခေါင်းယမ်းသည်။

မင်းဟာ သူစေခိုင်းတဲ့အတိုင်း ဟန်ဆောင်လက်ထပ်ဖို့

ကိစ္စအထိ သဘောတူလိုက်လျောတယ်လေ။ ဒါဟာ မင်းအပေါ် သူ စိုးမိုးခြယ်လှယ်တာပဲပေါ့။

မင်းက စိတ်သဘောမနော အရမ်းဖြူစင်လွန်းတော့ သူတစ်ပါးအပေါ် အပြစ်မမြင်တတ်တာ။ ခွင့်လွှတ်တတ်တာ။ တကယ်တော့ မင်းဆီက သူယူလိုက်တဲ့အရာဟာ ဘာမှမဟုတ်သလိုလိုနဲ့ တန်ဖိုးကြီးလွန်းတယ်။ ဒါကို မင်း မတွေးတာ ပန်းလို။

မင်းကို သနားစိတ်နဲ့ တဖြည်းဖြည်း ကိုယ်ပိုချစ်လာတယ် ပန်းလိုမွှေးရယ်။

မင်းဟာ ပန်းလေးတစ်ပွင့်လိုပဲ အမြဲတမ်း အပြစ်ကင်းနေတယ်။ ကိုယ့်အတ္တထက် သူများအတွက် ပေးဆပ် ရပ်တည်နိုင်တယ်။ တော်ရုံတန်ရုံမိန်းကလေးတွေမှာ မရှိတဲ့ အနွံအတာခံ၊ အနစ်နာခံတတ်တဲ့ စိတ်လေး မင်းမှာရှိတယ်။ အဲဒီစိတ်ကလေးကိုပဲ ကိုယ်မြတ်နိုးမိတာ ထင်တယ်ကွာ။

"အဂ္ဂ"

"ပြော"

"ဒီဖက်က လျှောက်ပါလား၊ အဲဒီမှာ မီးပိုးကောင်တွေ တအားများနေတယ်"

ဆောင်းဦးကာလမှာ ပိုးဖလံတွေက မီးရောင်ရှိတဲ့နေရာတိုင်း အုံခဲပျံသန်းနေကြသည် မဟုတ်လား။





"ဟုတ်တယ်. . . အား၊ ပြောရင်းဆိုရင်း မျက်စိထဲ ဝင်သွားပြီကွ"

အဂ္ဂက လျှောက်နေရာက ခြေစုံရပ်လိုက်ပြီး မျက်နှာကို လက်ဝါးနှင့် အုပ်လိုက်၏။

"ဟယ်. . . ဟုတ်လား၊ ပန်းလို သတိပေးနေတဲ့ဥစ္စာ၊ ပြစမ်း. . . ပြစမ်း၊ ပန်းလို ဖယ်ပေးမယ်"

"မရဘူး. . . အရမ်းစပ်တယ်"

အဂ္ဂက အိုက်တင်ကောင်းတာမို့ ပန်းလို ယုံသွား၏။ မမှိမကမ်းနှင့် ခြေဖျားလေးရပ်ကာထောက်ကာ သူ့မျက်စိထဲ ပိုးကောင် ရှာဖွေသည်။

"မှုတ်ပေးမယ်နော်၊ လာ. . . လာ. . . ဒီအုတ်ခုံလေးမှာ ခဏထိုင်လိုက်"

ပန်းလိုက အဂ္ဂရဲ့ မျက်ခမ်းစပ်ကို လက်နှင့်ဟကာ ဟူးခနဲ လေမှုတ်ပေးတော့မှ သူ မနေနိုင်ဘဲ အော်ရယ်လိုက်သည်။

"ဟား. . . ဟား. . . ဟား"

"ကြည့်စမ်း. . . ဘာပိုးကောင်မှ မဝင်ဘဲနဲ့"

ပန်းလိုက ရှက်ရှက်နှင့် သူ့ပခုံးကို ထု၏။

"မင်း ကိုယ့်ကို ဂရုစိုက်လားလို့ စမ်းသပ်ကြည့်လိုက်တာ"

"ဂရုစိုက်တာ မဟုတ်ပါဘူး၊ သူငယ်ချင်းဝတ္တရားရှိလို့"

"သူငယ်ချင်းလား. . . မဟုတ်ဘူး ထင်တယ်၊ စာချုပ်ပြ ရမလား"

"သွား. . . ဒီစာချုပ်နဲ့ပဲ လာကိုင်ပေါက်နေတယ်"

"ကိုယ်တို့နှစ်ယောက် တကယ်လက်တွဲလိုက်ရင်လည်း မဆိုးပါဘူး၊ ဖြစ်နိုင်တာပဲ"

သူ့မျက်နှာကို အလန့်တကြား မော့ကြည့်မိလျှင် . . .

"ဟဲ. . . ဖဲ စဉ်းစားကြည့်တဲ့ သဘောပါ၊ ဘာမှမဟုတ်ပါဘူး"

ဟု သူက မရဲတရဲ ပြန်လျှော့ချလေသည်။

ပန်းလိုမှာ သူ့စကားအဆန်းကြောင့် ရင်တုန်ပန်းတုန် အသည်းထဲ အေးခနဲ ဖြစ်သွားရသေး၏။



"မမ တစ်ခုမေးချင်တယ် ပန်းလို၊ စိတ်မဆိုးနဲ့နော်"

ရုံးနှင့် မလှမ်းမကမ်းက တိတ်ဆိတ်သော ကော်ဖီရှော့လေးမှာ အတူထိုင်ရင်း မမလရောင်က စကားစ,လိုက်တာကြောင့် ပန်းလို မျက်လွှာလေးပင့်ကြည့်ရင်း . . .

"ဘာကိုလဲ မမ၊ မေးလေ"

"အဂ္ဂနဲ့ ပတ်သက်လို့ပါ"

"ရှင်"

"အဂ္ဂပေးထားတဲ့ လက်ထပ်လက်စွပ်ကို ပန်းလိုဘာလို့ အမြဲဝတ်ထားတာလဲ"

"ဟို. . ."

လက်သန်းကြွယ်လေးကို မျက်နှာရှေ့ ထောင်ကြည့်လိုက်ရင်း သူမ ဘာပြန်ပြောရမည် မသိဘဲ ဖြစ်သွားရသည်။

"သူက ဝတ်ထားခိုင်းတာလား"

"မဟုတ်ပါဘူး"

"မမပယောဂကြောင့် ညီမလေးမှာ ထိခိုက်နစ်နာမှုတွေ ရှိရင် ဆောရီးပဲကွာ၊ အင်္ဂကက ဒီကိစ္စနဲ့ပတ်သက်ပြီး အခွင့်အရေးယူတာ၊ အကျပ်ကိုင်တာမျိုးတွေ ရှိလား"

"ဟင့်အင်း. . . မရှိပါဘူး မမ၊ သူ ဘာမှမတောင်းဆိုပါဘူး၊ ဒီလက်စွပ်ကလည်း ပန်းလိုကြိုက်လို့ ဝတ်ထားမိတာပါ၊ သူ ဘာအခွင့်အရေးမှ မယူပါဘူး"

"ဒါဆို. . . ပန်းလိုတို့နှစ်ယောက် အခုလို ဆက်တွဲနေတာ ပန်းလို သဘောနဲ့လား"

"ဆက်တွဲတာတော့ မဟုတ်ဘူး မမ၊ သူနဲ့ပန်းလို ခုထက်ထိ ရိုးရိုးပါပဲ"

"ဒါပေမယ့် ညီမလေးတို့နှစ်ယောက်ကို အမြဲတမ်း အတူတူ တွေ့နေရတယ်လေ"

မမလရောင်မျက်နှာကို ပန်းလို ဖျတ်ခနဲ အကဲခတ်ကြည့်မိသည်။ လက်လွှတ်လိုက်ရပေမယ့် အင်္ဂကို သူ့စိတ်ထဲ ခုထက်ထိ မပြတ်မသား နှမြောနေတုန်းပဲလား။





အို. . . မဖြစ်နိုင်ပါဘူး။ ဒီလိုတော့ မဟုတ်နိုင်ပါဘူး။

"ပန်းလို တစ်မျိုးမတွေးနဲ့နော်၊ မမပြောတာက မမကြောင့် စိတ်မပါဘဲ သံယောဇဉ်ဖြစ်သွားတာလားလို့ မမကြောင့် ပန်းလို သိက္ခာထိခိုက်မှာ စိုးတာပါ၊ ကိုယ့်ကြောင့် မနစ်နာစေချင်ဘူးလေ"

မနစ်နာစေချင်ရင် ဒါကို သူ ဘယ်လိုပြုပြင်ပြောင်းလဲပေးနိုင်သလဲ။ အန်ကယ်လ်လင်းကို အမှန်အတိုင်း ဖွင့်ပြောရဲသလား။

ပန်းလို မေးကြည့်ချင်မိ၏။

သို့သော် နှုတ်ကတော့ ဘာမှ ဖွင့်ဟမလာ။

မမလရောင်က သူမဖိုင်ကိုဖွင့်ပြီး စာချုပ်တစ်ခုကို ဆွဲထုတ်သည်။

"ဒီမှာ ညီမလေးအတွက် မမလက်ဆောင်"

ပန်းလို ကြည့်လိုက်လျှင် စာချုပ်ရဲ့ခေါင်းစဉ်းမှာ . . .

မေတ္တာဖြင့် အပိုင်ပေးခြင်း စာချုပ်ဖြစ်နေ၏။

"ဒါ . . . ဘာလဲဟင်"

"ဖတ်ကြည့်လေ"

အမှတ်(၆) ခ. B အခန်းအား ဒေါ်ပန်းလိုမွေးအား မေတ္တာဖြင့် အပိုင်ပေးလိုက်ကြောင်း . . .

"ဟင်"

မယုံနိုင်စွာ သူမ မော့ကြည့်မိ၏။

"အခု လက်ရှိ ပန်းလိုနေတဲ့အခန်းကို မမက အပိုင်ပေးလိုက်တာပါ"

"အို. . . နေပါစေ၊ ပန်းလို မယူပါရစေနဲ့"

"မမ အခက်အခဲကို ကူညီပေးတဲ့ ညီမလေးရဲ့စေတနာကို တုန့်ပြန်တာပါ။ ဘာသဘောမှ မဟုတ်ပါဘူး၊ လက်ခံပါကွယ်"

ပန်းလို ငြင်းဆန်လို့မရအောင် မမလရောင်က အတင်းအကြပ် ပေးအပ်စီစဉ်သည်။

ရလိုတဲ့ မျှော်လင့်ချက်လည်း တစ်ခါမှမရှိဘူးတော့ ပန်းလို အံ့သြနေရသည်။ အဂ္ဂသိရင်ရော. . . တစ်မျိုးထင်မှာလား။ ဘာပဲဖြစ်ဖြစ် ပန်းလိုက အဂ္ဂကို အသိပေးတိုင်ပင်ချင်သေးသည်။

သူ ကျေနပ်မှပဲ လက်ခံချင်ပါသည်။

တစ်ခုခုဆို သူမ အားကိုးအားထားနှင့် အရေးတကြီး သတိရတတ်တာ အဂ္ဂကျော်လွှမ်းကိုပဲ ဖြစ်ပါသည်။



ပန်းလိုမွေးသည် လက်ကနာရီလေးကို ခဏခဏမြောက်ကြည့်ရင်း တစ်စတစ်စ ပိုလို့ စိတ်တိုဒေါသထွက်လာမိသည်။

ခဏလေးစောင့်ဆိုပြီး ဟိုတယ်ခန်းမထဲကို ဝင်သွားလိုက်တာ တော်တော်နှင့်ကို ပြန်ပေါ်မလာ။

ခေါ်လာတုန်းက သူမကို ကရဝိတ်ကန်တော့်ကြီးထဲ လိုက်ပို့ပေးမယ်ရယ်လို့ ခေါ်လာခဲ့တာ။ အခု ဒီရောက်မှ စင်ကာပူက ရောက်နေတဲ့ သူငယ်ချင်းက ဖုန်းဆက်တယ်ဆိုပြီး ဟိုတယ်မှာ ခဏလာတွေ့တာတဲ့။

သူ့ခဏက အတော့်ကို ကြောက်ဖို့ကောင်းသည်။

မိန်းကလေးတစ်ယောက်တည်း သူ့ကားထဲ ထိုင်စောင့်နေရမှာ ကိုယ်ချင်းမစာ။

လိုက်ဝင်သွားဖို့ကလည်း မသွားချင်။

ကားထဲက စီဒီပလေယာကိုဖွင့်ပြီး သီချင်းတွေ တစ်ပုဒ်ပြီးတစ်ပုဒ် နားထောင်လို့ ပျင်းလာတဲ့အခါ ပန်းလိုက ကားအပြင်ထွက်ရပ်လိုက်သည်။

ဟိုတယ်ဝင်ပေါက် ဆင်ဝင်အောက်ဆီ မျှော်ကြည့်ပေမယ့် သူ့အရိပ်အယောင်ကို မမြင်ရသေး။

"ကျွတ်. . . ဘာတွေ ဒီလောက်ကြာနေရတာလဲ"

နှုတ်က မကျေမချမ်း ရေရွတ်နေမိ၏။

"လိုက်လာမိတာကိုက ငါ့အမှားပဲ"

ဟိုလျှောက် ဒီလျှောက်လုပ်ရင်း ပန်းလို တွန့်လိမ်အောင် စိတ်ကောက်ချင်လာသည်။

သူ့ကို တစ်ယောက်တည်း ပေးလွှတ်လိုက်တာ ကိုယ့်ဒုက္ခ ကိုယ်ရှာသလိုပါပဲ။

ကားစတန်းမှာ တစ်ယောက်တည်း ငေါင်နေရတာကြည့်။

ထွက်လာရင် ရန်တွေ့ဖို့ ပန်းလိုက နှုတ်ခမ်းတပြင်ပြင်ရှိသည်။

နောက်ထပ် ဆယ်မိနစ်ကြာသွားသည်။

ဆက်မစောင့်ဘဲ လှည့်ပြန်ချင်လာပြီ။





ဒီပြိုင်ကားလေးကို မောင်းသွားဖို့ကျတော့လည်း သော့က မရှိ။ အမှတ်တမဲ့နှင့် သော့ကို သူ ယူသွားတယ်လေ။

နို့မို့တော့ စိတ်မရှည်တာနဲ့ ပြန်ပြီ . . .

ပန်းလို နှုတ်ခမ်းလေးမှာ စူထော်နေရ၏။

မျက်မှောင်ကိုကြုတ်ပြီး ဒီဖက်နားထိ လျှောက်လာသည်။

ဟော. . .

စတိုင်ပင်န်အနက်ရောင်ပုံကျကျနှင့် အပေါ်က အင်္ကျီလက်ရှည် မရမ်းဖျော့ကွမ်းရိုးစင်းလေးကို ဝတ်ထားတဲ့ အဂ္ဂကိုတွေ့လိုက်တဲ့အခါ သူမ လှစ်ခနဲ ပျော်သွားသလိုဖြစ်မိပေမယ့် ဘေးကနေ ပြုံးပြုံးရွှင်ရွှင်အတူပါလာတဲ့ မမလရောင်ကိုပါ မြင်တော့ တအံ့တဩ မျက်လုံးဝိုင်းလေးနှင့် မှင်သက်သွားရသည်။

သူတို့ ဒီမှာ ချိန်းထားတာလား။

ရုတ်တရက် ရင်ထဲမှာ ဗလောင်ဆူသွားရ၏။

မမလရောင်ဖြူက ခါတိုင်းလိုပင် ကြော့ရှင်းလှပသပ်ယပ်နေပါသည်။

ဆင်စွယ်ရောင်ဆန်ဆန် ရင်ဖုံးအင်္ကျီလက်ပြတ်ရဲ့ ကြယ်သီးနေရာတွေအားလုံးမှာ နှင်းဆီပွင့်လိမ္မော်ရောင်လေးတွေ တပ်ဆင်ချုပ်လုပ်ထားတဲ့ ခပ်ဆန်းဆန်းဖက်ရှင်ဒီဇိုင်းနဲ့ လုံချည်က လိမ္မော်လွင်လွင် စကော့လုံချည်။ လေဒီရှုးအဖြူရောင်ခွာချွန်ချွန်နှင့်

နွဲ့နွဲ့လေးလျှောက်ကာ စကားတပြောပြော ဟိုတယ်ထဲက ထွက်လာတာ။

လျှောက်လာပုံက အင်္ဂနှင့် နီးနီးကပ်ကပ် ပခုံးချင်းပင် တိုက်လုမတတ်။

ပန်းလို မျက်လုံးထဲမှာ အတော်ကြီး စပါးမွှေးစူးသွားရသည်။

သူက ဒီမှာ စုံတွဲလာခုတ်နေတာကိုး . . .

သူမစိတ်မှာ နာနာကျည်းကျည်းပင် ဒေါသခိုးတွေ ဆူပွက်လာရသည်။

ပြောတော့ ခဏလေးဆိုပြီး အရာရာမေ့သွားရတာ ဒီအမျိုးသမီးကြောင့်ပဲပေါ့။

ယောကျာ်းတွေများ တရားကျစရာလည်း ကောင်းသည်။

လူက နောက်ဆုတ်ပါပြီ ပြောပေမယ့် စိတ်ကတော့ မပြတ်နိုင်သေး။

အင်္ဂက ဒီဖက်အခြမ်း ကားစတန်းကို လှမ်းကြည့်ပေမယ့် မမလရောင်ဖြူက မမြင်။ အင်္ဂမျက်နှာကိုပဲ မော့မော့ငေးငေးလေး ကြည့်ကာ ဘာတွေပြောနေသလဲ မသိ။

ပန်းလိုရင်ထဲက ဒေါသတွေမှာ တစိမ့်စိမ့်နှင့် တစ်ကိုယ်လုံးသို့ ပျံ့နှံ့နေသည်။





ဒင်း . . . ညာတာ. . . ကြည့်စမ်း. . .

ပြောတော့ စင်္ကာပူက သူငယ်ချင်း ကိုအယ်နီ ဖုန်းဆက်တာတဲ့။

တကယ်တမ်းဆက်တာက မမလရောင်ဖြူပဲပေါ့။

သူ ဘာလို့ ညာတာလဲ။ ပန်းလိုဟာ သူ အသုံးချစရာ မိန်းကလေးတစ်ယောက်ပဲလား။

ငါကရော သူတို့ စီစဉ်တာတွေ အကူအညီတောင်းတာတွေကို ဘာကြောင့် အလွယ်တကူ လိုက်လျှောခဲ့မိပါလိမ့်။

ရင်ထဲမှာ နောင်တတွေ မိုးရွာသလို ရွာလာသည်။

မမလရောင်ဖြူက ဒရိုင်ဘာအသင့်လာကြိုတဲ့ လင့်ခရူဇာကားကြီးပေါ် ကြော့ကြော့မော့မော့လေး တက်သွားပါသည်။

အင်္ဂကို နှုတ်ဆက်လက်ပြသွားပုံလေးက မြူးမြူးကြွကြွ သွက်သွက်လက်လက်။

အပျော်မျက်နှာနှင့် ပတ်ဝန်းကျင်ဘေးဘီကိုတောင် မြင်ပုံမရ။

တောက်. . . အပြောတစ်မျိုး၊ လက်တွေ့မှာတစ်မျိုး။

ဟွန်း. . . စိတ်ပျက်စရာကောင်းလိုက်တာနော်။

အင်္ဂက ပိုမုန်းစရာ၊ မခံချင်စရာ။

မကျေနပ်ခြင်းတွေ တဖွားဖွားဖြစ်ပေါ် နေသော ခက်ခက်

ထန်ထန် စူစူပုတ်ပုတ်မျက်နှာနှင့် ပန်းလိုက သူ့ကို စူးစူးရဲရဲကြီး စိုက်ကြည့်နေပါသည်။

အဂ္ဂသည် ပြိုင်ကားအနီလေးရဲ့နံဘေးမှာ သူ့ကိုခါး ထောက်ကာ ဘုကြည့်ကြည့်နေသော ပန်းလိုထံ ခပ်အေးအေး လျှောက်လာရင်း အနားရောက်တော့ မချိုမချဉ် မျက်ခုံးပင့် ပြုံးပြလိုက်သည်။

ပန်းလိုက မပြုံးတဲ့အပြင် မျက်နှာပင် ဆတ်ခနဲ လွှဲသွား၏။

"အဲဒါက ဘာဖြစ်နေတာလဲ"

"ရှင် နားမလည်ဘူးလား၊ ရှင့်မှာ လူမှုရေးစိတ်ဓာတ် ခေါင်းပါးလှချည်လား၊ ဆယ်မိနစ်ပဲစောင့်ဆိုပြီး ကျွန်မကို တစ်နာရီလောက် စောင့်ခိုင်းထားတာ ဘာသဘောလဲ"

"ဟာကွာ. . . ဖြည်းဖြည်းပြောစမ်းပါ"

သူမရဲ့ စူးစူးရဲရဲအကြည့်ကို အဂ္ဂက သိပ်မဖြုံ၊ ခပ်တည်တည်ပဲ ကားတံခါးဖွင့်ပြီး ကားထဲ ဝင်ထိုင်လိုက်၏။

ပန်းလိုက သူ့နံဘေးမှာ စောင့်ခနဲဝင်ထိုင်ပြီး ကားတံခါးကို ဂျိန်းခနဲ ဆောင့်ပိတ်၏။

"ဟ. . . ဖြည်းဖြည်းလုပ်စမ်းပါ၊ ဒါ ကိုယ့်ကားမဟုတ်ဘူးနော်၊ သတိလည်းထားဦး၊ တံခါးပြုတ်ထွက်သွားရင် ဝေမိုးကိုယ့်ကို ဆဲနေလိမ့်မယ်"





"အဲဒါဆိုလည်း သူများကား ယူမမောင်းနဲ့ပေါ့၊ ရှင်ကိုက ဆန်မရှိအစားကြီး ဝမရှိဘဲ ဝိလုပ်ချင်တာ"

"ဘာ"

သူ့မျက်နှာ တင်းသွား၏။ ဒါပေမယ့် ပန်းလို ဂရုမစိုက်ပါဘူး။ မှန်တာ ပြောတာပဲ။ ရှိတာထက် ပိုကြွားဝါဟန်လုပ်ချင်လို့သာ မမလရောင်လိုမိန်းမမျိုးကို သူ မက်မက်မောမော ချဉ်းကပ်တာပဲ မဟုတ်လား။ လူတွေဟာ ဟုတ်တာပြောတော့ နာချင်သည်။

"မင်းစကားပြောတာ ဘောင်ကျော်မလာနဲ့နော် ပန်းလို၊ ကိုယ့်မာနကို လာမထိခိုက်နဲ့"

ပန်းလိုက မျက်စောင်းတစ်ချက် ဒိုင်းခနဲပို့လွှတ်ရင်း. . .

"ရှင်နဲ့အတူ ဘယ်မှလည်း မသွားချင်ဘူး၊ ကျွန်မကို အိမ်ပဲ ပြန်ပို့တော့"

"ပန်းလို ပြဿနာမရှာနဲ့ကွာ"

"ဒါဆိုလည်း ကားရပ်လိုက်၊ ကျွန်မ ဒီကနေပဲ ဆင်းပြီး ကားငှားသွားမယ်"

"တက္ကစီစီးရမှာ နှမြောလို့ဆို"

"ရှင်အပိုတွေ လာမပြောနဲ့"

"ဘာတွေ ဒေါသကြီးနေတာလဲကွာ၊ ဆောရီး၊ ကိုယ် နည်းနည်းကြာသွားတာ ခွင့်လွှတ်၊ ဒါလေးနဲ့ စူပုတ်မနေပါနဲ့"

သူက သူ့အမှားသူသိသလို တောင်းပန်ရင်း ကားကို ကရဝိတ်ဝင်ပေါက်ဖက် ချိုးကွေ့လိုက်ပါသည်။

"မသွားချင်တော့ဘူးလို့ ပြောနေတယ် မဟုတ်လား"

"ကိုယ်တောင်းပန်တယ်လေကွာ၊ ပြီးပြီပေါ့"

"မပြီးနိုင်ဘူး၊ မပြီးနိုင်ဘူး"

"ဒါဆိုလည်း ဆက်ရန်တွေ့. . . ကဲ. . . မင်းသဘောပဲ"

သူက ကားဝင်ကြေးပေးကာ ကရဝိတ်ထဲ မောင်းဝင်လာခဲ့သည်။

"စောစောစီးစီးက ပြောပါလား၊ မမလရောင်နဲ့ ချိန်းထားရင် ချိန်းထားတယ်ပေါ့"

သူ ဆတ်ခနဲဖြစ်သွားပြီ. . .

"ကျွတ်. . . ဘာမှမချိန်းဘူး၊ အယ်နီဆီလာတာပါလို့ ပြောပြီးပြီ၊ ဒီကျမှ မမနဲ့တွေ့လို့ ကော်ဖီအတူသောက်ဖို့ အတင်းခေါ်လို့ ခဏလေး ထိုင်လိုက်တာ"

"ရှင့်ဘာသာ ခဏလေး မကလို့ တစ်သက်လုံး သွားထိုင်ထိုင်၊ ရှင့်သဘောပဲ၊ ရှင်ကိုယ်တိုင်က ဒုသနသော ဆိုတာကို အခုဘဝ ငါ့သဘောလို့ ယူဆနေတာသိသားပဲ၊ မကြောက်မလန့်နဲ့ ရှေ့ဆက်တိုးရင်လည်း . . . ."

"တော်စမ်း. . ."





သူက ဖြတ်အော်ပစ်လိုက်၏။

"ဘာ အခုဘဝ ငါ့သဘောလဲ၊ မင်းမစော်ကားနဲ့နော် ပန်းလို၊ ကိုယ့်မှာ အဲလို စိတ်ဓာတ်မရှိဘူး၊ အစတုန်းက မသိခဲ့လို့ စ,မိနောက်မိတာလေးပဲ ရှိတာ၊ ငါ ဘာမှစကားမလွန်သေးဘူး၊ သူ့ကို ချစ်ပါတယ် ကြိုက်ပါတယ်လို့ တစ်ခွန်းမှ မပြောရသေးဘူး"

"ဒါပေမယ့် ပြောချင်နေတာ သေတော့မယ်လေ"

သူမက အငေါ်တူးလိုက်၏။

"သူ့အပျိုဆိုရင်တော့ ပြောချင်ပြောမှာပေါ့၊ အဲဒါ မင်းနဲ့ ဘာဆိုင်လဲ"

"ဘယ်သူကရော ရှင်နဲ့ ဆိုင်ချင်လို့လဲ၊ အနေသာကြီးပါ"

သစ်ပင်အောက် လူရှင်းရှင်းမှာ ကားရပ်ပြီးနောက် အဂ္ဂနှင့် ပန်းလိုတို့ တစ်ယောက်တစ်ခွန်း အခြေအတင်ဖြစ်နေကြတာ ဖြစ်သည်။

ဒေါသမျက်ဝန်းတွေနှင့် အားပြိုင်ကြည့်မိကြသည်။

"မတော်တဆ လာဆုံလို့ ရိုးရိုးသားသားစကားပြောတာကို မင်းက မယုံနိုင်အောင်ဖြစ်နေတော့ ငါ ဘာကောင်ဖြစ်သွားမလဲ၊ ငါ့သိက္ခာကို နည်းနည်းတော့ ထည့်တွက်မှပေါ့၊ မင်းငါ့ကို အဲလောက် ချုပ်ချယ်သဝန်တိုရအောင်လည်း ငါတို့က လင်မယားအစစ်လည်း မဟုတ်ဘူး"

သူ့စကားကြောင့် ပန်းလို အံ့အားသင့် ဝမ်းနည်းကာ မျက်ရည်တွေပင် ရစ်လည်လာရသည်။

တကယ်တော့ ကိုယ့်ရဲ့ပေးဆပ်ချစ်နဲ့ ဒီလူနဲ့ လုံးဝမထိုက်တန်ပါဘူး။

"ပြောစမ်းပါ၊ မင်း အဲလို သဝန်တို ရန်လုပ်စရာ ဘာအကြောင်းရှိလဲ၊ မင်းက အဂ္ဂကျော်လွှမ်းကို မင်းယောကျ်ားလို ပိုင်စိုးသြဇာပေးချင်တာပေါ့ ဟုတ်လား"

"ဟင်. . . . ရှင်. . . ရှင်"

ပန်းလိုက နှုတ်ခမ်းလေးကိုက်ပြီး သူ့ကို တဘုန်းဘုန်း ထုရိုက်၏။ ဒီစကားက ပန်းလို အရှိုက်ကိုထိပြီး ရှက်ရမ်းရမ်းစေသည် မဟုတ်လား။

စာနာနားလည်မှု မရှိတဲ့ ဒင်းကို ဒေါသနှင့် နာအောင် ထုရိုက်မိတာ။ သူ့ကိုမှ ဒီလိုမထုရဘူးဆိုလည်း ပန်းလိုရှိုက်ငိုမိတော့မှာ။

"ဟာ. . . ဟာ. . . ဘာလို့ထုတာလဲ"

ပထမတော့ အဂ္ဂက သူမလက်တွေကို ဖမ်းချုပ်တာပဲ။ ဒါကိုတောင် သူ့ကို ကုန်းကိုက်ဖို့ရွယ်တော့ . . .

"အေးလေ. . . မင်းက လင်မယားအစစ်လို သဝန်တိုနေတော့ ငါကရော ဘာကြောင့် ထိန်းနေရမှာလဲ၊ မင်းက ငါ့





မိန်းမပဲ၊ မိန်းမကို မိန်းမလို သဘောထားတာ ဘာမှ အပြစ်မရှိဘူးမို့လား၊ ကဲ. . . ဒီလောက်တောင် ရှိလှတာကွာ"

သူ့ကို တရစပ်ကုတ်ဖဲ့နေတဲ့ လက်တွေကို ဖမ်းဆွဲရင်း သူမကိုယ်လုံး အိအိထွေးထွေးလေးကို ရင်ခွင်ထဲ သိမ်းကျုံးကာ ခပ်တင်းတင်း ဖက်ထားလိုက်တော့၏။

"အို. . . လွှတ် . . . ရှင်ဘာလုပ်တာလဲ"

"ဟောဒီလို ဖက်ထားတာလေ"

သူက ပိုမိုတင်းကြပ်အောင် တိုး၍ ဖက်ထားလိုက်သေးသည်။

သူမတစ်ကိုယ်လုံး ရှိန်းခနဲ ရှက်သွေးလျက် ကမန်းကတန်း ရုန်းဖယ် တွန်းကန်မိသည်။

သူက မလွှတ်။ မလွှတ်တဲ့အပြင် ပန်းလို မထင်မှတ်တဲ့ အပြုအမူတစ်ခုကိုပင် ပြုမူ၏။

မြန်ဆန်လွန်းသဖြင့် အငိုက်မိသွားရ၏။

အဂ္ဂကပထမတော့ စိတ်တိုတိုနှင့် အပြစ်ပေးလိုက်မိတာ။

ဒါပေမယ့် တကယ်တမ်း ထိတွေ့လိုက်တော့ ကိုယ်တိုင် အညှို့ခံရ သူလို ရုတ်တရက် ဘာဖြစ်သွားမှန်း မသိတော့။

သူ့ရင်တွေ အခုန်ကြမ်းလာသည်။ သူမ ကိုယ်လေးကို ဖြေလွှတ်ပေးလိုက်ရမှာ နှမြောသည်။

ဒီလိုပဲ ခပ်ကြာကြာ ပွေ့ဖက် ထားချင်မိသည်။

တစ်ကမ္ဘာလုံးက ပျားဝတ်မှုန်တွေ ဒီနှုတ်ခမ်းလေးမှာ စုပြုံနေလို့ ဒီလောက်ထိ ချိုမြိန်စေးကပ်စေတာလား။

သူ နားမလည်နိုင်တော့ပါ. . . ။

ကိုယ်ဘာဖြစ်သွားတာလဲ ပန်းလိုရယ်. . . ။

မင်းကို ရင်ခွင်ထဲက ထွက်မသွားစေချင်တော့ဘူး။

ပန်းလိုက ရင်တုန်ပန်းတုန် အလန့်တဖျပ်လေး သူ့ရင်ဘတ်ကို တွန်းထုတ်သည်။

စီးကရက်နံ့နှင့်အတူ ယောကျ်ားတစ် ယောက်ရဲ့ ကိုယ်နံ့လေးတစ်မျိုးမှာ သူမလည်း ရီဝေယစ်မူးသွားမိသည်။

ဒါဟာ ပန်းလိုအတွက် ပထမဦးဆုံး အတွေ့အကြုံလည်း ဖြစ်သည်။

နှုတ်ခမ်းလေးတွေ ပူနွေးထူအမ်းလာသလို ခံစားချက်နှင့်အတူ တစ်ကိုယ်လုံးမှာရှိတဲ့ သွေးလည်ပတ်မှုတွေက မြန်ဆန်စွာ စီဆင်းသွားသလို ထင်မိသည်။

ရှက်ရှက်နှင့် သူ့ရင်ခွင်ထဲက ရုန်းထွက်လိုက်ပြီးနောက် အင်္ဂမျက်နှာကို မကြည့်ရဲစွာ ဆတ်ခနဲ ကျောခိုင်းလှည့်မိ၏။

ရင်ထဲမှာ ကတုန်ကယင်ကြီးနှင့် ပြောင်းဆန်အံ့သြနေရဆဲ. . . ။





ပန်းလို မျက်နှာလေးကို သူ စိတ်တိုင်းကျ နမ်းရှိုက်လိုက်တာ မယုံချင်။

အင်္ဂလက်မောင်းတွေက နောက်ဖက်ကနေ သူမကို သိုင်းဖက်လာပြန်သည်။

"ပန်းလို . . . . စိတ်မဆိုးနဲ့နော်"

သူ့ထွက်သက်လေက ပန်းလိုဂုတ်သားလေးဆီမှာ နွေးသွားသည်။ သူ့ရဲ့အသံကလည်း မူမမှန်ချင်။

တခဏအချိန်လေးမှာပင် သူမတို့နှစ်ဦးသားရဲ့ အခြေအနေဟာ ရုတ်တရက် ပြောင်းလဲသွားခဲ့ပြီ။

နှစ်ယောက်သား အကြာကြီး တိတ်သွားသည်။

"ကိုယ် မင်းကို ချစ်နေပြီ ထင်တယ်ကွာ၊ သိလား"

ပန်းလိုက မလှုပ်မယှက်ငြိမ်ငြိမ်လေးသာ သူ့စကားကို နားထောင်နေသည်။

အခုမှ ချစ်တယ်လို့ ထင်တာတဲ့ . . .

သူ့ရဲ့ရည်းစားစကားကို ဘဝင်မကျ။ ထင်ပဲထင်ရုံလေး ရှိသေးတာတဲ့။

ပန်းလိုတစ်ကိုယ်လုံးကို ရင်ခွင်ထဲနစ်မြုပ်အောင် အားမနာတမ်း ဖက်ထားပြီးတော့မှ ပြောတဲ့စကားကို ကြည့်ဦးလေ. . . . ။

ပန်းလိုက သူ့လက်ကို ဖယ်ချသည်။

"ကိုယ်ပြောတာ ကြားရဲ့လား"

"ဟင့်အင်း"

"မင်းကို ချစ်လို့ပါ"

"မသိဘူး. . . အပိုတွေ လာမပြောနဲ့"

"ဟာကွာ"

ခပ်ဆတ်ဆတ် ရုန်းဖယ်တာမို့ သူက သိုင်းယှက်ထားတဲ့ လက်ကို ဖြေလွှတ်ပေးလိုက်သည်။

ပန်းလိုက ဖြုန်းခနဲ ကားတံခါးဖွင့်ကာ အောက်ဆင်းလိုက်သည်။ ပြီးမှ ဖရိုဖရဲဖြစ်နေမလားတွေးကာ တီရှပ်လေးကို ဆွဲချ။ ဆံပင်လေးတွေသပ်တင်နှင့် ထိုအမူအယာကိုပဲ အဂ္ဂမှာ ရင်ခုန်စွာ ငေးနေမိသည်။

"ဘယ်တွေ လျှောက်သွားမလို့လဲ"

သူမ ခြေလှမ်းစ,တော့ နောက်ကနေ အပြေးလိုက်ခဲ့ရ၏။

ပန်းလိုက မဖြေ။ သူ့ဘက်လှည့်မကြည့်. . .။

ရင်ထဲမှာ ဆောက်တည်ရာမရအောင် ဝုန်းဒိုင်းကျဲသွားရတဲ့အချိန်က ရှိနေဆဲပါ။

သူချစ်တာ တကယ်လား။





သိပ်တန်ဖိုးမထားဘဲ ခရီးကြုံ၊ လမ်းကြုံ၊ အခြေအနေပေးလို့ နီးစပ်မှုရှိနေလို့ လွယ်လွယ်လေးနဲ့ 'ချစ်တယ်' ဖြစ်သွားတာလား။

အကယ်၍ မမလရောင်သာ ပျိုရွယ်လွတ်လပ်သူဖြစ်ခဲ့ရင် ပန်းလိုကို ဒီလိုစကားပြောစရာရှိဦးမှာလား။ ဘေးကနေ သူ့ကို တိတ်တခိုးစွဲလမ်းလို့ သေလုမျှောပါးဖြစ်နေပါစေဦး သူ လှည့်ကြည့်မယ် မထင်ပါဘူး။

အခုတော့ မမလရောင်ဖက် ပစ်လို့မရတဲ့မျှားကို ရောက်တတ်ရာရာ စိတ်မပါ လက်မပါ ပစ်လွှတ်လိုက်ရတဲ့သဘောပင်။

ပန်းလို သူ့ရဲ့စိတ်ကို သိနေသည်။ သူ အလေးအနက်ထားတာ ဘယ်သူဆိုတာလဲ သိနေသည်။

အမြင်ကပ်ကပ်နှင့် ရင်ထဲ ဗလောင်ဆူနေရ၏။

ပန်းလိုဟာ သူ တကယ်မြတ်နိုးတန်ဖိုးထားရသူ ဘာကြောင့် ဖြစ်ခွင့်မရတာလဲ။ ဘယ်လိုဝဋ်ကြွေးတွေကြောင့်လဲ။ ဝမ်းနည်းနာကျင်ရတဲ့ ခံစားချက်ကို မုန်းသည်။

သူ့ကို မချစ်ဘဲလည်း မနေနိုင်။

သူ့ဆီက ချစ်ခွင့်ပန်ခြင်း မရှိခင်ကတည်းက ပန်းလိုနှလုံးသားက သူ့ဖက်ယိုင်နေခဲ့ပြီးသားပါ။ အခုမှ ဘယ်လိုဟန်ဆောင်တင်းရမလဲ။

နွေးထွေးသော လက်ဖဝါးကျယ်ပြန့်ပြန့်တစ်ခုက ပန်းလို လက်ချောင်းသွယ်သွယ်လေးတွေကို လာဆုပ်ကိုင်သည်။

ရုတ်တရက် ရင်ထဲမှာ ဖိုခနဲ နွေးသွားရသည်။

သာယာမိတာမှန်ပေမယ့် ပန်းလိုက သူ့လက်ကလေးကို ပြန်ရုန်းသည်။

အဂ္ဂက မလွှတ်ဘဲ ဖိညှစ်ဆုပ်ကိုင်ထား၏။

"ရှင် သိပ်အပိုင်မတွက်ပါနဲ့"

"ကိုယ့်ကို မင်းမုန်းနေတာလား၊ ကြည့်မရဘူးလား"

"ဟုတ်တယ်၊ အရမ်းအမြင်ကပ်တာပဲ"

"ချစ်ရော မချစ်ဘူးလား"

"ဘာလို့ချစ်ရမှာလဲ"

"မညာတတ်ရင် မညာရဘူး"

"အံမယ်"

"မင်းချစ်တာ ကိုယ်သိပါတယ်၊ အမှန်အတိုင်း ဝန်ခံလို့ ရပါတယ်၊ ရှက်စရာမှ မဟုတ်တာ"

သူက ရယ်ကျဲကျဲနှင့် မခံချင်အောင် လိုက်စနေပါသည်။

ပန်းလို သူ့လက်ထဲက ရုန်းထွက်ကာ ရှေ့ကို လှစ်ခနဲ ပြေးသည်။ သူ ချန်မနေဘဲ နောက်ကနေ ထပ်ကြပ်မကွာ ပြေး လိုက်လာသည်။ မီတာနှင့် ပုခုံးကို အတင်းလှမ်းဖက်၏။





"ရှင် ဘယ်လိုဖြစ်နေတာလဲဟင်၊ အေးအေးဆေးဆေး ကောင်းကောင်းမွန်မွန် လျှောက်ပါလား"

ဘေးလူတွေ ကြည့်နေမလားစိုးကာ ပန်းလိုက ခပ်ကြိတ်ကြိတ် ဟောက်ပါသည်။

"မိန်းမဆီက အဖြေတောင်းနေတာ"

"အောင်မယ် . . . ဘာအဖြေလဲ"

"တလွဲ မထင်ပါနဲ့ကွာ၊ ဘယ်အချိန်လောက် အိမ်ပြန် မလဲလို့ မေးတာပါ။ ပန်းလိုက ဘာကိုအဖြေပေးရမယ်လို့ ထင်နေ လို့လဲ"

"ဟင်. . . ရှင်. . . ရှင်"

ပန်းလိုမျက်နှာလေး ပန်းရောင်လွှမ်းသွားရကာ သူ့လက် ဖျံကို တအားဖိဆိတ်ပစ်လိုက်သည်။

"အား. . . အချစ်ကလေးက သိပ်စိတ်ကြီးပါလား"

သူက ပန်းလိုလက်ကလေးကို အတင်းဖမ်းချုပ် ဆုပ်ကိုင် ကာ သဘောတကျ တဟားဟား ရယ်နေပါသည်။

“ဟက်လို . . . ကြီးကြီးလား”

ပန်းလိုက ဖုန်းခွက်လေးနားမှာကပ်ရင်း ခပ်တိုးတိုး ထူးသံပေးလိုက်ရပေမယ့် ကြီးကြီးမြဖုန်းဆက်တယ်ဆိုကတည်းက ရင်ထဲ ထိတ်ခနဲခုန်ပြီး ခပ်လန့်လန့် ပြေးလာမိတာပါ။

“ကြီးကြီးတွေ ကျက်ကျက်တွေနဲ့ အိညောင်အိညောင် မလုပ်နဲ့၊ ဒီညနေပဲ ရွှေမန္တလာကားနဲ့ ငါ ရန်ကုန်ဆင်းလာမယ်၊ ကြားလား. . .”

“ရှင်”

“ညည်းအကြောင်းတွေ ငါမသိဘူး ထင်နေလား၊ မောင်လင်းထွဋ် ငါ့ကို အကုန်လုံးပြောတယ်၊ ညည်းလုပ်ပုံ ကောင်း

သလားအေ၊ ကိုယ့်မှာ ကြီးကြီးတစ်ယောက်လုံး ဒီမှာ ရှိသေးတာ ညည်းထည့်မတွက်ဘဲ ထင်ရာစိုင်းတယ်၊ လာမှ ညည်းနဲ့ငါနဲ့ တွေ့ရသေးတာပေါ့၊ ယောကျ်ားတစ်ယောက်ယူတာ ပစ်စလက်ခတ် ကောက်ယူစရာလား၊ နည်းနည်းပါးပါး တိုင်ပင်အသိပေးလို့ မရဘူးလား၊ တူမလေးတစ်ယောက်ရှိတာ ချီးမွမ်းလို့ မဆုံးသေးဘူး၊ ယောက်မမြင်းစီးထွက်လာတာပေါ့လေ၊ ငါ့မျက်နှာ အိုးမည်းသုတ်ရင်တော့ ညည်းနဲ့ငါနဲ့ အသိပဲ၊ ငါ့မှာ သူများ လှမ်းသတင်းပေးမှပဲ ညည်းအကြောင်းတွေ သိရတာ၊ မောင်လင်းထွန်းက ညည်းတို့ကို မင်္ဂလာဆောင်ပေးမှာဆို၊ ဒီလောက် အလျင်ဇလိုကြီး လုပ်စရာလားအေ"

တရစပ် မရပ်မနား ဆူပူလိုက်တာကြောင့် ပန်းလိုနားတွေပင် ထူပူလျက် မျက်နှာလေး ရှုံ့လာမိကာ. . .

"ကြီးကြီးကလည်း၊ ဖုန်းထဲမှာ လျှောက်ပြောနေတာပဲ၊ ဘေးကလူတွေ ကြားကုန်ပါ့မယ်"

"အံမယ်လေး . . . အခုမှ သူများကြားမလေး ဘာလေး ရှက်တတ်လိုက်တာ၊ သူ့ဟာသူ ယောကျ်ားယူတာကျတော့ ကောင်းတယ်၊ ငါ မပြောလိုက်ချင်ဘူး"

"ကဲပါ ကြီးကြီးရယ်၊ ဒီရောက်မှပဲ ဆူစရာရှိတာ ဆူပါ၊ အခုတော့ တိတ်ပါတော့နော်"





"တိတ်နိုင်မလား၊ ညည်းပဲ ငါ့ကို ဒေါသဖြစ်အောင်လုပ်တာ၊ ကြားရတော့ ငါဖြင့် မယုံနိုင်ဘူး၊ တကတဲ. . ."

"ကြီးကြီး . . . ကားက ဘယ်အချိန်ဝင်မှာလဲ"

"မသိဘူးအေ. . . နံနက်စောစောကျ ငါ့ကိုလာကြို ဒါပဲ"

ကြီးကြီးက ခပ်ပြတ်ပြတ်ပြောကာ ဖုန်းချသွားသည်။

မနက်ဖြန် နံနက်စောစော အောင်မင်္ဂလာအဝေးပြေးဂိတ်မှာ သွားကြိုဖို့သာပင်။

နားတွေလည်း ပူပြင်းရတော့မှာ သေချာသည်။

ကြီးကြီးတစ်ယောက် ဗျစ်တောက်ဗျစ်တောက် ပွစိပွစိ မြည်တွန်တောက်တီးနေတော့မှာ ခုကတည်းက ကြားယောင်သည်။

ညဥ့်နက်နေပြီဖြစ်ပေမယ့် ပန်းလိုက အောက်ထပ် လက်ဖက်ရည်ဆိုင်ကနေ ဖုန်းခေါ် လိုက်ပါသည်။

"ဟက်လို"

အဂ္ဂကျော်လွှမ်းရဲ့ ဟက်လိုထူးသံက ခပ်အေးအေး။

"အဂ္ဂ. . . ကျွန်မ ပြောစရာရှိလို့"

"ချစ်လေး . . ကိုယ့်ကို သတိရလို့လား၊ အခုလာခဲ့ရမလား"

"ရှင် ခုထိ နောက်တီးနောက်တောက် လုပ်နေတုန်းပဲ၊ ကျွန်မ တကယ် စိတ်ညစ်လာပြီ"

♦ ဉာဏ်ဝင်းစာပေ ♦

"ဟာ. . . ဘာတွေဖြစ်နေတာလဲ"

"မန္တလေးက ကြီးကြီးဖုန်းဆက်တယ်၊ သူ မနက်ဖြန် ရန်ကုန်ရောက်မယ်တဲ့၊ အဲဒါ ဘယ်လိုလုပ်မလဲ"

"ဘာလုပ်စရာရှိလဲ၊ ပန်းလို သွားကြိုမယ်မို့လား၊ အောင်မင်္ဂလာဂိတ်ကို ကိုယ်ပါ လိုက်ခဲ့မယ်"

"ဩော်. . အဲဒါကို ပြောနေတာမဟုတ်ဘူး၊ ကျွန်မ်တို့ကိစ္စ"

"ကြီးကြီး သိသွားပြီလား"

"သိတာပေ့ါ၊ အန်ကယ်လ်လင်း အကြောင်းကြားလိုက်ပြီ၊ ပြီးတော့ စင်ထရယ်လ်မှာလည်း ဒိတ်ယူထားပြီလို့ အန်ကယ်လ်လင်းပြောတယ်၊ အဲဒါ ဘယ်လိုလုပ်ကြမလဲဟင်၊ အစီအစဉ်တွေ လက်လွန်ကုန်မှ ပြဿနာတက်နေမယ်"

သူမရဲ့ ချစ်စဖွယ်၊ သနားစဖွယ် စိတ်ရှုပ်သံလေးကို သူ ပြုံးလျှက် နားစိုက်ထောင်နေမိ၏။

"ဘာတွေ စိတ်ပူနေတာလဲကွာ"

"အို. . . စိတ်မပူလို့ ရမလား၊ ရှင်က ယောကျ်ားလေးဆိုတော့ ပြောအားရှိတာပေ့ါ"

"ပန်းလိုရယ် . . . ကိုယ်ပြောပြီးပြီလေ၊ မင်းကို ကိုယ်ချစ်တယ်ဆိုတာ၊ မင်းကို အရမ်းချစ်တယ်၊ မယုံသေးဘူးလား၊ မင်း ကိုယ့်ကို လက်မထပ်နိုင်ဘူးလား"





"ကျွန်မတို့ တကယ်လက်ထပ်မှာ. . ."

သူမအသံလေးက မယုံမရဲ. . .

"ချစ်တဲ့သူချင်း လက်ထပ်တာ သဘာဝပဲ၊ မင်းကိုယ့်ကို ချစ်တယ်မို့လား၊ အခုတစ်ခါတည်းဖြေ. . ."

အရေးထဲ စိတ်ရှုပ်ရှုပ် မျက်နှုံးရှုံ့ထားတဲ့ ကောင်မလေးကို သူ့ချစ်သူက အဖြေတောင်းနေပါသေးသည်။

"ပြောလေကွာ"

"မသိဘူး. . . တော်ပြီ၊ ဒါပဲ. . ."

"ဟာ. . . မရဘူး၊ မင်း. . အခုပဲဖြေ၊ မဖြေရင် ကိုယ်ချက်ချင်း အိမ်ကို လာခဲ့မှာနော်"

"ညဥ့်နက်နေပြီ . . . မလာနဲ့"

"အိုကေ. . . နံနက်စောစော လာမယ်၊ ကိုယ့်ကိုချစ်တယ်လို့ပြောကွာ၊ မင်းချစ်တာ ကိုယ်သိတယ်၊ ဒါပေမယ့် ကြားချင်သေးလို့ပါကွာ. . . . နော်"

ဟွန်း. . . ရည်းစားစကားပြောတာတောင် မာရေကြောရေနဲ့ ချစ်တာသိပြီးသားတဲ့. . . သိပ်ဘဝင်မြင့်တဲ့သူ။ မျက်မုန်းကျိုးစရာကောင်းတဲ့သူ။

"သိရင် ပြီးရောပေ့ါ"

"ပြောကွာ. . . ပြောကွာ၊ မြန်မြန်ပြော"

သူက ဇွတ်တရွတ် ပူဆာသည်။ ပန်းလိုက နှုတ်ခမ်းလေး တစ်ချက် ဖိကိုက်အားယူပြီးမှ . . .

"အဂ္ဂကို ချစ်တယ်၊ ပန်းလိုဘဝမှာ အဂ္ဂတစ်ယောက်ကိုပဲ ချစ်ဖူးတယ်၊ နောင်လည်း အမြဲချစ်သွားမယ်၊ အဂ္ဂပြောသလို တစ်သက်လုံး သစ္စာရှိရှိနဲ့ ချစ်သွားမှာပါ၊ တဲ . . ကျေနပ်ပြီလား"

အဖြေပေးမယ့်ပေးတော့လည်း ချစ်တယ်ဆိုတဲ့ စကား တွေက ထပ်တလဲလဲ အခါခါ ပါလာသည်။

အဂ္ဂကျော်လွှမ်းရဲ့နားထဲမှာ တစ်သက်မမေ့နိုင်အောင် ချိုမြိန်လွန်းစွာ စိမ့်ခနဲ ငြိမ့်ခနဲ တိုးဝင်လိုက်ခါသွားရ၏။



နှုတ်ဆက်အနမ်းလေးနှင့် ဖုန်းခွက်ကို အသာလေး ပြန် ချထားလိုက်ချိန်မှာပဲ ဖုန်းက တူခနဲ ပြန်မြည်လာပြန်သည်။

ပန်းလိုပဲလားဟု နံပါတ်ကိုကြည့်လိုက်တော့ သူ မျက်ခုံး ပင့်သွားရ၏။

"ဟက်လို"

"မမလရောင်ပါ"

"ဟုတ်ကဲ့ . . . ပြောပါ မမ"

အဂ္ဂကျော်လွှမ်းအသံလေးက တည်ငြိမ်အေးချမ်းနေ၏။

"မင်္ဂလာပြီးပြီလား၊ ပန်းလိုရဲ့ကြီးကြီးမြ မနက်ဖြန် ဒီကို ရောက်လာတော့မယ်"

"ကျွန်တော် သိပြီးပါပြီ"

"မင်္ဂလာဆောင်ကိစ္စနဲ့လာမှာ၊ အဲဒီတော့ မင်းဘယ်လိုဖြစ်စေချင်လဲ၊ မမကိုယ်တိုင် ကိုယ့်အပြစ်ကိုယ်ဝန်ခံရမလားဟင်၊ မမကြိုးစားနေတယ်၊ ကိုကြီးကို အမှန်အတိုင်း ဖွင့်ပြောလိုက်တော့မယ်၊ မမရဲ့အမှားတွေအတွက် ဒူးထောက်တောင်းပန်မယ်၊ မင်းရဲ့မေမေနဲ့ ပန်းလိုရဲ့ကြီးကြီးကိုလည်း မမလုပ်ထားတဲ့ ကိစ္စတွေအားလုံး ဖွင့်ပြောပြီး ခွင့်လွှတ်ဖို့တောင်းပန်ကြည့်မယ်၊ အချိန်မလွန်ခင် တို့အားလုံး ပြောလိုက်မှ ဖြစ်တော့မယ်"

အဂ္ဂဖက်က တခဏ ငြိမ်နားထောင်နေသည်။

ပြီးမှ သက်ပြင်းတချနှင့် . . .

"မပြောပါနဲ့တော့ မမရယ်၊ ဒီအတိုင်းပဲ ထားလိုက်ပါ"

"ဟင် . . . အဂ္ဂ ဘယ်လို ပြောတယ်"

"ကျွန်တော် ပန်းလိုကို တကယ်လက်ထပ်မှာပါ၊ သူ့ကို ကျွန်တော် ချစ်မိသွားပြီ၊ သူလည်း ကျွန်တော့်ကို ချစ်တယ်၊ စိတ်ချပါ မမ၊ ဒီကိစ္စမှာ မမပယောဂမပါလည်း ကျွန်တော် သူ့ကိုပဲ ယူမှာပါ၊ စင်ထရယ်လ်မှာ စီစဉ်ထားတဲ့ မင်္ဂလာပွဲကို အန်ကယ်လ်လင်း သဘောမတူရင်တောင် ကျွန်တော့်ဘာသာ ဆက်လုပ်မှာပါ သူ့ကို လက်ထပ်ယူမှာ အခြေအနေကြောင့်လည်း မဟုတ်ဘူး၊ ဘယ်သူ့ရဲ့ တိုက်တွန်းနားချမှုကြောင့်မှလည်း မဟုတ်ဘူး၊





ကျွန်တော့်ရင်ဘတ်ထဲက သူ့ကို စစ်စစ်မှန်မှန် ချစ်သွားလို့ပါ၊ တကယ် ရင်ထဲက ချစ်သွားရင် ဘာမှမလိုအပ်ဘူးဆိုတာလည်း ကျွန်တော် သိသွားပြီ၊ ကျွန်တော့်တစ်သက်မှာ ကျွန်တော်အချစ်ဆုံးမိန်းမက ပန်းလိုမွေးတစ်ယောက်ထဲပါ၊ အဲဒါကို သေချာယုံလိုက်ပါ မမလရောင် . . ."

"ဝမ်းသာပါတယ် မောင်လေး၊ အခုလို ကြားရတာ မမ သိပ်ပျော်ပါတယ်"

လရောင်ဖြူက တလှိုက်တလှဲ တုန်တုန်ရီရီလေး ပြန်ပြောလိုက်၏။

လရောင် တကယ်ပျော်တယ်ဆိုတာလည်း မင်းဖက်က ယုံကြည်ပေးပါ မောင်လေးရယ် . . .။

မမ ကျေနပ်ပါတယ်။

ဆုလေးနွယ်